# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၃ ရက် တနင်္လာနေ့။ Monday, 26 June 2017 (၈၉၆၇)


# နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိ

## အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဖြစ်ရပ်များကို Graphic Board များဖြင့် ပြသရန်စီစဉ်ထားရှိ



အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မော်ကွန်းကျောက်စာတိုင်ကို ဒုတိယသမ္မတ ဦးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် ဇွန် ၂၅**

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ ရောက်ရှိပြီး နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုး၊ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များက အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ဗိမာန်အတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း ဖြစ်ရပ်များကို Graphic Board များဖြင့် ပြသရန်စီစဉ်ထားရှိမှု၊ အာဇာနည်ဗိမာန် အဆင်းလှေကားကို တိုးချဲ့ပြင်ဆင်မွမ်းမံထားရှိမှုနှင့် အာဇာနည်ဗိမာန် ပရဝဏ်အတွင်း ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြသရာ ဒုတိယသမ္မတက လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်ရှိပြီး နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားအတွက် ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တုပြသထားရှိမှု၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများပြသရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**


## ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇွန် ၂၅

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ (ကြေးမုံ)

# ၁၉၉၅ ခုနှစ်ထုတ်အောက် ဘတ်စ်ကားများ

## YBS ယာဉ်လိုင်းများတွင် ဇွန်လကုန်အထိသာ ပြေးဆွဲခွင့်ပြုမည်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြို့၌ ပြေးဆွဲနေသည့်ခရီးသည်တင်ယာဉ်များတွင် ၁၉၉၅ မော်ဒယ်နှင့်အောက် အိုဟောင်းဘတ်စ်ကားများကို ယခုလ ၂၀ ရက် နောက်ဆုံးထား၍ အပ်နှံခွင့်ပြုထားပြီးနောက် ယင်းအိုဟောင်းဘတ်စ်ကားများကို ဇွန်လကုန်အထိသာ ဆက်လက်ပြေးဆွဲခွင့်ပြုထားကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

YBS ယာဉ်လိုင်းများတွင် ယာဉ်အိုယာဉ်ဟောင်းများကို အပ်နှံခွင့်ပြုထားပြီး လူစီးယာဉ်စလစ်ပြန်လည်ထုတ်ပေးလျက်ရှိရာ ၁၉၉၅ မော်ဒယ်နှင့်အောက် အိုဟောင်းယာဉ်များကို ယခုလ ၂၀ ရက်နောက်ဆုံးထားကာ အပ်နှံရမည်ဟု ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး စာရင်းပေးအပ်နှံခဲ့သော ယာဉ်များကို ဇွန်လကုန်အထိ ပြေးဆွဲခွင့်ပြုထားခြင်းဖြစ်သည်။

"အပ်နှံယာဉ်တွေကို ဇွန်လကုန်အထိ ပြေးဆွဲခွင့်တော့ပြုထားပါတယ်။ ဇွန်လကုန်တာနဲ့ အဲဒီကားတွေအားလုံး ပြေးဆွဲခွင့်မရှိတော့ပါဘူး။ ဝယ်ယူထားတဲ့ ကားသစ်တွေနဲ့ အစားထိုးပြေးဆွဲပေးသွားမှာဖြစ်ပြီး အခုလမ်းကြောင်းတွေ ရေးဆွဲဆောင်ရွက်နေပါတယ်" ဟု ဒေါက်တာမောင်အောင်က ပြောသည်။

သက်တမ်း နှစ်(၂၀)နှင့်အထက် အိုဟောင်းဘတ်စ်ကားများအား အစားထိုးလဲလှယ်သည့်အစီအစဉ်အရ ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများအား အပ်နှံ၍ လူစီးယာဉ်စလစ် ထုတ်ပေးခြင်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်လက်ခံဆောင်ရွက်ပေးခဲ့ပြီး ဇွန် ၂၀ ရက်တွင် အဆိုပါယာဉ်များကို နောက်ဆုံးထားအပ်နှံရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။ ယင်းအား လိုက်နာခြင်းမရှိပါက လုပ်ငန်းလိုင်စင်သိမ်းကာ လူစီးစလစ်ထုတ်ပေးခြင်းကို ပယ်ဖျက်သွားမည်ဟု မေ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်ခဲ့သည့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် YBS ယာဉ်လိုင်းများ အစည်းအဝေးတွင် ဝန်ကြီးကညွှန်ကြားခဲ့ခြင်းဖြစ်သည်။

စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ဘတ်စ်ကားစီးရေမှာမူလစာရင်းအရ


**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**





ကြေးမုံ

# အမြစ်ပါမကျန်တိုက်ဖျက်ကြရမည်

ယနေ့သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ဇွန်လ ၂၆ ရက်နေ့သို့ ကျရောက်တိုင်း ကမ္ဘာ့နိုင်ငံများအားလုံးလိုလို မူးယစ်ဆေးဝါးများဖျက်ဆီးခြင်း၊ ဟန့်တားရှုတ်ချခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ကြသည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကြောက်မက်ဖွယ်ကောင်းပုံကို လူသားမျိုးနွယ်တစ်ရပ်လုံးအား လူညွှန့်တုံးစေမည့် ပစ္စည်းအဖြစ် ညွှန်းဆိုထားသည်။ အဆိုပါမူးယစ်ဆေးဝါးများကို နိုင်ငံတိုင်းနိုင်ငံတိုင်း အပြင်းအထန်တိုက်ဖျက်ကြသည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်ဒဏ်များကိုလည်း ကြီးကြီးမားမားပေးထားသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကိုလိုနီလက်ထက်က ဆိုးမွေဟုဆိုထားသည်။ မူးယစ်ဆေးဝါး၏ဇာစ်မြစ်များမှာ လွတ်လပ်ရေးရရှိပြီးကတည်းက နယ်စပ်ဒေသ၊ အထူးသဖြင့် ရွှေတြိဂံဒေသတွင် အမြစ်တွယ်လာခဲ့သည်။ နိုင်ငံတော်က မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးရန်သူအဖြစ်သတ်မှတ်ကာ စစ်ဆင်ရေးအသွင်အမျိုးမျိုးဆင်နွှဲ၍ တိုက်ဖျက်ခဲ့ကြသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မိုးဟိန်း၊ တောင်ထိပ်ပန်း၊ အောင်မိုးဟိန်း၊ ငရဲပန်း၊ တောင်ရန်ရှင်း စသည်ဖြင့် အကြီးစားစစ်ဆင်ရေးများဆောင်ရွက်ခဲ့သလို ကောက်ရိုး၊ မဲလုံး၊ နှင်းပန်း၊ ဇင်န၊ မိုးကြိုး၊ ဖရဲသီး စသည်ဖြင့် ဒေသန္တရစစ်ဆင်ရေးများကိုလည်း အဆက်မပြတ်ဆင်နွှဲခဲ့သည်။

၁၉၉၉ ခုနှစ်မှစတင်ပြီး မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးအတွက် မဟာဗျူဟာ နှစ်ရပ်နှင့် နည်းဗျူဟာ သုံးရပ် ချမှတ်ကာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် ပြန်လည်ထူထောင်ရေး၊ အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေး၊ ရှာဖွေဖမ်းဆီးရေးတို့ကို အဖွဲ့အစည်းပေါင်းစုံပူးပေါင်းကာ အလေးထားဆောင်ရွက်ခဲ့ကြသည်။ ထိုသို့တားဆီးတိုက်ဖျက်ကြသောကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်၊ ရောင်းဝယ်၊ သုံးစွဲမှုများမှာ တစ်စတစ်စလျော့ကျသွားရမည်ဖြစ်သော်လည်း တစ်စတစ်စတိုးလာသည်ကို ဆင်ခြင်သုံးသပ်ကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးများကို ထုတ်လုပ်သူများရှိ၍ ရောင်းဝယ်ဖောက်ကားသူများရှိသည်။ ရောင်းဝယ်ဖောက်ကားသူများရှိ၍ သုံးစွဲသူများရှိသည်။ တစ်ချိန်က ဘိန်းဖြူဟုလူသိများသော မူးယစ်ဆေးဝါးကို အလွယ်တကူသုံးစွဲနိုင်ရန်အတွက် ဆေးပြားအသွင်ထုတ်လုပ်လာကြသည်။ မူးယစ်ဆေးဝါးသည် စိတ်ခံစားမှုပြင်းထန်ပြီး ငွေရလွယ်ကူသောကြောင့် လူ့ဘောင်လောကတွင် ဆက်လက်ရှင်သန်နေသည်ဟု ဆိုချင်ဆိုကြသည်။ မည်သို့ပင်ဖြစ်စေ မူးယစ်ဆေးဝါးကို အမြစ်ပြတ်တိုက်ဖျက်ချေမှုန်းကြရမည်မှာ အမျိုးသားရေးတာဝန်ဖြစ်သည်။

မူးယစ်ဆေးဝါးကို များသောအားဖြင့် လူငယ်လူရွယ်များသုံးစွဲကြသည်။ မူးယစ်ဆေးဝါးသည် အကြောက်အလန့်နည်းသော၊ စူးစမ်းချင်သော၊ တက်ကြွလိုသော လူငယ်လူရွယ်များနယ်ပယ်သို့ စီးဆင်းလေ့ရှိသည်။ မူးယစ်ဆေးဝါးသည် လူငယ်လူရွယ်များ၏ဘဝနှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းလောကကို နင်းချေဖျက်ဆီးပစ်နိုင်သည်။ လူငယ်လူရွယ်များပျက်စီးလျှင်၊ လူမှုအသိုင်းအဝိုင်းဖျက်ဆီးခံရလျှင် ထိုနိုင်ငံ၏အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။ လတ်တလောတွင် နယ်မြေဒေသအချို့၌ ဒုစရိုက်မှုများဖြစ်ပွားခဲ့ရာတွင် လုပ်ဖူးကိုင်ဖူးခြင်းမရှိသည့် လူငယ်လူရွယ်များလည်း ပါဝင်လာသည်ကိုတွေ့ရသည်။ ၎င်းတို့အနေဖြင့် ငွေကြေးရလိုခြင်းထက် လုပ်ရဲကိုင်ရဲသည့် မူးယစ်ဆေးဝါးကဲ့သို့ တွန်းအားများရှိနေသောကြောင့်ဟု ဆိုနိုင်သည်။

ယခုအခါ မူးယစ်ဆေးဝါးများမှာ မြို့၊ ရွာ၊ ရပ်ကွက်များအထိ စိမ့်ဝင်ထိုးဖောက်ရောက်ရှိနေသည်ကို တွေ့ရသည်။ လူငယ်လူရွယ်များအတွက် အန္တရာယ်ကြီးမားလှသည်။ ရပ်ရွာများတွင် လူငယ်လူရွယ်များအတွက် မူးယစ်အနွယ်ဝင် အရက်သေစာများ ပြောင်ပြောင်တင်းတင်း ပေါပေါများများ ရောင်းချနေကြသည်ကို စိုးရိမ်ရသလို ထို့ထက်အန္တရာယ်ကြီးမားသည့် မူးယစ်ဆေးဝါးပျံ့နှံ့မှုကိုလည်း ထိတ်လန့်ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးနှင့်အနွယ်ဝင်များ လူ့ဘောင်လောကအတွင်းသို့ အလွယ်တကူရောက်ရှိလာမှုများကို အပြင်းအထန်တားဆီးကြရမည်ဖြစ်သည်။ ထိုသို့တားဆီးနိုင်ရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။ ။

## တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၂၅**

တရားရုံး အသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် စီမံကိန်း၏ တတိယနှစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်ဟူသည့် မဟာဗျူဟာရည်မှန်းချက် အောင်မြင်နိုင်ရေးအတွက် တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ တရားရေးအရာရှိများနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ကြသည့် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇွန်၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

## ကင်မွန်းချောင်းကျေးရွာတွင် အသိပညာပေးဟောပြော

**ကျိုက်ထို ဇွန် ၂၅**

ကျိုက်ထိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက် နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ခဲ့သည်။



ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်စောယုဝေက အကြမ်းဖက်ခံရမှုမရှိရေး၊ ကင်မွန်းချောင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်သူရက လူကုန်ကူးမှုမရှိစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျိုက်ထိုတပ်စိတ်မှ ရဲတပ်ကြပ်ကြီးထွန်းအေးသိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ကင်မွန်းချောင်းကျန်းမာရေးမှူး ဦးမြင့်မောင်မောင်က တီဘီရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများကို ဟောပြောခဲ့ကြသည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ပြီး ကျိုက်ထိုမြို့နယ် ပြန်/ဆက်ဦးစီးဌာနက နံရံကပ်ပြဘုတ်များနှင့် စာအုပ်စာစောင်များကို ပြသပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**





## မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ပခုက္ကူ ဇွန် ၂၅**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့နံနက် ၆ နာရီမှ စတင်ကာ ပခုက္ကူမြို့ပေါ်ရှိ မြို့မဈေး၊ ကားကြီးကွင်းနှင့် လက်ဖက်ရည်ဆိုင်များ၌ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလက်ကမ်းစာစောင်တွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူ လူငယ်များ သိရှိလိုက်နာသင့်သည့် အချက်များ၊ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲခြင်း၏ဆိုးကျိုးများ၊ လူငယ်လူရွယ်များ ဆေးသုံးစွဲရာမှ စွဲစေတတ်သည့်ဆေးဝါးများ၊ စိတ်ကြွဆေး အမျိုးအမည်များ၊ ဆေးတစ်ရှိုက်သည် အလွယ်ကလေး ဘေးခိုက်သည်၊ အရွယ်မရွေး၊ လူသားအားလုံး၏ အန္တရာယ်ဝိုင်းဝန်းကာကွယ်၊ မူးယစ်ဆေးသုံး လူညွှန့်တုံး ဆုံးရှုံးဘဝ ကာကွယ်ကြ စသည့်ဆောင်းပါးများ၊ အချက်အလက်များပါဝင်ပြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေနှင့် ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(ဆလိုင်းကိုကီး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅




နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားအတွက် ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး)သို့ သွားရောက်ပြီး လွတ်လပ်ရေးရသည့်နေ့တွင် ယူနီယံဂျက်အလံကို ဖြုတ်ချ၍ မြန်မာနိုင်ငံတော်အလံကို ပြန်လည်လွှင့်တင်သည့်အလံတိုင်နေရာ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မော်ကွန်းကျောက်စာတိုင်နှင့်အဆိုပါကျောက်စာတိုင်ရှေ့ မြက်ခင်းပြင်၌ နှစ်(၇၀)ပြည့်အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်သို့လွှင့်ထူမည့်အစီအစဉ်၊ တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပရာနေရာ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးရာ အစည်းအဝေးခန်းမ ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှမ်း(မြောက်)ဒေသရှိ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ ဝန်ကြီးဌာန၏ ဆောင်ရွက်ပေးမှုများရှင်းလင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ လားရှိုးမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် တိုင်းရင်းသားဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာပြီး ယုံကြည်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာပါကြောင်း၊ လူ့ဂုဏ်သိက္ခာနှင့်ပြည့်စုံသော လူမှုအသိုက်အဝန်းနှင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်သော လူ့အသိုင်းအဝိုင်းတစ်ရပ်ဖြစ်ပေါ်လာစေရေးကို ရှေးရှု၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားပြည်သူများနှင့် နီးစပ်မှုရှိမှသာ လိုအပ်ချက်များကို ဖော်ထုတ်အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်ကြောင်း၊ လူသားတိုင်း ဒီမိုကရေစီစံနှုန်းနှင့်ညီသော လူ့အခွင့်အရေးကို ရရှိနိုင်ရန် မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများဖြင့် ကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်းပေးပြီး လားရှိုးမြို့နယ် လူမှုကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်ဝယ်ယူရန်အတွက် မတည်ငွေကျပ်သိန်း ၃၀၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် ၂၄ သိန်းနှင့် လတ်တလောဖြစ်စဉ်များကြောင့် ထိခိုက်ခဲ့သော ဆေးရုံတက်လူနာတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဆင်းရွှေလီ ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဘိုးဘွားများအတွက် အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်း(လားရှိုး) သို့ ရောက်ရှိပြီး သင်တန်းသားများနှင့် ထူးချွန်လူငယ်များကို တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# မြစိမ်းရောင် ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် ဇွန် ၂၅**

သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အနင်းကျေးရွာအုပ်စု အောက်ငှက်ပျောတောကျေးရွာ၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် ငွေစာရင်းပုံစံများပြုစုထိန်းသိမ်းထားရှိမှုများကို ဇွန်လ တတိယပတ်က မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်**

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃-က တွင် -

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်။

(၁) Notwithstanding anything contained in any other laws, in the case of instruments (conveyance, gift and mortgage-deed) affecting immovable property situated wheresoever in the whole of the Republic of the Union of Myanmar, stamp duties charged by Articles 23, 33 and 40 (a) respectively of Schedule (I) annexed to this Act shall be increased by an additional stamp duty of 2 per centum for a consideration equal to the market-value of the property so situated.

(၂) ပုဒ်မခွဲ (၂) တွင်ပါရှိသော “The Ministry of Finance of the Union Government” ဆိုသည့် စကားရပ်ကို “The Ministry of Planning and Finance of the Union Government” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “to the Township Development Funds” ဆိုသည့် စကားရပ်ကို “to the respective Region or State Government” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ခ)တို့တွင်ပါရှိသော "ten times" ဆိုသည့် စကားရပ်ကို "three times" ဟု အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၁ တွင်ပါရှိသော အမှတ်စဉ် (၁၅) ရှိ "one and a half per centum" ဆိုသည့် စကားရပ်ကို "0.5 per centum" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အမှတ်စဉ်(၂၃)ရှိ "Three per centum" ဆိုသည့် စကားရပ်ကို "Two per centum" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၃၅)(ဂ) ရှိ "kyat 600" ဆိုသည့် စကားရပ်ကို "kyat 300" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၆၂) ရှိ "0.3 per centum" ဆိုသည့် စကားရပ် ကို "0.1 per centum" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

**✻ ၁၉၉၅ ခုနှစ်မှ**

အစီး ၇၀၀၀ ကျော်ခန့်ရှိသော်လည်း နေ့စဉ်အမှန်တကယ် ပြေးဆွဲခဲ့သည့်ယာဉ်မှာအစီး ၃၈၀၀ ခန့်သာရှိသည်ဟု သိရသည်။ အဆိုပါစာရင်းတွင် နှစ် ၂၀ ကျော် အိုဟောင်းစီးတီးဘတ်စ်ယာဉ်များအပါအဝင် မီနီဘတ်စ်အရေအတွက် ၁၇၀၀ ခန့်၊ ဒိုင်နာ၊ ဘီအမ်ယာဉ်များအပါအဝင် အစီး ၃၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ လက်ရှိအစိုးရက ဝယ်ယူထားသော ဘတ်စ်ကားသစ်အစီး ၁၀၀၀၊ ပုဂ္ဂလိကကုမ္ပဏီတို့မှ ဝယ်ယူထားသော ဘတ်စ်ကားသစ်အစီး ၁၆၀၀ ခန့် စုစုပေါင်းအစီး၂၆၀၀ ခန့် ယခုလအတွင်း အပြည့်အဝရရှိမည်ဖြစ်ရာ အပ်နှံယာဉ်အဟောင်းများနေရာတွင် ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

**(ဆုနှင်းလှဲ့)**

# မျိုးစေ့မြေဩဇာပိုးသတ်ဆေးဥပဒေများ ထပ်ဆင့်ရှင်းလင်း

**သီပေါ ဇွန် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ မျိုးစေ့မြေဩဇာပိုးသတ်ဆေးဥပဒေများအား တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ထပ်ဆင့်ရှင်းလင်းခြင်းကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီတွင် ခရိုင်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အမှာစကားပြောကြားပြီး ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်စိမ်းနုဝေနှင့် မြေမျိုးပိုးတာဝန်ခံများက ဥပဒေ၊ နည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ပိုးသတ်ဆေးဥပဒေများဆိုင်ရာ ရှင်းလင်းပွဲသို့ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ အရောင်းဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်း ၁၀၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပါကစ္စတန်အရှေ့ပိုင်း၌ ရေနံတင်ယာဉ် ပေါက်ကွဲမီးလောင်၊ ဒေသခံရွာသူရွာသား ၁၄၆ ဦးထက်မနည်း သေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၂၅**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ဘာဟာဝါပူရ်မြို့ ဆင်ခြေဖုံးဒေသရှိ အဝေးပြေးလမ်းပေါ်၌ ဇွန် ၂၅ ရက်က စက်သုံးဆီ တင်ဆောင်လာသော ရေနံတင်ယာဉ်တစ်စီး ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ လူပေါင်း ၁၄၆ ဦးထက်မနည်း သေဆုံးရပြီး ၁၃၀ ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဇွန် ၂၅ ရက် နံနက်ပိုင်းက ရေနံတင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းယာဉ်ပေါ် တင်ဆောင်လာသော စက်သုံးဆီကိုရယူရန် ဒေသခံ ရွာသူရွာသားများ စုဝေးရောက်ရှိလာခဲ့ကြပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ဝိုင်းအုံရောက်ရှိနေသူများ မီးလောင်ဒဏ်ရာရရှိကာ သေဆုံး၊ ဒဏ်ရာရသူများပြားရခြင်းဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆူလေမန်ဆူဖီက ပြောကြားသည်။

ဒဏ်ရာရသူများအနက် လူ ၄၀ ကို ဘာဟာဝါပူရ်မြို့ရှိ ဝိတိုရိယဆေးရုံ၌ ဆေးဝါးကုသပေးလျက်ရှိပြီး ၎င်းတို့မှာ ခန္ဓာကိုယ်၏ ၇၀ ရာခိုင်နှုန်း မီးလောင်ဒဏ်ရာရရှိထားသူများဖြစ်ကြောင်း၊ ၁၅ ဦးထက်မနည်းမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း ဒေါက်တာဖာကာက ပြောကြားသည်။

ပါကစ္စတန်ကြည်းတပ်မှ စစ်ရဟတ်ယာဉ်များက ဒဏ်ရာရရှိသူများကို ဒေသဆိုင်ရာ ဆေးရုံများနှင့် အရေးပေါ်ဆေးဝါးကုသရေးဌာနများသို့ ပို့ဆောင်ပေးခဲ့သည်။

တိမ်းမှောက်သွားသော ရေနံတင်ယာဉ်မှ ယိုစိမ့်လာသောစက်သုံးဆီကို ခပ်ယူနိုင်ရန် ရေနံတင်ယာဉ်အနီးအပါးသို့ လူအများအပြေးအလွှား ရောက်ရှိလာခဲ့ကြကြောင်း၊ စုပြုံရောက်ရှိလာသောလူအုပ်အတွင်း လူတစ်ဦးက စီးကရက်တစ်လိပ်ကို မီးညှိရာမှ ပေါက်ကွဲမှုဖြစ်ပွားရသည်ဟု ယူဆရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိမြို့မှ လာဟိုးမြို့သို့ ရေနံတင်ယာဉ်မောင်းနှင်လာချိန်တွင် ဘာဟာဝါပူရ်မြို့အနီး၌ မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

စက်သုံးဆီယိုဖိတ်မှုဖြစ်ပွားကြောင်း ဒေသခံဗလီဝတ်ကျောင်းတစ်ခု၏ လော်စပီကာဖြင့် ဒေသခံရွာသူ ရွာသားများကို နှိုးဆော်မှုပြုလုပ်ခဲ့ပြီးနောက် ရေနံတင်ကားတိမ်းမှောက်သည့်နေရာသို့ ရွာသူရွာသားများ အစုအဝေးအလိုက် အပြေးအလွှား သွားရောက်ခဲ့ကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



မတော်တဆမှုဖြစ်ပွားရာနေရာသို့ ရောက်ရှိလာသည့် ရွာသူ ရွာသားများ၏ မော်တော်ဆိုင်ကယ် အစီး ၃၀ ခန့်မှာလည်း မီးလောင်ပျက်စီးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

**ရိုက်တာ။**




၂၀၁၉ ခုနှစ်အတွင်း ရုရှားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့မည့် KA-226T ရဟတ်ယာဉ်ကို တွေ့ရစဉ်။

# ဒုံးကျည်နှင့် နျူအစီအစဉ်များ မြောက်ကိုရီးယားအဆုံးသတ်ရန် ကိုရီးယားစစ်ပွဲနှစ်ပတ်လည်နေ့တွင် တောင်ကိုရီးယား တိုက်တွန်း

**ဆိုးလ် ဇွန် ၂၅**

ဒုံးကျည်နှင့် နျူကလီးယားနည်းပညာဖွံ့ဖြိုးရေးအစီအစဉ်များအား အကောင်အထည်ဖော်နေမှုကို အဆုံးသတ်ပါရန် ကိုရီးယားစစ်ပွဲ စတင်ခဲ့မှု နှစ်ပတ်လည်နေ့တွင် တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်ခြင်းကဲ့သို့သော ရန်စလှုံ့ဆော်သည့် စစ်ရေးလှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း တောင်ကိုရီးယား ဝန်ကြီးချုပ် လီနက်ယွန်က မြို့တော်ဆိုးလ်၌ ကျင်းပသည့် ကိုရီးယားစစ်ပွဲ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များကို အာခံသည့်အနေဖြင့် ဆဋ္ဌမအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုတစ်ရပ်ကိုလည်းကောင်း၊ ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုများကိုလည်းကောင်း ထပ်မံပြုလုပ်ဦးမည်ဆိုသော စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေချိန်အတွင်း ၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲစတင်ဖြစ်ပွားမှု နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ဆိုးလ်တွင် ပြုလုပ်ခဲ့သည်။

နျူကလီးယားလက်နက်ကင်းမဲ့သော ကိုရီးယားကျွန်းဆွယ်အဖြစ် ရပ်တည်လာနိုင်စေရေးအတွက် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားနှင့် ဒုံးကျည်များစမ်းသပ်မှုကို ရပ်ဆိုင်းပေးရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

၁၉၅၀ ပြည့်နှစ် ဇွန် ၂၅ ရက်တွင် ကိုရီးယားစစ်ပွဲ စတင်ခဲ့သည်။ မြောက်ကိုရီးယားတပ်ဖွဲ့များသည် မြောက်လတ္တီတွဒ် ၃၈ ဒီဂရီမျဉ်းပြိုင်ကို ဖြတ်ကျော်ကာ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှ စစ်ပွဲစတင်ခဲ့သည်။ စစ်ပွဲကြီးအတွင်း အမေရိကန်ဦးဆောင်သော ကုလသမဂ္ဂတပ်ဖွဲ့များက တရုတ်နှင့်ဆိုဗီယက် ထောက်ခံသော မြောက်ကိုရီးယားတပ်ဖွဲ့နှင့် တိုက်ခိုက်ခဲ့ကြပြီး ၁၉၅၃ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲခဲ့ကြသည်။

**ရိုက်တာ။**

# စစ်ဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ဖက်စပ်ထုတ်လုပ်ရေး ရုရှားနည်းပညာကုမ္ပဏီများကို အိန္ဒိယဖိတ်ခေါ်

**မော်စကို ဇွန် ၂၅**

အိန္ဒိယကုမ္ပဏီများအား နည်းပညာလွှဲပြောင်းပေးအပ်ရေးနှင့် စစ်ဘက်သုံးစက်မှုထုတ်ကုန်ပစ္စည်းများ ပူးတွဲထုတ်လုပ်ရေးတို့ ပြုလုပ်နိုင်စေရန် ရုရှားကုမ္ပဏီများက အဆိုပြုလွှာများတင်သွင်းရန် အိန္ဒိယကာကွယ်ရေးဝန်ကြီး အာရွန်းဂျိတ်လီက ဖိတ်ခေါ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ မြို့တော် မော်စကို၌ ကျင်းပသည့် တက္ကနိုပရွမ်-၂၀၁၇ ဟု အမည်ပေးထားသော နှီးနှောဖလှယ်ပွဲတွင် အိန္ဒိယကာကွယ်ရေးဝန်ကြီးက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ကာကွယ်ရေးနည်းပညာလုပ်ငန်းကုမ္ပဏီကြီးများသည် အိန္ဒိယနိုင်ငံ၌ လုပ်ငန်းအတွေ့အကြုံများစွာ ရရှိထားကြပြီးဖြစ်ကြောင်း၊ အိန္ဒိယကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများအကြား ဖက်စပ်လုပ်ငန်းများထူထောင်ရေးကို အလေးပေးရန် မိမိတို့အစိုးရအဖွဲ့က မူဝါဒရေးရာ ပြောင်းလဲမှုများ ပြုလုပ်ထားပြီးဖြစ်ရာ ရုရှားကာကွယ်ရေး နည်းပညာကုမ္ပဏီများအနေဖြင့် အိန္ဒိယကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းများထူထောင်ရန် ဖိတ်ခေါ်ကြောင်း ဝန်ကြီးဂျိတ်လီက ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီး ဂျိတ်လီသည် ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ ရုရှားနိုင်ငံ၌ ရှိနေခဲ့သည်။ အိန္ဒိယနိုင်ငံ၌ ဂျက်တိုက်လေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် တိုက်ပွဲဝင်သံချပ်ကာကားများကဲ့သို့ စစ်ဘက်သုံးယာဉ်များ ထုတ်လုပ်နိုင်ရေးအတွက် ရုရှားနှင့်အိန္ဒိယကုမ္ပဏီများ အစုစပ်ပြုလျက် ဖက်စပ်လုပ်ငန်းများထူထောင်ရန် ၎င်းက တိုက်တွန်းသည်။

**ပီတီအိုင်။**

# ဂျပန်နိုင်ငံအလယ်ပိုင်း၌ အင်အား ၅ ဒသမ ၆ ပြင်းအားရှိ ငလျင်လှုပ်ခတ်

**ကျိုတို ဇွန် ၂၅**

ဇွန် ၂၅ ရက် နံနက် ၇ နာရီတွင် ဂျပန်နိုင်ငံအလယ်ပိုင်း၌ ပြင်းအား ၅ ဒသမ ၆ ရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါငလျင်သည် နာဂါနိုစီရင်စုအလယ်ပိုင်းသို့ ဦးတည်လှုပ်ခတ်ခဲ့ပြီး ပြင်းအား ၅ ဒသမ ၆ ရစ်ချ်တာစကေးရှိကြောင်း ဂျပန်မိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေသတင်းအဖွဲ့၏ ရိုက်ကူးထားသော ဗီဒီယိုဖိုင်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ကီဆိုမြို့ရှိ ယာဉ်တစ်စီး၏ပြတင်းတံခါးမှန်များ အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်သွားသည်ကို တွေ့ရသည်။

နာဂါနိုစီရင်စုရှိ ရဲဌာနချုပ်များက ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိသူများ၏ သတင်းပို့ချက်များကို ရရှိကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ ထို့ပြင် လျှပ်စစ်မီးပြတ်တောက်မှု၊ ရေပေးဝေရေးပြတ်လပ်မှုနှင့် အိမ်ခေါင်မိုးပေါ်ရှိ သွပ်ပြားများ ထိခိုက်ပျက်စီးမှုစသည့် သတင်းပို့ချက်များလည်း ရရှိကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ကင်ဆိုင် လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီက တာကာဟာမာနျူကလီးယားစက်ရုံရှိ ဓာတ်ပေါင်းဖိုနှစ်ခုသည် ပုံမှန်လည်ပတ်လျက်ရှိသည်ဟု အတည်ပြုပြောကြားခဲ့သည်။

အခြားသောနျူကလီးယားစက်ရုံများကလည်း ငလျင်လှုပ်ခတ်မှုကြောင့် ဓာတ်ပေါင်းဖိုများ ထိခိုက်မှုမရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်တဲ့အခါမှာ ခေါင်းဆောင်တွေကနေစပြီး မရှိမဖြစ်လိုအပ်တဲ့ ယုံကြည်မှုတည်ဆောက်ရေးကို လုပ်ဆောင်ဖို့လိုပါတယ်

## မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း

ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး



ဇွန်လ ၂၄ ရက်ထုတ် The Global New Light Of Myanmar သတင်းစာတွင်ပါရှိသော မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး Mr. Daniel Zonshine နှင့် တွေ့ဆုံမေးမြန်းထားမှုကို ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။

**မေး။ ။ အစ္စရေးနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ၁၉၅၃ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြပါတယ်။ ဒါကြောင့်မို့ နှစ်နိုင်ငံအကြားမှာ ရှည်လျားတဲ့ သမိုင်းကြောင်းရှိခဲ့ကြပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ သံတမန်ဆက်ဆံရေး တိုးတက်အောင်မြင်လာမှုအပေါ် သိလိုပါတယ်။**

ဖြေ။ ။ မှန်ပါတယ်။ ကျွန်တော်တို့ဟာ ၁၉၅၃ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီးတဲ့နောက်မှာ မြန်မာနိုင်ငံမှာကိုယ်စားလှယ်တွေထားရှိခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကရှုထောင့်အရပြောရရင် ဒီဆက်ဆံရေးဟာ အင်မတန်မှ မဟာဗျူဟာမြောက်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးထားတဲ့ ကျွန်တော်တို့ကိုယ်စားလှယ်ဆိုရင် အတွေ့အကြုံများပြားတဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး သံတမန်ဆက်ဆံရေးတိုးတက်အောင်မြင်ဖို့ သူကပဲ စတင်လုပ်ဆောင်ခဲ့ပါတယ်။

အစ္စရေးနိုင်ငံကို ပထမဦးဆုံးလာရောက်လည်ပတ်တဲ့ နိုင်ငံတော်အကြီးအကဲက ဝန်ကြီးချုပ်ဦးနုဖြစ်ပါတယ်။ အဲဒီနှစ်ကာလတွေအတွင်းမှာ နှစ်နိုင်ငံအကြားဆက်ဆံရေးတွေ၊ လူပ်ရှားဆောင်ရွက်မှုတွေ၊ ပြည်သူများအပြန်အလှန်သွားရောက်လည်ပတ်မှုတွေ၊ သင်တန်းနဲ့ အသိပညာဖလှယ်မှုတွေများစွာ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာ နှစ်နိုင်ငံအကြားဆက်ဆံရေးကောင်းမွန်ခဲ့ပြီး မြန်မာနိုင်ငံမှာသံရုံးကို အမြဲတမ်းထားရှိခဲ့ရုံမက သံရုံးပိတ်ပင်ခြင်း သို့မဟုတ် သံအမတ်ထက်နိမ့်သော သံရုံးအကြီးအကဲခန့်ထားခြင်းတွေကို ရှောင်ရှားခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်များအတွင်းကလည်း ပူးပေါင်းဆောင်ရွက်မှုအတွက် ဖြစ်နိုင်ခြေများပြားလာတာကို ကျွန်တော်တို့တွေ့မြင်ခဲ့ရပါတယ်။ ဒီအခြေခံကောင်းတွေနဲ့အတူ အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်မှုကို ကြိုးစားစီစဉ်ထားရှိပြီး အဲဒီအတွက် ကြီးမားတဲ့အခြေအနေကောင်းတစ်ရပ်ရှိနေတယ်လို့ မြင်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကြိုးပမ်းမှုနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ဒါကတော့ အင်မတန်ကြီးမားတဲ့ အရေးကိစ္စတစ်ခုပါ။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံကနေလာပြီး ဒီမိုကရေစီယဉ်ကျေးမှု သိပ်ပြီးမထွန်းကားသေးတဲ့ ဒေသတစ်ခုမှာ ရောက်ရှိလာခဲ့တဲ့အတွက် ဒီမိုကရေစီကို ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ပါတယ်။ ဒီမိုကရေစီဆိုတာ ရွေးကောက်ပွဲကျင်းပရုံ၊ မဲပေးရုံမျှမကဘဲ စိတ်နေစိတ်ထား၊ လွတ်လပ်စွာပြောဆိုရေးသားမှု၊ စာနယ်ဇင်းလွတ်လပ်မှု၊ ဒီမိုကရေစီနဲ့ ဆက်နွှယ်ပတ်သက်တဲ့ ဒီမိုကရေစီကနေဆင်းသက်လာတဲ့ အကြောင်းကိစ္စများစွာ ပါဝင်ပါတယ်။ အချိန်ယူရမယ့်လုပ်ငန်းစဉ်တစ်ခုဖြစ်တာကြောင့် ပြည်သူရဲ့စိတ်နေစိတ်ထားကို ပြောင်းလဲဖို့ဆိုတာ ကြေညာချက်ထုတ်ပြန်ရုံ သို့မဟုတ် သဘောတူညီချက် လက်မှတ်ရေးထိုးရုံကနေတစ်ဆင့် နေ့ချင်းညချင်း လုပ်ဆောင်လို့မရနိုင်ပါဘူး။ ပညာရေးနဲ့ ပြည်သူတွေရဲ့စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးရေးတို့နဲ့ ဆက်စပ်နေပါတယ်။

အစ္စရေးလူမျိုးရဲ့ သမိုင်းကြောင်းနဲ့နှိုင်းပြီး ဥပမာပေးရရင် ကျွန်တော်တို့သဲကန္တာရထဲမှာ လှည့်လည်သွားလာတာ နှစ် ၄၀ ကြာခဲ့ပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေရဲ့ စိတ်နေစိတ်ထားကို ပြောင်းလဲပေးရတဲ့ လုပ်ငန်းစဉ်တစ်ရပ်က အချိန်ကြာလေ့ရှိပါတယ်။ မျှော်လင့်ချက်ကလည်း အလွန်ကြီးမားတဲ့အတွက် မျှော်လင့်ချက်တွေနဲ့ လက်တွေ့ဘဝကြားမှာ ပဋိပက္ခအချို့ရှိနိုင်ပါတယ်။

သို့သော်လည်း အမျိုးသားအဆင့် သဘောတူညီချက်လက်မှတ်ရေးထိုးပြီးတာနဲ့ အကောင်အထည်ဖော်လာနိုင်မှာဖြစ်ပါတယ်။ ရေရှည်မှာတော့ အောင်မြင်မှုရလာလိမ့်မယ်လို့ မြင်ပါတယ်။ ဒီမိုကရေစီဟာ ရွေးကောက်တင်မြှောက်ရုံမဟုတ်ဘဲ လုပ်ငန်းခွင်ဘဝ၊ လူ့အဖွဲ့အစည်းတစ်ရပ်လည်ပတ်မှု၊ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းအတွင်း အမျိုးမျိုးသောအင်အားစုတွေကို ဟန်ချက်ညီအောင်ထိန်းကျောင်းမှုတွေလည်း ပါဝင်ပါတယ်။ ဒီအခြေအနေအထိ မြန်မာနိုင်ငံကို မြန်မြန်ရောက်စေချင်ပါတယ်။ သို့သော်လည်း စိတ်ရှည်ဖို့လိုပါတယ်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာကြာပါပြီ။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ခေါင်းဆောင်တွေကနေစပြီး မရှိမဖြစ်လိုအပ်တဲ့ ယုံကြည်မှုတည်ဆောက်ရေးကို လုပ်ဆောင်ဖို့လိုပါတယ်။ ဒါကလည်း တိုင်းပြည်နဲ့လူမျိုး အကျိုးစီးပွားကိုကြည့်ပြီး ထိပ်ပိုင်းဖြစ်တဲ့ အစိုးရ၊ စစ်ဘက်နဲ့ လူနည်းစုတိုင်းရင်းသားတွေက စတင်ရမှာဖြစ်ပါတယ်။ မရှိမဖြစ်လိုအပ်ချက်တစ်ခုကတော့ အကျိုးစီးပွားတွေကို ထည့်သွင်းစဉ်းစားတဲ့အခါနဲ့ အကျိုးစီးပွားချင်း မတူကွဲပြားခြားနားမှုတွေကို ကျဉ်းစေတဲ့အခါ တစ်ဖွဲ့ချင်းရဲ့အကျိုးစီးပွားဟာ သဘောသဘာဝအရကွဲပြားခြားနားတယ်ဆိုတာ သိထားဖို့ပါပဲ။

အဲဒီအဆင့်ကိုရောက်ရင် ယုံကြည်မှုဟာ မရှိမဖြစ်လိုအပ်လာပါပြီ။ ထိပ်ပိုင်းက ပြေလည်မှုမရှိရင် အောက်ပိုင်းအဆင့်တွေကပဲ ထိခိုက်နစ်နာမှုအများဆုံးဖြစ်စေပါတယ်။ တိုက်ပွဲတွေဖြစ်ရင် ပြည်သူတွေကသာ မြေစာပင်ဖြစ်ပြီး သေသူသေ၊ အိုးပစ်အိမ်ပစ်ဘဝ သို့မဟုတ် အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်သူရောက် ဖြစ်ခဲ့ကြရပါတယ်။ ဒါကြောင့်မို့လည်း ထိပ်ပိုင်းကခေါင်းဆောင်တွေက အောက်ခြေပိုင်းအဆင့်တွေပြေလည်မှုရအောင် လုပ်ဆောင်ပေးမှသာလျှင် အားလုံးအတွက် အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ ၁၉၇၃ ခုနှစ်က အီဂျစ်၊ ဆီးရီးယားတို့နဲ့ စစ်ပွဲပြင်းထန်စွာဖြစ်ပွားပြီး လေးနှစ်အကြာလောက်မှာ အီဂျစ်သမ္မတ အန်ဝါဆာဒတ်ဟာ အစ္စရေးကိုရောက်ရှိလာခဲ့ပါတယ်။ အမှန်တော့ အဲဒီအတွက် ကြိုတင်ပြင်ဆင်ထားတာတွေရှိပါတယ်။ ဒါပေမဲ့ အစ္စရေးကိုသူရောက်တဲ့အချိန်မှာ ပြည်သူတွေရဲ့စိတ်ထားတွေ ပြောင်းလဲသွားပါတယ်။

ကျွန်တော်တို့လွတ်လပ်ရေးရရှိဖို့အတွက် ၁၉၄၈ နဲ့ ၁၉၅၆ ခုနှစ်မှာ အီဂျစ်နိုင်ငံနဲ့ စစ်ဖြစ်ခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ တစ်ကြိမ်နဲ့ ၁၉၇၃ ခုနှစ်မှာ နောက်ထပ်တစ်ကြိမ် စစ်ဖြစ်ခဲ့ပါတယ်။ နောက်ဆုံးစစ်ပွဲဖြစ်တဲ့ ၁၉၇၃ ခုနှစ်စစ်ပွဲမှာ နှစ်ဦးနှစ်ဖက် အကျအဆုံးများခဲ့ပါတယ်။ အဲဒီကနေ ပြည်သူတွေရဲ့ စိတ်နေစိတ်ထားတွေ ပြောင်းလဲသွားခဲ့ပါတယ်။ ဒါကြောင့်မို့ အောက်ခြေကို လုပ်ပိုင်ခွင့်ပိုပြီးပေးတဲ့ ချဉ်းကပ်မှုနည်းလမ်းဟာ ကောင်းမွန်တယ်လို့ ပြောလိုပါတယ်။

ပုဂ္ဂိုလ်ရေးရာကိစ္စတွေမှာ တစ်ဦးနဲ့တစ်ဦး အမြင်မကြည်လင်တာတွေရှိမယ်လို့ မထင်ပါဘူး။ စစ်ပွဲထက်ငြိမ်းချမ်းရေးကို ဆွေးနွေးညှိနှိုင်းချင်တဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေများလာရင် ပြည်သူတွေရဲ့ စိတ်နေစိတ်ထားတွေလည်း ပြောင်းလဲလာနိုင်ပြီး နောက်ထပ်အရွေ့တစ်ခုရရှိလာမှာဖြစ်ပါတယ်။ အတိတ်က အချင်းချင်းတိုက်ခိုက်မှု၊ သဘောထားကွဲလွဲမှုနဲ့ မတူညီတဲ့အကျိုးစီးပွားတွေကြောင့် တစ်ဦးပေါ်တစ်ဦးမကျေနပ်ချက်များရှိနေမှာဖြစ်ပါတယ်။ ထိပ်ပိုင်းကနေ အောက်ခြေကိုလာတဲ့ ပြောင်းလဲမှုတွေရှိလာရင် ကျွန်တော်တို့ပြောနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မှုရဖို့ဆိုတာ သိပ်ပြီးမခဲယဉ်းဘူးလို့ ထင်ပါတယ်။

**မေး။ ။ ဒါဟာ အလွန်စိတ်ဝင်စားဖို့ကောင်းပြီး အလွန်ပဲကောင်းမွန်တဲ့ သင်ခန်းစာတစ်ခုလား။**

ဖြေ။ ။ ကျွန်တော်တို့ဟာ တခြားနိုင်ငံတွေကိုကြည့်ပြီး သူတို့ရဲ့အမှားတွေကို သင်ခန်းစာယူတတ်ဖို့လိုအပ်သလို အဲဒီနိုင်ငံတွေကနေ ကောင်းကွက်တွေကို သင်ယူပြီး မြန်မာနိုင်ငံနဲ့ သင့်တော်မယ့်၊ လူမျိုးနဲ့သင့်တော်မယ့်ဟာတွေကို ရယူအသုံးပြုရမှာဖြစ်ပါတယ်။ သူများတွေဆီက အတွေ့အကြုံနဲ့ အကူအညီကို ယူပြီး သူတို့ထက်ကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ရရှိအောင် ဖော်ဆောင်မြှင့်တင်ဖို့လိုအပ်ပါတယ်။

**မေး။ ။ မြန်မာနဲ့ အစ္စရေးအကြား ပူးပေါင်းဆောင်ရွက်မှုတွေများစွာရှိနေတယ်လို့သိရပါတယ်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးနဲ့ နည်းပညာနယ်ပယ်တွေမှာဖြစ်ပါတယ်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နောက်ထပ်ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ အခြားနိုင်ငံတွေနဲ့ အတွေ့အကြုံ၊ ဗဟုသုတမျှဝေတာတွေ၊ အလေးထားဆောင်ရွက်တာတွေ ရှိပါတယ်။ မြန်မာနိုင်ငံဆိုရင် ကျွန်တော်တို့ဦးစားပေးလုပ်ဆောင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရင်း တစ်ချိန်တည်းမှာပဲ စီးပွားဖြစ်နယ်ပယ်တွေမှာ ဆက်ဆံရေးမြှင့်တင်လျက်ရှိပါတယ်။ မနေ့ကပဲ ဘန်ကောက်ကို ခဏတာသွားရောက်လည်ပတ်ပြီး ပြန်ရောက်ခဲ့ပါတယ်။ လေယာဉ်ပေါ်မှာ မြန်မာလူငယ်အချို့နဲ့တွေ့ဆုံခဲ့ရပြီး ထိုမြန်မာလူငယ်တွေဟာ အစ္စရေးမှာ ၁၁ လကြာသွားရောက်ပြီး ပြန်လာတဲ့လူငယ်တွေ ဖြစ်နေပါတယ်။ သူတို့တွေဟာ အစ္စရေးနိုင်ငံကလုပ်ဆောင်တဲ့ စီမံကိန်းတစ်ခုမှာ ပါဝင်သူတွေဖြစ်ပါတယ်။ အဲဒီစီမံကိန်းက အစ္စရေးနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးမှာ လေ့လာသင်ယူရေးနဲ့ လုပ်ငန်းခွင်အတွက် မြန်မာလူငယ်တွေကိုခေါ်ယူတဲ့ ၂၃ နှစ်ကြာစီမံကိန်းဖြစ်ပါတယ်။

သူတို့တွေဟာ အစ္စရေးနိုင်ငံရဲ့ နည်းပညာနဲ့ စက်မှုနည်းပညာတီထွင်ကြံဆမှုတွေမှာ ထိတွေ့မှုရစေမှာဖြစ်တဲ့အပြင် အစ္စရေးလယ်သမားတွေရဲ့စိတ်ဓာတ်ကနေ စိုက်ပျိုးရေးကဏ္ဍမှာမရှိမဖြစ်လိုအပ်တဲ့ ခေတ်မီစိုက်ပျိုးရေး၊ စီမံကိန်း၊ အတွေ့အကြုံ၊ သုတေသနနဲ့ နည်းလမ်းကောင်းတွေကို ပိုပြီးသိရှိလာမယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စိုက်ပျိုးရေးလုပ်ငန်းအများစုဟာ သမားရိုးကျဖြစ်ပြီး အဲဒီကနေတစ်ဆင့် တီထွင်ကြံဆမှုဘက်ကို ရောက်ရှိလာဖို့ဟာ အလွန်အရေးကြီးပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အစ္စရေးနိုင်ငံကို သွားရောက်ကြတာ နှစ် ၂၀ ကျော်ကြာပြီဖြစ်တဲ့အတွက် အဲဒီကရလာတဲ့အကျိုးကျေးဇူးဟာ တစ်ဦးချင်းအတွက်သာမက လူ့အဖွဲ့အစည်းအတွက်ပါ အတိုင်းအတာတစ်ခုအထိ အကျိုးရှိခဲ့ပြီလို့ ထင်ပါတယ်။ မြန်မာလူငယ် ၂၀၀ ဝန်းကျင်လောက်ဟာ နှစ်စဉ် အစ္စရေးနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ သွားရောက်ပညာသင်ကြားခဲ့ရပါတယ်။

အဲဒီလူငယ်တွေနဲ့ စကားပြောကြည့်ရာမှာ သူတို့တွေထဲက အများစုဟာ အစ္စရေးနိုင်ငံကရလာတဲ့ အတွေ့အကြုံအပေါ် အားရကျေနပ်မှုရှိကြကြောင်း သိရပါတယ်။ အဲဒီအစီအစဉ်နဲ့ အစ္စရေးနိုင်ငံမှာ သွားရောက်ပညာသင်ယူတဲ့လူငယ်တွေ ၂၀၀၀ ကျော်ရှိနေပြီလို့ ထင်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို ရောက်ရှိသွားခဲ့စဉ်မှာ ပါမောက္ခတစ်ဦးနဲ့ တွေ့ဆုံခဲ့ပြီး အဲဒီပါမောက္ခက ၂၀၀၀ ခုနှစ်မှာ အစ္စရေးကိုရောက်ရှိခဲ့ကြောင်းနဲ့ စိုက်ပျိုးရေးပညာကို သင်ယူခဲ့ရကြောင်း ပြောပါတယ်။

အခြားနယ်ပယ်တွေက အစိုးရအချင်းချင်းကြား ဆက်သွယ်မှုနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့ရက်သတ္တပတ်ကပဲ အစ္စရေးနိုင်ငံက အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းအေဂျင်စီ ဒုတိယအကြီးအကဲရဲ့ မြန်မာနိုင်ငံကို လာရောက်တဲ့ ခရီးစဉ်တစ်ခုရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ ဦးစားပေးနယ်ပယ်တွေကိုဖော်ထုတ်ဖို့ ကြိုးစားခဲ့ပါတယ်။ အစ္စရေးနိုင်ငံက နယ်ပယ်များစွာမှာ အတွေ့အကြုံတွေရှိပြီး လယ်ယာစိုက်ပျိုးရေးကတော့ အဲဒီနယ်ပယ်တွေထဲက တစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ရေအရင်းအမြစ်စီမံခန့်ခွဲရေးမှာလည်း အတွေ့အကြုံရှိပြီး ပြီးခဲ့တဲ့နှစ်က ရေအရင်းအမြစ်စီမံခန့်ခွဲရေးမှာ အစ္စရေးနိုင်ငံရဲ့ အတွေ့အကြုံနဲ့ပတ်သက်လို့ စာအုပ်တစ်အုပ်ကို မြန်မာဘာသာကို ဘာသာပြန်ဆိုခဲ့ပါတယ်။ အဲဒီစာအုပ်က မြန်မာနိုင်ငံနဲ့ အလွန်ကိုဆီလျော်တယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ ဒေသအချို့က အချို့ကာလတွေမှာ ရေအခက်အခဲကြုံတွေ့ရလို့ဖြစ်ပါတယ်။

ဒါကြောင့် အစ္စရေးနိုင်ငံရဲ့သင်ခန်းစာအချို့ကို မြန်မာနိုင်ငံမှာ အသုံးချနိုင်တယ်လို့ထင်ပါတယ်။ ပြီးခဲ့တဲ့လအနည်းငယ်အတွင်းက ရေအရင်းအမြစ်စီမံခန့်ခွဲရေးနဲ့ ပိုမိုကောင်းမွန်တဲ့နည်းလမ်းတွေနဲ့ ရေကိုသုံးစွဲဖို့ နည်းပညာတွေနဲ့ အစီအစဉ်ကို ဘယ်လိုအသုံးပြုတယ်ဆိုတာ ရေဆင်းတက္ကသိုလ်မှာ သင်ခန်းစာပို့ချမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီသင်ခန်းစာပို့ချမှုတွေမှာ ရေကိုချွေတာရေးသာမကပါဘူး။ ပိုမိုထိရောက်တဲ့ နည်းလမ်းတွေနဲ့သုံးစွဲရေးလည်း ပါဝင်ပါတယ်။ အပင်တွေလိုအပ်တဲ့ ရေပမာဏလောက်ကိုပဲသုံးစွဲပြီး ဆည်တွေနဲ့ ရေအရင်းအမြစ်တွေကို စီမံခန့်ခွဲတာတွေဖြစ်ပါတယ်။ ဒါတွေကတော့ ရေအရင်းအမြစ်စီမံခန့်ခွဲရေးနယ်ပယ်မှာ ကျွန်တော်တို့ရဲ့အတွေ့အကြုံကို မျှဝေနိုင်တာတွေပဲဖြစ်ပါတယ်။

ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် အစ္စရေးနိုင်ငံဘက်က ရင်းနှီးမြှုပ်နှံမှုပိုမိုများပြားတဲ့ ကာလရှည်စီမံကိန်းတစ်ခုဖြစ်လာမယ့် ပူးပေါင်းဆောင်ရွက်မှုကို ဇောက်ချလုပ်ကိုင်ဖို့ ပိုနှစ်သက်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အစ္စရေးနိုင်ငံရဲ့ အဓိကကူညီထောက်ပံ့မှုကတော့ စွမ်းဆောင်ရည် မြှင့်တင်ရေးနယ်ပယ်ဖြစ်ပါလိမ့်မယ်။ ဥပမာအားဖြင့် စိုက်ပျိုးရေးနယ်ပယ်က ကျွမ်းကျင်သူတွေက စာသင်ခန်းထဲမှာသာမက စိုက်ကွင်းတွေထဲဆင်းပြီး လက်တွေ့ကျကျ ဘယ်လိုလုပ်ဆောင်ရတယ်ဆိုတာပြသရင်း စိုက်ပျိုးရေးနဲ့ ရေအကြောင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍမှာ ဆောင်ရွက်ချက်တွေရှိခဲ့ပြီး မြန်မာ ကလေးအထူးကုဆရာဝန်နှစ်ဦး အစ္စရေးနိုင်ငံက ဆေးရုံတစ်ရုံကို တစ်လကြာသွားရောက်လည်ပတ်ခဲ့သလို ဒီလိုအစီအစဉ်ဆက်လက်ရှိနေစေဖို့ ကာလရှည်စီမံကိန်းတစ်ခုဖြစ်စေဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီးနဲ့ ကျွန်တော်တို့ဆွေးနွေးနေပါတယ်။ မျက်စိကုသရေးပညာကဏ္ဍမှာ ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်မှုရှိနေဆဲဖြစ်ပြီး ပြီးခဲ့တဲ့ဆယ်စုနှစ်အတွင်း အစ္စရေးမျက်စိအထူးကုဆရာဝန်ကိုးဦးပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို လာရောက်ခဲ့ပါတယ်။

သူတို့က NGO တစ်ခုဖြစ်ပေမယ့် နည်းပညာမျှဝေဖို့နဲ့ မျက်စိကုသရေးနယ်ပယ်မှာ ခွဲစိတ်ကုသမှုတွေလုပ်ဆောင်ဖို့ အစိုးရရဲ့အထောက်အပံ့နဲ့ မြန်မာနိုင်ငံကို လာရောက်တာဖြစ်ပါတယ်။ အတွေ့အကြုံရရှိရေးအစီအစဉ်အရ အစ္စရေးနိုင်ငံမှာ ခြောက်လကြာနေထိုင်နေတဲ့ ဆရာဝန်ကြီးတစ်ဦးလည်း ရှိပါသေးတယ်။ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နေတဲ့ နယ်ပယ်များစွာရှိပြီး အများစုက စွမ်းဆောင်ရည်မြှင့်တင်ရေးအပေါ် အခြေခံပါတယ်။

**မေး။ ။ မြန်မာနိုင်ငံက စီးပွားရေးပြုပြင်ပြောင်းလဲမှုကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ ပြိုင်တူကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အစ္စရေးနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး သိလိုပါတယ်။**

စာမျက်နှာ ၈ သို့ »»

# လူငယ်တာဝန် နိုင်ငံတော်နှင့် ကမ္ဘာ့နိုင်ငံများ၏ တွဲလက်များ

## ကိုဝင်းမော်(စိုက်ပျိုးရေး)

ကျွန်ုပ်တို့မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြစဉ် လူသားမျိုးနွယ်တစ်ရပ်လုံး အညွန့်တုံးဘဝဆုံးစေမည့် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်နိုင်ကြလျှင် အလွန်မွန်မြတ်ကောင်းမွန်သော လုပ်ငန်းစဉ်တစ်ခု ဆောင်ရွက်ခြင်းမည်ပေသည်ဟု ခံစားရမိသည်။

၂၀၁၇ခုနှစ် ဇွန်လ ၂၆ ရက်နေ့(ယနေ့)ဆိုလျှင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ပင် ရောက်ရှိလာပေပြီ။

လူတိုင်းသိရှိပြီးဖြစ်သည့်အတိုင်း မကောင်းသောဆိုးကျိုးကိုသာ ဖြစ်စေပြီး ရာဇဝတ်မှုခင်းများကိုဖိတ်ခေါ်ရာအခြေအနေကို ဖန်တီးသည့် အရာဝတ္ထုများဖြစ်သည်ကိုတော့ အထွေအထူးပြောစရာမလိုတော့ပါ။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့မူ ပိုမိုဂရုပြုသင့်၊ အလေးထားသင့်သော နေ့တစ်နေ့ပင်ဖြစ်သည်။ လူငယ်တို့၏ဘဝ၊ လူငယ်တို့၏စုစည်းညီညွတ်မှုကို မူးယစ်ဆေးဝါးကဝါးမျိုဖျက်ဆီးပစ်နိုင်ပေသည်။ ထို့ကြောင့် နိုင်ငံ့သားကောင်းရတနာများ၏ အနာဂတ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် မူးယစ်ဆေးဝါးကင်းမဲ့ဇုန်များ များစွာရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှလည်း နေရာအနှံ့အပြားတွင် မူးယစ်ဆန့်ကျင်တိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

မူးယစ်ဆေးဝါးဆိုသည်နှင့် ဘိန်း၊ ဘိန်းဖြူအစရှိသည်ကိုတော့ သာမန်ပြည်သူအများ လွယ်လင့်တကူတွေးမိပေသည်။ ဖွံ့ဖြိုးတိုးတက်နေသော ခေတ်ကာလတွင် စိတ်ကြွဆေးပြားများ၊ ဖင်ဆီဒိုင်း၊ အက်ဖီတမင်း၊ အိုက်စ်၊ စိတ်ကိုမူးယစ်ထုံထိုင်းစေသော၊ စိတ်ကိုပုံမှန်မဖြစ်စေသောဆေးဝါးများ၊ မက်သဒုံးဆေးအစရှိသည့်တားမြစ်ဆေးရည်များကို လူငယ်ထုနှင့်တကွ သာမန်ပြည်သူ ပြည်သားများမသုံးစွဲမိစေရန် လေ့လာရှောင်ကြဉ်ကြရပေမည်။ ယနေ့ခေတ်စားနေသော လူငယ်များကော်ရှူခြင်းကိုလည်း တားဆီးကြရမည်ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်ထားသော သုံးစွဲရန်မသင့်သည့် ဆေးဝါးများ၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးပြား၊ ဆေးရည်များကိုလည်း အစဉ်သတိပြုရှောင်ရှားကြရပေမည်။ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရရှိသည့်သတင်းများကိုလည်း မီဒီယာများမှနေ၍ ထုတ်ပြန်ကြေညာပေးနေသည်မှာ လူငယ်ထုအတွက် အကျိုးဖြစ်ထွန်းစေရန်၊ လမ်းမှားမရောက်ကြစေရန် ရည်ရွယ်ရင်းစိတ်စေတနာပင် ဖြစ်သည်။ သေမင်းတမန်ခရီးကြမ်းတစ်ခုကိုဖြတ်သန်းရသလိုမျိုး ဘိန်းဖြူစွဲနေသူများ၊ မူးယစ်ဆေးစွဲရောဂါခံစားနေရသူများသည် ငွေကြေးအရလည်းဆုံးရှုံး၊ အချိန်၊ လုပ်အားတို့လည်းဆုံးရှုံးနေကြရသည်။ ထို့ကြောင့် ဘဝတစ်ခုလုံးပျက်စီးဆုံးရှုံးရမည့် အခြေအနေဆိုးမှလွန်မြောက်ကာ တန်ဖိုးရှိရှိ မိမိတို့အဆင့်အတန်းတစ်ခုကို ရရှိစေရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲမှုကို ရှောင်ကြဉ်မှုဖြစ်မည်ဟု သန္နိဋ္ဌာန်ခိုင်ခိုင်မာမာချမှတ်ထားကြရန် လိုပေသည်။

နိုင်ငံတော်မှ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ကာ နိုင်ငံတော်အား မူးယစ်ဆေးဝါးလုံးဝ(လုံးဝ)ကင်းစင်၍ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာစေရေးကို အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ပြည်သူလူထုနှင့်တကွ လူငယ်လူရွယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးနှင့် UNODC တို့ ပူးပေါင်းကာ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေကြရပေသည်။ ၂၀၁၂ ခုနှစ်အတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်၌ ရှမ်းပြည်နယ် ဟိုပုန်းမြို့နယ် ကျောက်ခရားကျေးရွာတွင် UNODC နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်သည့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ကြည့်ရှုလေ့လာခဲ့ကြသည်ကို ပြည်သူအများသိရှိပြီးဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ်စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၊ ဘိန်းခင်းဖျက်ဆီးမှုများကို တိုးမြှင့်ဆောင်ရွက်ရာတွင် တစ်နှစ်ထက်တစ်နှစ်ပိုမိုဖျက်ဆီးနိုင်ခဲ့ကာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လျှော့ချနိုင်ခဲ့သည်ကိုလည်း သိသာစေခဲ့ပြီဖြစ်၏။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်မှုတွင် ပိုမိုခရီးရောက်စေရန် နိုင်ငံတကာအဖွဲ့ အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်ပါ အရှိန်အဟုန်မြှင့်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ဖတ်ရှုသိရှိကြပြီး ဖြစ်ပေလိမ့်မည်။

ယခုအစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်းများကိုပြုလုပ်၍ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်သွားစေရန် ဆောင်ရွက်လျက်ရှိသည်ကို သတင်းမီဒီယာများမှတစ်ဆင့် သိရှိကြရပေသည်။ ယင်းသို့လုပ်ဆောင်ရာတွင် ပြည်သူလူထု၊ ကျောင်းသားလူငယ်လူရွယ်များ၏ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်မှုသည် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပင်ဖြစ်လင့်ကစား ရလဒ်မှာ အကျိုးများနိုင်ပေသည်။ တစ်ယောက်အားနှင့်ယူသော်မရ တစ်သောင်းအားဖြင့်ယူသော်ရ၏ဆိုရကား မြန်မာနိုင်ငံသူနိုင်ငံသားများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အန်ဂျီအို၊ အိုင်အန်ဂျီအို၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး(UNODC) တို့နှင့် ပြည်တွင်းလူမှုကျန်းမာကူညီစောင့်ရှောက်ရေးအသင်းများ၊ အဖွဲ့အစည်းအသီးသီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါလျှင် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးအလွဲသုံးမှုကို တိုက်ဖျက်နိုင်မည်မှာ အမှန်ပင်ဖြစ်ပေသည်။

ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် အားကစား၊ စာပေ၊ ဂီတ၊ အနုပညာတို့ကို စိတ်ဝင်တစားဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ရှိသော လမ်းမှားများကို ရှောင်ကွင်းပြီးဖြစ်နိုင်ပေသည်။

သို့ဖြစ်၍ လူငယ်ထုတစ်ရပ်လုံးအတွက် ဆိုးကျိုးဖြစ်စေသော မူးယစ်ဆေးဝါးကို ဆန့်ကျင်တိုက်ဖျက်ရာ၌ လူသားအားလုံးအတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါမူ "မူးယစ်ကင်းစင် မြန်ပြည်တစ်ခွင်" ဖြစ်လာနိုင်ပေသည်။

၂၀၁၇ ခုနှစ် "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့" အထိမ်းအမှတ်ပြိုင်ပွဲအသီးသီးမှ ဆုရရှိသူများကို ဂုဏ်ပြုချီးကျူးရင်းဖြင့် ဤဆောင်းပါးကို အဆုံးသတ်လိုက်ပါရစေ။

ဆုရဆောင်ပုဒ်များ၏ မူးယစ်ဆန့်ကျင်တိုက်ဖျက်ရေးလုပ်ငန်း အထောက်အကူပြုမှုကို ပိုမိုပေါ်လွင်စေရန်အလို့ငှာ ၂၀-၆-၂၀၁၇နေ့ထုတ်"ကြေးမုံ" သတင်းစာ၌ဖတ်ရှုခဲ့ရသောဆောင်ပုဒ်လေးများကို မျှဝေလိုက်ရပါသည်။

**- လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့
အန္တရာယ်မူးယစ်ဆန့်ကျင်စို့**
**- မူးယစ်ကင်းစင်ပြည်တစ်ခွင်စည်ပင်ဖွံ့ဖြိုးစီးပွားတိုး**
**- သက်ရှည်ကျန်းမာ လူသားကမ္ဘာ
မူးယစ်ဆေးဝါးတိုက်ဖျက်ပါ**
**- အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့
မူးယစ်ဆေးကိုဆန့်ကျင်စို့**
**- မူးယစ်စွဲသူဖေးမကူ ရောင်းချသူကိုအရေးယူ
ပြိုင်တူဆောင်ရွက် တိုင်းပြည်တွက်**

နိုင်ငံတော်နှင့်အတူ လူငယ်များမှ တာဝန်တစ်ရပ်အနေဖြင့် ထမ်းဆောင်ကာ ကမ္ဘာ့နိုင်ငံများ၏ကူညီဖေးမတွဲလက်များဖြင့် စွမ်းစွမ်းတမံပါဝင်ကူညီဆောင်ရွက်ရင်း "အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့" ကို ဂုဏ်ပြုလိုက်ကြပါစို့။ ။

# ကျောင်းဝင်ကလေးများ အဆင်ပြေချောမွေ့အောင် ဖြေလျှော့ဆောင်ရွက်လျက်ရှိသောကျောင်းအပ်နှံရေးလုပ်ငန်း

## ပညာရေးသုတေသီတစ်ဦး

ကျောင်းနေအရွယ် ကလေးများအားလုံးပညာသင်ယူနိုင်မည့် အခွင့်အလမ်းမြင့်မားရေး၊ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေးတို့ကို ဦးတည်ပြီး နိုင်ငံတော်မှ ဖော်ဆောင်နေသည့် အခမဲ့ပညာရေးစနစ်နှင့် ကျောင်းအပ်နှံရေးသီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများကြောင့် ကျောင်းအပ်နှံမှုနှုန်းတိုးတက်လာသည်နှင့်အတူ ကျောင်းနေအရွယ်ကလေးများ ကျောင်းတွင်ပျော်ရွှင်စွာ ပညာသင်ကြားနေသည်ကို ဝမ်းမြောက်ကြည်နူးဖွယ် မြင်တွေ့နေရပါသည်။

နေရာဒေသအသီးသီးမှ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာနေရသော ပြည်သူများ၏ ရင်သွေးငယ်လေးများ ပြောင်းရွှေ့ပညာသင်ကြားလိုသူများအား အတန်းသတ်မှတ်နိုင်ရန်အတွက် နေရာချထားမှုစစ်ဆေးခြင်း(PlacementTest)စာမေးပွဲကိုဖြေဆိုစေခြင်းဖြင့် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊အထက်တန်းအဆင့် အခြေခံပညာကျောင်းများတွင် အရည်အချင်းပြည့်မီစွာ တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ သင်ယူတတ်မြောက်မှုကို အခြေခံပြီးစစ်ဆေးခြင်းဖြစ်သည့်အတွက် ဖြေဆိုအောင်မြင်ခြင်းမရှိပါက ဝင်ရောက်ဖြေဆိုသည့်အတန်းတွင် ဆက်လက်တက်ရောက်သင်ယူရမည်ဖြစ်ပါသည်။ ဖြေဆိုအောင်မြင်ပါက ဝင်ရောက်ဖြေဆိုသည့်အတန်း၏ တစ်ဆင့်မြင့်အတန်းတွင် တက်ရောက်သင်ယူရမည် ဖြစ်ပါသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုရာတွင်လည်း သက်ဆိုင်ရာအတန်း၏ သင်ရိုးညွှန်းတမ်းပါဘာသာရပ်များကိုသာ ဝင်ရောက်ဖြေဆိုရပါသည်။ ဖြေဆိုသူများအား ကျောင်းဝင်လက်ခံရာတွင် ကျောင်းပြောင်းလက်မှတ်ပါ သတ်မှတ်ချက်များကို မူအရတိတိကျကျဆောင်ရွက်မှုများရှိသလို အချို့သောအချက်များကို သက်ဆိုင်ရာဒေသရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့အစည်းများ၊ မိဘအုပ်ထိန်းသူများ၏ ထောက်ခံမှုများဖြင့် မွေးသက္ကရာဇ်၊ မိဘအမည်၊ နေရပ်တို့ကိုလက်ရှိအနေအထားများဖြင့် ကျောင်းအပ်နှံခြင်းကို လက်ခံဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကျရောက်နေသော ဒေသများနှင့် တိုက်ပွဲရှောင်ဒေသများမှရွှေ့ပြောင်းမိသားစုများ၏ ကျောင်းနေအရွယ်ကလေးငယ်များ ပညာဆက်လက်သင်ယူနိုင်ရေးအတွက် ကျောင်းပြောင်းလက်မှတ်မပါသော်လည်း သက်ဆိုင်ရာအတန်းအသီးသီးတွင် ပညာသင်ယူခွင့်ကို ကျောင်းသားကျောင်းသူများရောက်ရှိနေထိုင်ရာဒေသရှိအခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ယူခွင့်ပြုခဲ့ပါသည်။

၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိစေရန် သူငယ်တန်း(KG) သင်ရိုးသစ်ကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမတန်း(Grade-1) သင်ရိုးသစ်သင်ယူနိုင်ရန် သင်ကြားပေးနိုင်ရေးအတွက် မွမ်းမံသင်တန်းများပေးရာတွင် မြန်မာနိုင်ငံအတွင်းရှိ ကျောင်းအသီးသီးမှ မူလတန်းအဆင့်သင်ဆရာ၊ ဆရာမများကို သင်တန်းတက်ရောက်စေသည့်အပြင် ပထမတန်း(Grade-1) သင်ရိုးသစ်ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များဖြစ်သည့် မြန်မာစာ၊အင်္ဂလိပ်စာ၊ သင်္ချာ၊သိပ္ပံ၊လူမှုရေး၊စာရိတ္တနှင့်ပြည်သူ့နီတိတို့နှင့် "ဗျည်းအက္ခရာနှင့် ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်"စာအုပ်များအပြင် ဗလာစာအုပ်ခြောက်အုပ်နှင့် ကျောင်းဝတ်စုံတစ်စုံကို အခမဲ့ဖြန့်ဝေပေးခဲ့ပါသည်။

ထိုသို့ အခမဲ့ပညာရေးစနစ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျောင်းအပ်နှံမှုနှုန်းများ သိသိသာသာမြင့်မားလာပါသည်။ ယခုပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်တွင် ကျောင်းအပ်နှံမှုမြင့်မားလာသည့်အတွက် ကျောင်းအပ်နှံရေး အဆင်ပြေချောမွေ့စေရန် မူလသတ်မှတ်ထားသောအချက်အလက်များပြည့်စုံမှုမရှိသော်လည်း သက်ဆိုင်ရာဒေသရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့အစည်းများ၊ မိဘအုပ်ထိန်းသူများ၏ ထောက်ခံမှုဖြင့် ဖြေလျှော့လက်ခံဆောင်ရွက်ပေးခဲ့ပါသည်။

အသက်(၅)နှစ်ပြည့်သူများကို သူငယ်တန်း(KG) ကျောင်းဝင်လက်ခံရာတွင် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပေးသည့် မွေးစာရင်းပါမှ လက်ခံပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မွေးစာရင်းမရှိသော ကလေးများအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့အစည်းများ သို့မဟုတ် မိဘအုပ်ထိန်းသူများ၏ ထောက်ခံမှုဖြင့် ကျောင်းဝင်လက်ခံလျက်ရှိပါသည်။

ကျောင်းနေအရွယ်ကလေးငယ်များ အချင်းချင်းအတူ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေးနှင့်မိမိရင်သွေးငယ်တို့၏ အနာဂတ်ဘဝတွင် တာဝန်ယူ၊ တာဝန်ခံလိုသည့် စိတ်ဓာတ်များဖြင့် လူသားကောင်းများအဖြစ် ပြုမူကျင့်ကြံနေထိုင်နိုင်ရေးစသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်ပေးရာ၌ ငယ်ရွယ်စဉ်အချိန်မှစတင်ကာ သင်ယူမှုဝန်းကျင်တွင် ရင်သွေးငယ်တို့၏ ဘဝမှတ်တမ်းမှတ်ရာများ မှန်ကန်တိကျစွာရရှိရေးကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရင်သွေးငယ်တို့၏ ဘဝကိုမြှင့်တင်ပေးရာရောက်မည်ဖြစ်ပါသောကြောင့် မိဘများအနေဖြင့် မိဘဆရာအသင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။ ။

## မူးယစ်ရန်စွယ် အန္တရာယ်

❖ ဘဝအရေး ကံအရေးကို
နောင်ရေးထောက်ရှု ပြင်ဆင်ကွယ်
ရှောင်တွေးကြောက်မှု ဆင်ခြင်ဖွယ်။

❖ ရှောင်လေဝေးဝေး မူးယစ်ဆေးကို
ရန်စွယ်ဘေးလို့ မှတ်ရွတ်ကွယ်
အန္တရာယ်ပေးလို့ သတ်တတ်တယ်။

❖ လူမှုဘဝ ပန်းအလှလည်း
ကြမ်းရှပိုးသို့ ဝေတတ်တယ်
နွမ်းလျှညှိုးလို့ ကြွေတတ်တယ်။

❖ လူမှုစီးပွား ကုန်ပျက်ပြားလို့
အပူများညက မှောင်မိုက်ဖွယ်
လူသားဘဝ ခေါင်ခိုက်မယ်။

❖ သတိဉာဏ်ကွဲ အယူလွဲ၍
အကဲစမ်းရေး မသင့်ရှာနယ်
သူငယ်ချင်းတွေ ဆင့်ပွားလို့
အမြဲတမ်း တွေးချင့်ပါကွယ်။

❖ ယစ်မျိုးဘိန်းဘင်း ရန်စွယ်ကင်းဖို့
လက်ချင်းတွဲလို့ ဆောင်စို့ကွယ်
လက်ချင်းတွဲစို့ မောင်တို့ရယ်။

လင်းညို

# မူးယစ်ဆေးဝါးအန္တရာယ်ကို လျှော့ချရန် ဘုံပြဿနာအဖြစ်ခံယူပြီး ကိုယ်စီတာဝန်ရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သည့်သဝဏ်လွှာ**

**(၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)**

ယနေ့သည်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်ပါသည်။

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် အခမ်းအနားများကို ယနေ့တွင် အကြိမ် (၃၀) မြောက် ကျင်းပနေမည်ဟု ယုံကြည်ပါသည်။

အလားတူ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင်လည်း ယခင်နှစ်များနည်းတူ မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲများကို တစ်ပြိုင်တည်းကျင်းပနေကြပြီဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရန်အတွက် ၁၉၉၈ခုနှစ်မှစ၍ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ဆောင်ပုဒ်အလွတ်တန်းပြိုင်ပွဲများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများမှ ဆုရရှိသူများကို နှစ်စဉ်ကျင်းပသည့် အခမ်းအနားများတွင် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယနေ့တွင်ဆုများချီးမြှင့်နေကြမည် ဖြစ်ပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ယှဉ်ပြိုင်ကြသည့် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူ ၃၂၄၆ ဦးမှ ဆုရရှိသူ ၁၀၇ ဦးအား ဆုချီးမြှင့်မည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးထားသော ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအဆင့်အထိ အစိုးရမဟုတ်သောအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များကိုပါ ထည့်သွင်းဖွဲ့စည်းပြီး မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုး စိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင်လည်း ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ဒေသအလိုက် အထူးစစ်ဆင်ရေး ၁၇ ခုကို ၂၀၁၃ ခုနှစ် မေလ မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့ပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ဘိန်းစိုက်ပျိုးရာဒေသများတွင် လမ်းတံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းများ၊ ရေရရှိရေးနှင့်စွမ်းအင်လုပ်ငန်းများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ သာသနာရေးနှင့် လူနေအဆောက်အအုံများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ဝင်ငွေရရှိရေးအတွက် ဒေသနှင့်ကိုက်ညီသည့် တိရစ္ဆာန်မျိုးများ မွေးမြူစေခြင်း၊ ဖြန့်ဖြူးခြင်းတို့အပြင် ဆေးဝါးကုသပေးခြင်းနှင့် နည်းပညာများဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ဘိန်းစိုက်ပျိုးမှုကိုမှီခိုခြင်းမှ ကင်းဝေးစေရန် အစားထိုးသီးနှံများဖြစ်သည့် နှစ်ရှည်ပျိုးပင်နှင့် နှစ်ချင်းသီးနှံမျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ နည်းပညာများဖြန့်ဖြူးခြင်း၊ စံပြနှင့်စမ်းသပ်ကွက်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေဖော်ထုတ်ပေးခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အဓိကလိုအပ်သည့် အစပျိုးဓာတုပစ္စည်းများ လမ်းလွဲရောက်မှုမရှိစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် လိုအပ်ချက်အတိုင်း သုံးစွဲနိုင်ရေးတို့အတွက် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြည်ပမှတင်သွင်းလာသည့် ဓာတုပစ္စည်းများသိုလှောင်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှု၊ ဖြန့်ဖြူးမှုတို့ကို နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကို စနစ်တကျ ကုသနိုင်ရေးအတွက် မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခုတို့ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးသုံးစွဲသူများအတွက် ကုသရေးနည်းလမ်းတစ်ခုဖြစ်သည့် မက်သဒုံး အစားထိုးတိုက်ကျွေးရေးဌာန ၄၆ ခုကိုလည်း မူးယစ်ဆေးဝါးသုံးစွဲမှုများသည့် မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဌာနအခြေပြုဆေးကုသရေးလုပ်ငန်းများအပြင် ပြည်သူလူထုအခြေပြု ဆေးကုသရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဆေးစွဲလူနာများအတွက် တစ်နေရာတည်း၌ ကုသရေးဝန်ဆောင်မှုအားလုံးရရှိစေရန် One Stop Service လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် နာတာရှည်ရောဂါတစ်မျိုးဖြစ်သည့်အတွက် အောင်မြင်စွာကုသ၍မရဘဲ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်နိုင်မှသာ မူးယစ်ဆေးဝါးသုံးစွဲမှုမှ လွတ်ကင်းနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မူးယစ်ဆေးစွဲကုသပြီးသူများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကိုပါ ပြန်လည်ထူထောင်ရေးအဖွဲ့မှ စေတနာ့ဝန်ထမ်း၊ မူးယစ်ကြီးကြပ်ရေးမှူးအသင်းများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကျောင်းသားလူငယ်ဘဝမှ စတင်၍ တိုက်ရိုက်အသိပညာပေးခြင်း၊ သွယ်ဝိုက်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းအဆင့် မူးယစ်ဆေးဝါးအသိပညာပေးရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ ဟောပြောပွဲများ၊ နံရံကပ်စာစောင်များ၊ ဆောင်ပုဒ်များ ဖြန့်ဝေခြင်း၊ ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်း၊ ပြပွဲပြိုင်ပွဲများကျင်းပခြင်းနှင့် ဆရာ ဆရာမများအား အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများပို့ချခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအား အသိပညာပေးရေးကဏ္ဍတွင်လည်း ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်အသိပညာ တိုက်ရိုက်ရောက်ရှိစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး အစီအစဉ်များကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာတို့ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါးပြဿနာကိုဖြေရှင်းရန် ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်း နိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး သဘောတူစာချုပ်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် ထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန်အတွက် မူးယစ်ဆေးဝါးသုံးစွဲမှု စစ်တမ်းတစ်ခုကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် UNODC ၏ နည်းပညာအကူအညီနှင့် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုစစ်တမ်းမှတစ်ဆင့် နိုင်ငံတော်အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတွင် အလွန်တန်ဖိုးရှိသည့် အချက်အလက်များ ရရှိလာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းပြီး အောင်မြင်မှုရရှိစေရန် ကြိုးစားဆောင်ရွက်စေလိုပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုအား ကုသ၍ရသောရောဂါတစ်ခုအဖြစ် ယုံကြည်ပြီး ဆေးစွဲသူများကို လူသားချင်း စာနာထောက်ထားမှုအပြည့်ဖြင့် ခွဲခြားဆက်ဆံခြင်းကင်းစွာ ကုသမှုအခွင့်အလမ်းများ တိုးမြှင့်ရရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

အသိပညာပေးရေး ကဏ္ဍအနေဖြင့် ဆေးသုံးစွဲမှု စတင်ဖြစ်ပေါ်လာရစေသည့် အကြောင်းအရင်းများကို သိရှိစေရန်ဆောင်ရွက်ပြီး သမားရိုးကျ အသိပညာပေးမှုမျိုးထက် အသိတရားနှင့် ဗဟုသုတရရှိစေမည့် ထိရောက်သည့် အသိပညာပေးလုပ်ငန်းကို ရွေးချယ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့အတူ တားဆီးနှိမ်နင်းရေးကဏ္ဍအနေဖြင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ကိန်းဂဏန်းများထက် လူ့အဖွဲ့အစည်းတစ်ခု၊ လူ့အသိုင်းအဝိုင်းတစ်ခုအတွင်း မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် မှုခင်းများ၊ အန္တရာယ်များ၊ ကြောက်ရွံ့မှုများ မည်မျှလျှော့ချနိုင်သည်ကို Index များနှင့် တိုင်းတာမှသာလျှင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်သော စိတ်ချလုံခြုံပျော်ရွှင်သည့် လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

စီမံကိန်းများ၊ လုပ်ငန်းစဉ်များ ရေးဆွဲရာတွင်လည်း လိုအပ်ချက်များ၊ လေ့လာဆန်းစစ်မှုများ၊ အခြေခံအချက်အလက်စုဆောင်းမှုများကို စနစ်တကျဆောင်ရွက်ပြီး ပြဿနာ၏ အရင်းအမြစ်ကို ဖြေလျှော့နိုင်သည့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် applicable ဖြစ်သော လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်မှသာ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးမှုခင်းများသည် နယ်စပ်ဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်သည့် မှုခင်းများနှင့် ဆက်စပ်လျက်ရှိပြီး ကုန်သွယ်မှုလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ဆန့်ကျင်ဘက်ရလဒ်အဖြစ် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ရောင်းဝယ် မှုခင်းများသည် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာမှုအပေါ် အမြတ်ထုတ်ဆောင်ရွက်လာကြသည့်အတွက် တရားမဝင်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အရှိန်အဟုန်မြှင့် တားဆီးဆောင်ရွက်ရမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးအန္တရာယ်ကို လျှော့ချရန်အစိုးရဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်သူလူထုများကလည်း ဘုံပြဿနာအဖြစ်ခံယူပြီး အဖွဲ့အစည်းတစ်ခုချင်းစီမှ လူတစ်ဦးတစ်ယောက်ချင်းစီအထိ ကိုယ်စီတာဝန်ရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "Listen FIRST"ဆိုသည့်အတိုင်း လူငယ်များ၏ ပြောကြားမှုကို ဦးစွာနားထောင်ပေးပြီး ၎င်းတို့၏ ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးစသည်တို့ကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ရပ်ရွာလူထုအခြေပြုသော ကြက်ခြေနီစေတနာလုပ်အားရှင် စည်းရုံးရေး အလုပ်ရုံဆွေးနွေး



**တာချီလိတ် ဇွန် ၂၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူး၍ တာချီလိတ်ခရိုင်နှင့် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ရပ်ရွာလူထုအခြေပြုသော ကြက်ခြေနီစေတနာလုပ်အားရှင်စည်းရုံးရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၄ ရက် နံနက် ၈ နာရီက ဝမ်ကောင်းရပ်ကွက်ရှိ ဟိုတယ်တာချီလိတ်၌ ကျင်းပသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက မြန်မာနိုင်ငံတစ်ဝန်းတွင် နေထိုင်လျက်ရှိသော တိုင်းရင်းသားမျိုးနွယ်စုများ လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာနိုင်စေရေး ရည်ရွယ်ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက တိုင်းရင်းသားကိုယ်စားလှယ်များအား နှုတ်ခွန်းဆက်စကားပြောကြားရာတွင် တိုင်းရင်းသားလူမျိုးစုများ လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရည်မှန်းချက်ဖြစ်သည့် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးကာကွယ်တားဆီးရန်၊ ဘေးဒုက္ခရောက်သူများ ကူညီစောင့်ရှောက်ရန်စသည့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဂျီနီဗာကွန်ဗင်းရှင်း၏ ကြက်ခြေနီအခြေခံမူ ခုနစ်ချက်ပါအတိုင်း လူသားချင်းစာနာထောက်ထားခြင်း၊ လူမျိုးဘာသာ အဆင့်အတန်း မခွဲခြားခြင်း၊ မည်သူ့ကိုမျှ ဘက်မလိုက်ဘဲ ကြားနေခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်းနှင့် လွတ်လပ်ခွင့်ကို ထိန်းသိမ်းခြင်း၊ စေတနာ့လုပ်အားရှင်စိတ်ဓာတ်ဖြင့် အကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကမ္ဘာအဝှမ်းပျံ့နှံ့ခြင်းဆိုသည့် အခြေခံမူကို အဓိကထား၍ ဆွေးနွေးပေးကြရန် ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းပျဉ်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်များမှ ရှမ်း၊ အာခါ၊ လားဟူ၊ လီဆူ၊ ရခိုင်၊ ကရင်နှင့် ဗမာတိုင်းရင်းသားကိုယ်စားလှယ်များ စုစုပေါင်း ၂၇ ဦးတို့က ဇွန် ၂၄ ရက်မှ ၂၅ ရက်အထိ ရပ်ရွာလူထု၏ လိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ စေတနာလုပ်အားရှင်များ၏ သန္ဓေလုပ်ငန်းများကို ဖော်ထုတ်ခြင်း၊ အသင်းခွဲများ၏ သန္ဓေလုပ်ငန်းများကို သတ်မှတ်ခြင်း၊ အသင်းခွဲများအတွက် ဦးတည်အုပ်စုများကို ဖော်ထုတ်ခြင်း၊ မတူညီသည့် ရပ်ရွာလူထုအား မည်ကဲ့သို့ စည်းရုံးမည်၊ စည်းရုံးဆောင်ရွက်ခြင်းနည်းလမ်းများနှင့် လမ်းညွှန်ချက်များအတွက် လိုက်နာရန် အရေးကြီးသော အချက်များ၊ ရပ်ရွာလူထုစေတနာ လုပ်အားရှင်များအား စည်းရုံးရာတွင် အသင်းခွဲ၏ အခန်းကဏ္ဍ၊ ကြက်ခြေနီစေတနာလုပ်အားရှင် ကွန်ရက်ဖွဲ့စည်းခြင်းနှင့် ဦးတည်သတ်မှတ်ချက်များ ချမှတ်ခြင်းစသည်တို့ကို အုပ်စုဖွဲ့၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမ-ဗဟိုကော်မတီ (သတ္တမ)အကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၂၅**
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမ-ဗဟိုကော်မတီ (သတ္တမ) အကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဇွန်၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)တွင် ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ အပါအဝင် ၁၂၀ ကျော် တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှတက်ရောက်လာကြသော ဗဟိုကော်မတီဝင်အဖွဲ့ဝင်များက တင်သွင်းသော နိုင်ငံရေးအစီရင်ခံစာများကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေး(ပထမနေ့)နှင့်ပတ်သက်၍ အစည်းအဝေးသဘာပတိဖြစ်သူ ဗဟိုကော်မတီဝင် မကွေးတိုင်းဒေသကြီး အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က "တိုင်းဒေသကြီးအားလုံးက ဗဟိုကော်မတီဝင်တွေအနေနဲ့ မိမိတို့ရဲ့ တိုင်းဒေသကြီးအတွင်း လက်ရှိနိုင်ငံရေးအခြေအနေတွေ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအခြေအနေတွေ၊ မိမိနယ်မြေအတွင်းမှာရှိတဲ့ ပါတီတွင်းအခြေအနေတွေ၊ တစ်နိုင်ငံလုံးရဲ့ အတိုင်းအတာအနေနဲ့ဖြစ်နေတဲ့ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်တွေအပါအဝင် သူတို့တွေရင်ဆိုင်ကြုံတွေ့နေရတဲ့ အဆိုး၊ အကောင်း အတွေ့အကြုံတွေကို အစီရင်ခံစာတွေ အသီးသီးတင်သွင်းကြတယ်။ အဲဒီလိုပဲ ဗဟိုကော်မတီကနေလည်း ဗဟိုကော်မတီနိုင်ငံရေးအစီရင်ခံစာ၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့အစီရင်ခံစာ စတဲ့လုပ်ငန်းအဖွဲ့ရဲ့ အစီရင်ခံစာတွေကို တင်သွင်းပါတယ်"ဟု ပြောသည်။

အစည်းအဝေး(ပထမနေ့)တွင် အဓိကတင်သွင်းဆွေးနွေးမှုများအဖြစ် ယခင်က ပယ်ဖျက် (ရပ်ဆိုင်း)ထားသောရေးရာကော်မတီလုပ်ငန်းအဖွဲ့များကို ပြန်လည်ဖွဲ့စည်းပေးရန်၊ မိမိတို့၏နယ်မြေများအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးအခြေအနေများ၊ မြေသိမ်းဆည်းခံရသည့်ကိစ္စရပ်များနှင့် စီးပွားရေးအခြေအနေများအပြင် ရုံးကိစ္စဆိုင်ရာ ငွေကြေးကိစ္စ အခက်အခဲများကို အစီရင်ခံစာတင်သွင်းခဲ့ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးတွင် အစီရင်ခံစာများအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြန်လည်ဆွေးနွေးမှုများပြုလုပ်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းခြင်း၊ ဆွေးနွေးအတည်ပြုခြင်းများကိုပြုလုပ်ရာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို ထောက်ခံကြောင်း၊ အဆင့်ဆင့်သော လိုအပ်သည့်ရေးရာကော်မတီများ ပြန်လည်ဖွဲ့စည်းရန်၊ အခါအားလျော်စွာ နိုင်ငံရေးအဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ရန်၊ ပါတီလစဉ်ကြေးအစား ပါတီနှစ်စဉ်ကြေးဟု ပြောင်းလဲကောက်ခံရန်၊ လူငယ်ညီလာခံကျင်းပရန်၊ လိုအပ်သော စည်းရုံးရေးအဖွဲ့များကို ယာယီစည်းရုံးရေးကော်မတီအဖြစ် ဖွဲ့စည်းပေးရန်၊ ပထမဗဟိုကော်မတီ(သတ္တမ)အကြိမ် အစည်းအဝေးသို့ တင်သွင်းသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဗဟိုကော်မတီဝင်များ၏ အစီရင်ခံစာများကို မှတ်တမ်းတင်ကြောင်း စသည့် အချက်(၇)ချက်ကို အတည်ပြုဆုံးဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

"ပထမနေ့ ဖတ်ကြားတဲ့အစီရင်ခံစာထဲမှာ အဖွဲ့ချုပ်ရဲ့ စီးပွားရေးကော်မတီ အစီရင်ခံစာဆိုရင် တော်တော်လေးကောင်းပါတယ်။ NLD အစိုးရရဲ့လုပ်ဆောင်ချက်ထဲမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အောင်မြင်တာတွေရှိတယ်။ မအောင်မြင်တာတွေရှိတယ်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီးတော့ အလားအလာတွေ ဘယ်လိုရှိတယ်ဆိုတာတွေကို ချပြသွားတယ်။ အဲဒီအစီရင်ခံစာကိုကြည့်ခြင်းအားဖြင့် စီးပွားရေးအခြေအနေဟာ နောက်လာမယ့်ကာလတွေမှာ ပိုပြီးတော့အဆင်ပြေဖွံ့ဖြိုးလာမယ်ဆိုတာ မှန်းဆလို့ရပါတယ်"ဟု ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်သူ မုံရွာ ဦးအောင်ရှင်က ပြောသည်။

ဆက်လက်၍ "နောက်တစ်ချက်ကတော့ သိမ်းဆည်းခံရတဲ့ လယ်ယာမြေတွေနဲ့ပတ်သက်ပြီးတော့လည်း ပြန်လည်ဖြေကြားတာတွေတော်တော်ကောင်းပါတယ်။ လယ်ယာမြေ သိမ်းဆည်းခံရတာတွေကို ပြန်လည်ပေးဖို့မှာ သက်ဆိုင်ရာအလိုက် သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေကို မြေစာရင်းဦးစီးဌာနရယ်၊ သက်ဆိုင်ရာအလိုက် သိမ်းထားတဲ့ သူတွေရယ်နဲ့ အမြန်ဆုံး ပြန်ပြီးရအောင် လုပ်ဆောင်ပေးဖို့အတွက် အစီအစဉ်ရှိတယ်ဆိုတာကို တင်ပြတာကိုတွေ့ရပါတယ်။ ဒီအစည်းအဝေးဟာ ပါတီအစည်းအဝေးဖြစ်ပေမယ့် ပါတီရဲ့ အခန်းကဏ္ဍဟာ အစိုးရနဲ့ လွှတ်တော်ကဏ္ဍမှာ အများကြီးအရေးကြီးပါတယ်။ လာမယ့်ကာလမှာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မှာပါ"ဟုပြောသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကျင်းပခဲ့မှုနှင့် ပတ်သက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဉာဏ်ဝင်း၊ ဦးဝင်းထိန်နှင့် ဦးထွန်းထွန်းဟိန်တို့က သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ မီဒီယာများ၏မေးမြန်းမှုအပေါ် ယမန်နေ့က လူမှုကွန်ရက် စာမျက်နှာတွင် ပျံ့နှံ့ခဲ့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်သော ကြေညာချက်မှာ အတုသာဖြစ်ကြောင်း၊ ပါတီအဖွဲ့ဝင်များအနေဖြင့် အစိုးရကိုလည်းကောင်း၊ ပါတီကိုလည်းကောင်း ဝေဖန်ပြောဆိုနိုင်သော်လည်း မိမိတို့၏ အတွင်းရေးနှင့်ပတ်သက်၍ ပါတီ၏ ကျင့်သုံးနေသော မူဝါဒနှင့် မကိုက်ညီသည့်လုပ်ဆောင်ချက်များကို တားမြစ်သတိပေးထားကြောင်း၊ သတိပေး၍မရပါက စောင့်ကြည့်မှုများပြုလုပ်၍ ပါတီစည်းကမ်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အစိတ်အပိုင်းကို တဖြည်းဖြည်းကြိုးစားသွားမည်ဖြစ်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လူငယ်ညီလာခံကို ယခင်က လူငယ်တာဝန်ခံများနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူငယ်ခေါင်းဆောင်ဟောင်းများ၊ လက်ရှိဗဟိုလူငယ်လုပ်ငန်းအဖွဲ့မှ လူငယ်များအပါအဝင် ၉၀ ခန့်တို့ဖြင့် နေပြည်တော်၌ ဇူလိုင် ၁ ရက်တွင် တစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဇော်ကြီး(ပဏီတ)**




**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမ-ဗဟိုကော်မတီ (သတ္တမ)အကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။**




**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမ-ဗဟိုကော်မတီအစည်းအဝေးကျင်းပခဲ့မှုနဲ့ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။**

---

**»» စာမျက်နှာ ၅ မှ**

ဖြေ။ ။ရင်းနှီးမြှုပ်နှံမှုမှာ အစ္စရေးနိုင်ငံက ပုဂ္ဂလိကကဏ္ဍက တစ်ခုပတ်သက်ဆက်နွယ်နေပါတယ်။ မြန်မာနိုင်ငံမှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာနဲ့ ပတ်သက်ပြီး အစ္စရေးနိုင်ငံက ပုဂ္ဂလိကကဏ္ဍကို သတင်းပေးဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံအကြောင်းသိဖို့ အကောင်းဆုံးနည်းလမ်းကတော့ စာတွေကတစ်ဆင့် ဖတ်နေရုံသာမကဘဲ သွားရောက်လည်ပတ်ဖို့လည်း လိုပါတယ်။ ဒါကြောင့် အစ္စရေးပြည်သူတွေ မြန်မာနိုင်ငံကို လာရောက်ဖို့နဲ့ မြန်မာပြည်သူတွေ အစ္စရေးနိုင်ငံကိုသွားရောက်ဖို့ ကျွန်တော်တို့ အားပေးပါတယ်။

မြန်မာနိုင်ငံက ဖြစ်နိုင်ဖွယ်ရာအလားအလာတွေနဲ့ စိန်ခေါ်မှုတွေကို ဖော်ထုတ်ဖို့နဲ့ စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်သွယ်မှုဖန်တီးနိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့ အစ္စရေးနိုင်ငံတည်ထောင်မှု၊ အစိုးရ၊ ပြည်သူနဲ့ ပုဂ္ဂလိကကဏ္ဍနဲ့တွေ့ဆုံဖို့ ပြီးခဲ့တဲ့လက အစ္စရေးနိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံက ဆက်သွယ်ရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးနဲ့ နည်းပညာနယ်ပယ်တွေမှာ လုပ်ငန်းလည်ပတ်နေတဲ့ အစ္စရေးကုမ္ပဏီတွေရှိပါတယ်။ အစိုးရတစ်ခုအနေနဲ့ ကျွန်တော်တို့အားပေးပေမယ့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုချည်းပဲ ပြုလုပ်မနေပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရင်းနှီးမြှုပ်နှံမှုချည်းပဲပြုလုပ်တာက ကျွန်တော်တို့အစိုးရလုပ်ဆောင်နေတဲ့ နည်းလမ်းမဟုတ်ပါဘူး။ အခြားနိုင်ငံတွေလို အလွန်ကြီးမားတဲ့စီမံကိန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလာတာ မဟုတ်ပေမယ့် အစိုးရအဆင့်မှာ လေ့ကျင့်ရေးနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်တွေမှာ အလေးပေးကူညီပေးပါတယ်။

မြန်မာနိုင်ငံက အလွန်ကိုစိတ်ဝင်စားစရာကောင်းတဲ့ အချိန်အခါ တစ်ရပ်ကြုံတွေ့နေရပြီး ဖွံ့ဖြိုးတိုးတက်မှုက ငြိမ်းချမ်းရေးရရှိစေမလား၊ ငြိမ်းချမ်းရေးက ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမလားဆိုတာ ဆွေးနွေးမှုတွေရှိခဲ့ပါတယ်။ တစ်ဖက်တည်းကို သီးသန့်ထားပြီး အခြားတစ်ဖက်ကို အလေးပေးနိုင်မယ်လို့ ကျွန်တော်မထင်ပါဘူး။ ဒါဟာ အလွန်အလေးထားပြီး အခြားသူတွေထံက အတွေ့အကြုံသင်ယူဖို့ လိုအပ်တဲ့စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကြိုးပမ်းမှုတွေဘယ်လိုပြုလုပ်တယ်ဆိုတာနဲ့ အလုပ်တွင်စေဖို့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အကူအညီ အသုံးပြုခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက အချိန်မရှိလို့ဖြစ်ပါတယ်။

**မေး။ ။မကြာသေးမီကပြုလုပ်ခဲ့တဲ့ ပင်လုံငြိမ်းချမ်းရေးညီလာခံမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်တွင်းစစ်ကို ကျွန်မတို့လုပ်ဆောင်ခဲ့တာမဟုတ်ပေမယ့် မျိုးဆက်သစ်တွေအတွက် ငြိမ်းချမ်းရေးကို စတင်ပြုလုပ်ရမယ်လို့ ပြောကြားခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူတွေရဲ့ပါဝင်ဆောင်ရွက်မှုကိုလည်း သူက ပြောကြားခဲ့ပါတယ်။ ဒါကြောင့် လူကြီးမင်းရဲ့အကြံပြုချက်အတိုင်း ကျွန်တော်တို့ နည်းလမ်းတွေကို မျှော်လင့်ပါတယ်။**

ဖြေ။ ။ဟုတ်ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့အတိုင်းပါပဲ။ စီးပွားရေး၊ ပညာရေးနဲ့ အခြားအမြင်အရ ခင်ဗျားအနေနဲ့ ကမ္ဘာကြီးရဲ့တစ်စိတ်တစ်ဒေသဖြစ်လာနေတယ်ဆိုတာကြည့်ဖို့ ဟိုဟိုသည်သည် လျှောက်ကြည့်သင့်ပါတယ်။ ကိုယ့်နိုင်ငံရဲ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ပဋိပက္ခတစ်ခုလိုထင်ရပေမယ့် ဒါက ကိုင်တွယ်ဖြေရှင်းရမယ့်ကိစ္စဖြစ်ပါတယ်။

**မေး။ ။စိန်ခေါ်မှုတွေက အခွင့်အလမ်းတွေ ဖြစ်လာနိုင်ပါသလား။**

ဖြေ။ ။စိန်ခေါ်မှုတွေက အမြဲတမ်းရှိနေပြီး ခင်ဗျားအနေနဲ့စိန်ခေါ်မှုတွေက ရှောင်ကြဉ်လို့မရနိုင်ပါဘူး။ ကမ္ဘာ့နိုင်ငံတွေကိုကြည့်မယ်ဆိုရင် စီးပွားရေး၊ လူမှုအဖွဲ့အစည်း၊ ပြည်တွင်း ဒါမှမဟုတ် ပြည်ပငြိမ်းချမ်းရေးစတဲ့ စိန်ခေါ်မှုတွေကင်းလွတ်တဲ့ နိုင်ငံရယ်လို့ မရှိပါဘူး။ ဖွံ့ဖြိုးဆဲတိုင်းပြည်တွေမှာတောင် လူဝင်မှုနဲ့ ကမ္ဘာ့ကုန်သွယ်မှုလို သူတို့ရဲ့သက်ဆိုင်ရာ စိန်ခေါ်မှုပြဿနာတွေရှိပါတယ်။

**မေး။ ။နောက်ဆုံးမေးခွန်းကတော့ မြန်မာနဲ့ အစ္စရေးအကြား နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဖို့နဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။မြန်မာနိုင်ငံကိုလာရောက်မယ့် အစ္စရေး ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကုမ္ပဏီတွေအနေနဲ့ စိန်ခေါ်မှုအချို့ရှိနေပါလိမ့်မယ်။ ကျွန်တော်တို့ ဇောက်ချဆောင်ရွက်မှာကတော့ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ စိုက်ပျိုးရေး၊ ပညာရေးနဲ့ ဆေးဝါးလို အစ္စရေးနိုင်ငံရဲ့ အတွေ့အကြုံနဲ့ ပတ်သက်တဲ့ အားသာချက်တွေဖြစ်ပါတယ်။ အပူပိုင်းဒေသ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့ရဲ့အတွေ့အကြုံ၊ နည်းပညာတွေကို မြန်မာနိုင်ငံကို မျှဝေပေးနိုင်ပါတယ်။ မြန်မာနဲ့အစ္စရေးကြား ပူးပေါင်းဆောင်ရွက်မှုအချို့နဲ့ လုပ်ဆောင်ဆဲ စီမံကိန်းတွေရှိပေမယ့် ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က မြန်မာအာဏာ ပိုင်တွေရဲ့ စိတ်ဝင်စားမှုနဲ့ လိုလားမှုတွေအတိုင်း ကျွန်တော်တို့ရဲ့ကြိုးပမ်းမှုတွေကို အလေးပေးဆောင်ရွက်ဖို့ဖြစ်ပါတယ်။

## မှုခင်းအသိပညာပေး ဆွေးနွေး

**ရန်ကုန် ဇွန် ၂၅**
သက်ငယ်မုဒိမ်းမှုပပျောက်ရေးမှုခင်းအသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၃ ရက်က သင်္ဃန်းကျွန်းမြို့နယ်(ဃ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ပြုလုပ်ရာ သင်္ဃန်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦးက ပညာပေးဆွေးနွေးသည်။ ဆွေးနွေးပွဲသို့(ဃ)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူ ၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)ပိတ်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၅**
၂၀၁၇ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ) ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် စာတမ်းရှင်များက ဇွန် ၂၄ ရက်တွင် တက္ကသိုလ်များ၌ Faculty များ ဖွဲ့စည်းတည်ထောင်ရေးစာတမ်း၊ ဆရာ၊ ကျောင်းသားဆိုင်ရာ ကိစ္စရပ်များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးစာတမ်း၊ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ရေးစာတမ်း၊ Credit Transfer System ကို အဆင့်မြင့်ပညာတက္ကသိုလ်များတွင် လက်တွေ့ကျင့်သုံးနိုင်ရေးစာတမ်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးစာတမ်း ငါးစောင် ဖတ်ကြားတင်သွင်းခဲ့ပြီး ယနေ့တွင် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်(မူကြမ်း) ပြင်ဆင်ပြုစုရေးစာတမ်း၊ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများလက်ခံခြင်းနှင့် တက္ကသိုလ်ပြောင်း၊ ဘာသာရပ်ပြောင်း လျှောက်ထားလာခြင်းအပေါ် ဆောင်ရွက်နိုင်ရေး စာတမ်း၊ တက္ကသိုလ်၊ ကောလိပ်များတွင် Internal Quality Assurance ကို ပီပြင်စွာကျင့်သုံးနိုင်ရေးနှင့် တက္ကသိုလ်များ၏ Ranking သတ်မှတ်နိုင်ရေးစာတမ်း၊ ဆရာ ဆရာမများ၏ ရာထူးတိုး/ပြောင်းရေးမှုများ သတ်မှတ်နိုင်ရေးစာတမ်း၊ အရည်အသွေးပိုမိုကောင်းမွန်သော အဝေးသင်ပညာရေးစနစ်ပေါ်ထွက်လာရေးစာတမ်း၊ ဆရာ ဆရာမ၊ အရာထမ်း၊ အမှုထမ်းများ အရည်အသွေးမြင့်မားရေးအားပေးဆောင်ရွက်ရေးစာတမ်း စသည့် စာတမ်းငါးစောင်တို့ကို ဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက စာတမ်းအလိုက် ညှိနှိုင်းရရှိချက်များကို အကြံပြုဆွေးနွေးခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲအတည်ပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနက မူလတန်းသင်ရိုးသင်ယူသူများအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်းပညာ ဆက်လက်သင်ယူပြီးမြောက်သည့်အခါတွင် သင်ယူသူ၏ဝါသနာ၊ ဆန္ဒနှင့်အရည်အချင်းအရ နည်းပညာနှင့်သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများတက်နိုင်မည့် အခွင့်အလမ်းပိုမိုရရှိရေး၊ တက္ကသိုလ်ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများပိုမိုရရှိအောင် တွန်းအားပေးကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအားလုံး လူတော်လူကောင်းများ ဖြစ်လာရေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သော စိတ်ဓာတ်ဖြင့် တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်ရေး၊ တီထွင်ကြံဆမှုစွမ်းရည်မြင့်မားရေးအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ပြုစုကြိုးပမ်းလျက်ရှိပါကြောင်း၊ ဇွန် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တင်သွင်းသည့် စာတမ်း ၁၀ စောင်နှင့် ဗြိတိသျှကောင်စီမှ လေ့လာဆန်းစစ်အကြံပြုချက်အစီရင်ခံစာများသည် ပိုမိုတန်ဖိုးရှိသည့် ပညာရေးကို ဦးတည်ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အရေးပါသည့်စာတမ်းများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)သည် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ကျောင်းသား ကျောင်းသူများအတွက် အမျိုးသားပညာရေးဥပဒေ ပြင်ဆင်သည့်ဥပဒေနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) တို့နှင့်အညီ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေး ခရီးရှည်အတွက် စတင်လိုက်သည့်ခြေလှမ်း၊ အောင်မြင်မှု၏အစအဖြစ် သတ်မှတ်နိုင်မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**





## Miss Universe Sittwe 2017 Winner ဆုကို စစ်တွေမြို့နယ်ကိုယ်စားပြုအလှမယ် ဆွတ်ခူး

**စစ်တွေ ဇွန် ၂၅**
စစ်တွေမြို့တွင် ကျင်းပသည့် တတိယအကြိမ်မြောက် Miss Universe Sittwe 2017 ပြိုင်ပွဲကို ဇွန် ၂၄ ရက် ညနေပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် Winner ဆုကို စစ်တွေမြို့နယ်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် ကေခိုင်(No.12 )က ဆွတ်ခူးရရှိခဲ့ပြီး First Runner ဆုကို တောင်ကုတ်မြို့နယ်ကိုယ်စားပြု လုလုလေး(No.10) နှင့် Second Runner ဆုကို စစ်တွေမြို့နယ် ကိုယ်စားပြုဝင်ရောက်ယှဉ်ခဲ့သည့် ခင်စုလှိုင်(No. 5)က ရရှိခဲ့ကြသည်။

Miss Universe Sittwe ပထမအကြိမ်တွင် ရသေ့တောင်ကိုယ်စားပြု မချိုချိုထွန်းက ရရှိခဲ့ပြီး ဒုတိယအကြိမ်တွင် မြောက်ဦးကိုယ်စားပြု မခိုင်သန္တာလင်းက ရရှိခဲ့ကာ ယခုတတိယအကြိမ်တွင် စစ်တွေမြို့နယ်ကိုယ်စားပြု ကေခိုင်က ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ Miss Universe Sittwe 2017 ပြိုင်ပွဲသို့ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ၁၇ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။
**တင်ထွန်း(ပြန်/ဆက်)**

# ယနေ့ခေတ် ပညာရေးနှင့် ပညာရေးအမြင် ဟောပြောဆွေးနွေး

**ရန်ကုန် ဇွန် ၂၅**
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်တို့ ပူးပေါင်းကျင်းပသည့် "ယနေ့ခေတ်ပညာရေးနဲ့ ပညာရေးအမြင်" ဟောပြောဆွေးနွေးပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင် ပြန်/ဆက် ဦးစီးဌာန ဘက်စုံသုံးခန်းမ၌ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစမ်း၊ မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးတို့က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြောကြားကြသည်။



ထို့နောက် ပညာရေးကောင်းမွန်ရေးအတွက် မိဘ၊ ဆရာနှင့် ကျောင်းသား ပူးပေါင်းဆောင်ရွက်ရန်နှင့် သင်ကြားရမည့် ဘာသာရပ်များကို ဆရာ ဆရာမများ ကျွမ်းကျင်နှံ့စပ်ရန်လိုအပ်ပြီး စည်းကမ်းထိန်းသိမ်းရာတွင် အလျှော့အတင်း ပြုလုပ်ထိန်းကျောင်းတတ်ရန် လိုအပ်ကြောင်း ကျောင်းသားများ၏ အရည်အချင်းအခြေအနေမှန်ကန်မှုအတွက် ဆရာ ဆရာမများနှင့် မိဘများ အမြဲဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးစိတ်ပညာဌာနမှ ပါမောက္ခ(ငြိမ်း) ဆရာမကြီး ဒေါ်နုနုဝင်းတင်က ဟောပြောရာ တက်ရောက်လာကြသူများ၏သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက်မှူး ဒေါ်ခင်နှင်းဦးက လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။
**ညဏ်ဟိန်း (အင်းစိန်)**

❖ **ကျောဖုံးမှ**
ယာယီပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယင်းကပ္ပလီနယ်မြေ၌ မေ ၂၉ ရက်က မုန်တိုင်းအရှိန်ကြောင့် လေပြင်းတိုက်ခတ်ပြီး ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် သောင်ကမ်းပါးများပြိုကျ၍ လူနေအိမ်လေးလုံးပျက်စီးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယင်းဖြစ်စဉ်များကြောင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က ပင်လယ်ကမ်းစပ်နှင့်ဝေးရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် ဒေသခံများကို ပြောကြားထားခဲ့ကြောင်းနှင့် ဒေသခံများအနေဖြင့် လိုက်နာဆောင်ရွက်မှုမရှိသည့်အတွက် ယခုကဲ့သို့ ဖြစ်စဉ်များထပ်မံဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း သိရသည်။

ကပ္ပလီနယ်မြေ၌ ဒေသခံအိမ်ခြေ ၄၂ အိမ်ရှိပြီး နယ်ဝေးမှ ရေလုပ်ငန်းခေတ္တလာရောက်လုပ်ကိုင်သည့် အိမ်ခြေ ၁၁ လုံးရှိကြောင်း၊ ကပ္ပလီနယ်မြေသည် ယခင်ဟိုင်းကြီးကျွန်းကို မြို့အဖြစ် မသတ်မှတ်ခင်အချိန်ကတည်းက ကပ္ပလီရွာအမည်ဖြင့် ဥယျာဉ်ခြံမြေများဖြင့် နေထိုင်လာခဲ့ကြပြီး ပင်လယ်ရေတိုက်စားခံရမှုများကြောင့် ရေလွတ်ရာသို့ တဖြည်းဖြည်းပြောင်းရွှေ့လာရင်း တချို့မြေပိုင်ဆိုင်သူများပင် သူတစ်ပါးမြေတွင် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ပေး၍ မြေငှားဖြင့် လုပ်ကိုင်စားသောက်နေကြရကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့က ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် ညွှန်ကြားခဲ့သော်လည်း မိမိတို့အနေဖြင့် မကြာခဏ ရေလွတ်ရာသို့ ပြောင်းရွှေ့ရာမှ ယခုထပ်မံပြောင်းရွှေ့စရာမြေမရှိတော့ကြောင်း၊ မကြာခဏအိမ်များဖျက်၍ ပြောင်းရွှေ့နေရခြင်းဖြစ်သည့်အတွက် ယခုအချိန်တွင် အိမ်တစ်လုံးပြန်ဆောက်ရန်ပင် ငွေကြေးအခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း၊ ယခု သုံးလတွင် ယာယီအိမ်ဆောက်နေရန် နေရာချထားပေးမှုကို ကျေးဇူးတင်သော်လည်း သုံးလပြည့်ပါက ဆောက်ပြီးသားအိမ်ကိုဖျက်၍ ကမ်းခြေသို့ပင် ပြန်သွားနေရမည့်အခြေအနေရှိပါကြောင်း၊ လက်ရှိ ကျွန်တော်တို့နေထိုင်လျက်ရှိသော နေရာအနီးတွင် ရေလွတ်ပြီး ပိုင်ဆိုင်သူမရှိသည့်နေရာတွင် အိမ်ရာများကို ချထားပေးနိုင်မည်ဆိုပါက ပို၍အဆင်ပြေနိုင်ကြောင်း ကပ္ပလီနယ်မြေမှ ဒေသခံဦးအောင်ဇော်ဝင်းက မီဒီယာကို ပြောသည်။

ယခုအချိန်တွင် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုခံနေရသော အိမ်ခြေ ၁၉ လုံးအနက် ခုနစ်လုံးသာ ပြောင်းရွှေ့နေထိုင်ရန် သဘောတူညီမှုရရှိထားပြီး အိမ်ခြေ ၁၂ လုံးမှာ နေ၍မရသည့်အခြေအနေမှ ပြောင်းရွှေ့မည့်အစီအစဉ်ရှိကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အိမ်ခြေ ၁၉ လုံးကို သုံးလခန့် ယာယီပြောင်းရွှေ့၍ နေအိမ်ဆောက်လုပ်နေထိုင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးထားကြောင်းနှင့် ဒေသခံများ၏ အခက်အခဲများကို ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ တင်ပြဆောင်ရွက်သွားကြရန် ပြောကြားထားကြောင်း သိရသည်။
**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# အကောက်ခွန်နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ ဂျပန်နိုင်ငံတွင် လေ့လာ



**ရန်ကုန် ဇွန် ၂၅**

အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းနှင့် နှောင်းစာရင်း စစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲများကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့ပြီးနောက် အကောက်ခွန်နှောင်းစာရင်း စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများကို ဂျပန်နိုင်ငံတွင် သွားရောက်လေ့လာခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဂျပန်နိုင်ငံ ကိုဘေမြို့၌ ကျင်းပခဲ့သည့် Seminar for Myanmar Customs on CV & PCA in Japan ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာအကောက်ခွန် အရာထမ်း ၁၈ ဦးနှင့် ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ကျွမ်းကျင်ပညာရှင် Mr.Shuhei Ueno ဦးဆောင်သော အဖွဲ့ဝင် သုံးဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အကောက်ခွန် နှောင်းစာရင်း စစ်ဆေးခြင်းသည် စနစ်ကျသည့် အကောက်ခွန်ထိန်းချုပ်မှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ ပါဝင်သည့် အစစ်ဆေးခံထိုက်သော ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ၏ မည်သည့်စနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော မှတ်တမ်းမှတ်ရာများ၊ ကုန်သွယ်မှုနည်းလမ်းများကို စစ်ဆေးခြင်းဖြင့် ကုန်ပစ္စည်းကြေညာလွှာများ၏ မှန်ကန်တိကျမှုအပေါ် အကောက်ခွန်ဦးစီးဌာနက ကျေနပ်လက်ခံနိုင်သည်အထိ စစ်ဆေးနိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

နှောင်းစာရင်း စစ်ဆေးခြင်းသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုသည့် အကောက်ခွန်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။ တင်သွင်းလာသော ကုန်ပစ္စည်းများ သက်ဆိုင်ရာ ရေဆိပ်၊ လေဆိပ်နှင့် နယ်စပ် စစ်ဆေးရေးစခန်းများသို့ ရောက်ရှိပြီးနောက် ကုန်ပစ္စည်း ရှင်းလင်းထုတ်ယူခြင်းမပြုမီ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းသည် အချိန်ယူလုပ်ဆောင်ရသောကြောင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို အဟန့်အတားဖြစ်စေရာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် WTO Valuation အရ ကုန်ပစ္စည်း၏ အမှန်တန်ဖိုးအပေါ်အခြေခံပြီး အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းကြောင့် ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာသည်နှင့်အမျှ အကောက်ခွန်တန်ဖိုး သတ်မှတ်ရာတွင် ရှိလာနိုင်သည့် Risk များကို လျှော့ချ တင်သွင်း၊ တင်ပို့မှုစာရင်းများ၊ အကောက်ခွန်ကြေညာလွှာများ၊ ကုန်သွယ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသည့် မှတ်တမ်းမှတ်ရာများ၊ စာရွက်စာတမ်းများအား ပြန်လည်စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ တင်သွင်း၊ တင်ပို့ ကုမ္ပဏီများမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာမှု ရှိပါက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုစေမည်ဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းစဉ်တွင် ကုန်သွယ်ဘက်နိုင်ငံများ၏ ယုံကြည်ကိုးစားမှု ပိုမိုရရှိနိုင်မည်ဟု သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့အကောက်ခွန်အဖွဲ့(WCO)၏ ၁၀၉ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် မြန်မာ့အကောက်ခွန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (MACCS) လုပ်ငန်းစဉ်ကို အကောက်ခွန်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ် (၁၄) ရပ်တွင် အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း လုပ်ငန်းစဉ်မှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

## တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြော

**ရန်ကုန် ဇွန် ၂၅**။ ။တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက မှော်ဘီမြို့နယ် ရိုးဝေကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲသို့ တက်ရောက်လာသူ ၅၃ ဦးအား မှော်ဘီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဝါဝါအုန်းနှင့် ဒု-ဦးစီးမှူးများက တိရစ္ဆာန်ကူးစက်ရောဂါများအကြောင်း၊ ကာကွယ်ဆေးများအကြောင်း ပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တစ်နိုင်တစ်ပိုင် ဝက်မွေးသူများအား ပိုးသတ်ဆေးများ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိသားစုကမ္ဘာ သာယာဖို့ အန္တရာယ်မူးယစ် ဆန့်ကျင်စို့

❖ မူးယစ်ရန်စွယ် အန္တရာယ်
စုပေါင်းတိုက်ဖျက်မယ်။
ရှောင်လေဝေးဝေး မူးယစ်ဆေး
မသုံးစွဲကြနှင့်လေး။

❖ သက်ရှည်ကျန်းမာ တို့ကမ္ဘာ
မူးယစ်ဆေးဝါး တိုက်ဖျက်ပါ။
အားကစားဖြင့် မျိုးဂုဏ်မြှင့်
မူးယစ်ဆေးကို ဆန့်ကျင်သင့်။

❖ မူးယစ်စွဲသူ ဖေးမကူ
ရှောင်းချသူကို အရေးယူ။
ပြိုင်တူဆောင်ရွက် တိုင်းပြည်တွက်
စုပေါင်းတိုက်ဖျက် လက်တွဲလျက်။

❖ မူးယစ်ကင်းစင် ပြည်တစ်ခွင်
အနာဂတ်ပန်းများ လန်းစေချင်
မိသားစုကမ္ဘာ သာယာဖို့
အန္တရာယ်မူးယစ် ဆန့်ကျင်စို့။ ။

ဇင်ခန့်နိုင်

(အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုပါသည်။)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇွန် ၁၄ ရက်မှ ဇွန် ၂၀ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မြတ်ဘုရားရွှေတိဂုံ | သခင်အောင်ဖေ | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂ | ကမ္ဘာကိုကိုင်လှုပ်သော ထို ၁၀ ရက် | တင်ထွေး | ၃၀၀၀ | ယဉ်မျိုး |
| ၃ | နာကျင်ခြင်း မျက်ရည်စတွေနဲ့ | သန့်ဇော်(သန်လျင်) | ၃၀၀၀ | ယဉ်မျိုး |
| ၄ | တိမ်ပင်လယ်တောင်စွယ်တန်းနှင့် ရဟန်းတစ်ပါး | ပေါက်ကြူက်သာသနာပြု | ၁၅၀၀ | ယဉ်မျိုး |
| ၅ | မော်စီတုန်းအတွေးအခေါ်အခြေခံများ | ခိုင်စိုး | ၁၈၀၀ | ယဉ်မျိုး |
| ၆ | စီးပွားရေးသုံး အီးမေးလ်နှင့်ပေးစာများ | ဦးဖြိုးကြွယ်မြင့် | ၃၀၀၀ | မဇ္ဈိမ |
| ၇ | နာရီတစ်လုံးရဲ့အလျား | နိုင်ဝင်းသီ | ၂၅၀၀ | ကောင်းဆုသာ |
| ၈ | ဒန်နီယယ်ဝက်(ဖ်)စတာ | ကျော်မင်းစံ | ၂၀၀၀ | MKS Publishng |
| ၉ | အလက်ာကျော်စွာစောင်းဦးဘသန်း၏ စောင်းတီးခတ်ပုံနည်းစနစ် | မြန်စာဂုဏ်ကွန်းဇော်ထွန်း၊ မောင်ဝင်းကျော် | ၄၀၀၀ | လဝန်းသစ် |
| ၁၀ | ကောင်ကင်နှစ်ထပ်၊ အတောင်ပံနှစ်စုံကဗျာများ | မောင်ခင်မိုင်း၊ တမာမြေ၊ဖြိုးဝေ | ၁၅၀၀ | ခေတ်ပြတိုက် |
| ၁၁ | An Introduction to Myanmar Culture (မြန်မာ့ယဉ်ကျေးမှုနိဒါန်း) | မောင်ဝင်းဝါ | ၂၅၀၀ | - |
| ၁၂ | ဇဝနဝတ္ထုတိုပေါင်းချုပ် (၁) | ဇဝန | ၅၅၀၀ | the key |
| ၁၃ | မိသားစုဘဝသာယာရေးနှင့် မိဘတို့၏ပြဿနာများ | မောင်လွင်ပြင် | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၄ | ကုန်းဘောင်ခေတ် ပြည်တွင်းပြည်ပကုန်သွယ်ရေး | တင်နိုင်တိုး | ၃၀၀၀ | အလင်းသစ် |
| ၁၅ | စင်ကာပူကိုတည်ထောင်ခဲ့သော ခေါင်းဆောင်ကြီး လီကွမ်ယု | ဇင်မျိုး | ၉၀၀ | စိတ်ကူးချိုချို |
| ၁၆ | The Earliest Religious Bulidings discovered at the Ancient City of wadee, Myanmar | Ko Myo (Arimaddana) | ၃၀၀၀ | ထွန်းဖောင်ဒေးရှင်း |
| ၁၇ | ကြုံတွေ့သမျှ ဘုံဝလေ့ ဘဝဇာတ်လမ်းစုံ | ဗိုလ်ချုပ်မြေထင်တင်ဝင်း | ၂၀၀၀ | ဓမ္မရောင်ခြည် |
| ၁၈ | ကျွန်ုပ်တို့၏ မြန်မာစာ | မောင်ခင်မင်(ဓနုဖြူ) | ၂၀၀၀ | ဇွန်ပွင့် |
| ၁၉ | ငရဲကလာတဲ့ အောက်ဆီဂျင် | - | ၂၀၀၀ | ငါတို့စာပေ |
| ၂၀ | ဒေါက်တာဟန်နရီလီ ဖော်ထုတ်ခဲ့သောဖြစ်ရပ်မှန်မှုခင်းများ | နိုင်းနိုင်းစနေ | ၃၀၀၀ | - |
| ၂၁ | အဖြေရှာရခက်တဲ့ပုစ္ဆာ | ဒေါက်တာဖြိုးသီဟ | ၃၀၀၀ | wisdom house |
| ၂၂ | ညွှန့်ညွှန့်စိန်တို့ချောက်ထဲကျဖို့ လက်တစ်လုံးအလို | ဝေဖြိုးမောင် | ၂၅၀၀ | စာပေနန်းတော် |
| ၂၃ | လှပရုပ်စုံကာတွန်းများ(၁) | ပန်းချီဦးဘကြည် | ၇၅၀၀ | စိတ်ကူးချိုချို |
| ၂၄ | ရေဘဝဲစားသူများနှင့်လက်ရွေးစင် ကိုရီးယား ခရီးသွားစာစုများ အမှတ်(၂) | နိုင်ဇော် | ၂၀၀၀ | မျိုးမြန်မာ |
| ၂၅ | စာရေးဆရာနှင့်စာပေရေးသားခြင်း အနုပညာ | စေတနာလှိုင်(ရေစကြို) | ၃၀၀၀ | စိတ်ကူးချိုချို |
| ၂၆ | မဟာစည်ဆရာတော်နှင့် ယနေ့ခေတ် ဝိပဿနာရှုနည်းများ | သာမဏေကျော် | ၄၅၀ | သာမဏေကျော် |
| ၂၇ | ဝိပဿနာဆိုင်ရာအမေး (၂၂၂) အဖြေ(၂၂၂) | သာမဏေကျော် | ၁၀၀၀ | သာမဏေကျော် |
| ၂၈ | လွမ်းသူရဲ့ပွဲ | ဆင်ဖြူကျွန်းအောင်သိန်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၂၉ | ကမ္မဋ္ဌာန်းဆရာတို့အတွက် လက်စွဲပါဠိအကိုးများ | သာမဏေကျော် | ၂၅၀၀ | သာမဏေကျော် |
| ၃၀ | ၂၀၁၆ မောင်တောဂျီဟတ် (ရခိုင်အရေးလေ့လာချက်စာစုများ) | ငြိမ်းချမ်းသာ | ၁၅၀၀ | - |
| ၃၁ | ဖေဖေ့ရင်ခွင်နှင့်အခြားဝတ္ထုတိုများ | အသွင်ဆန်း(ပခုက္ကူ) | ၂၀၀၀ | ရှင်မတောင် |
| ၃၂ | လက်တွေ့အသုံးချဥပဒေပညာ | ဦးခင်ဇော်(မရမ်းကုန်း) | ၅၀၀၀ | - |
| ၃၃ | လျှပ်တစ်ပြက်ဂျပန် | မင်းကျော် | ၂၃၀၀ | - |
| ၃၄ | တိုယိုဒါမှတိုယိုတာသို့ | ခင်ဇော် | ၂၀၀၀ | - |
| ၃၅ | တိုင်းမင်းကြီးသမီးမှ ညွှန်ကြားရေးမှူးချုပ်ကတော်သို့ | တက္ကသိုလ်မြစိမ်း | ၆၀၀၀ | နေရီရီ |
| ၃၆ | မွေ့ခံထိုက်စေမြန်မာပီသစာဂီတအမွေ | တက္ကသိုလ်မြတ်သူ | ၄၅၀၀ | အမေ့သားစာပေ |
| ၃၇ | မောင်မျက်ရည်ထဲမှာ အချစ်ကပန်းပွင့်ပါ | ကလောင်စုံ | ၁၈၀၀ | ရွှေဗညားစာပေ |
| ၃၈ | ခေတ်နဲ့လည်းယှဉ်ပွဲတင်လည်းထပ် ဗုဒ္ဓအလိုကျမွေဆောင်းပါးများ | ဦးဆန်းလင်း(ဆည်မြောင်း) | ၃၀၀၀ | ရွှေရည်ဦးစာပေ |
| ၃၉ | သေဘေးမှနှစ်ခါလွတ်သူနှင့် ထူးထူးခြားခြားဖြစ်ရပ်များ | ဆလိုင်းရွှေလင်း | ၇၀၀ | ဇင်ရတနာစာပေ |

# နာဂဒေသဘိုးဘွား ၄၀၀ ခန့် မှတ်ပုံတင်မရှိ၍ လူမှုရေးပင်စင်မရဖြစ်နေသော်လည်း ဒုတိယအကြိမ်တွင် ရရှိအောင်ပေါင်းစပ်ဆောင်ရွက်ပေးမည်



**လဟယ် ဇွန် ၂၅**
နိုင်ငံတော်ကပေးသည့် လူမှုရေးပင်စင်ငွေရရှိရန် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တို့တွင် လဟယ်မြို့နယ်အနေဖြင့် အသက်(၉၀)နှင့်အထက် ဘိုးဘွား ၄၀၀ ခန့် စာရင်းပေးထားသော်လည်း အထောက်အထားမရှိ၍ မရသေးသော်လည်း ဒုတိယအကြိမ်တွင် ရရှိအောင် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

"အထောက်အထားမရှိတဲ့ ဘိုးဘွားတွေကို နာဂဒေသဦးစီးနဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးတို့ပူးပေါင်းပြီးလုပ်ခိုင်းထားပါတယ်။ ဖြေလျှော့တဲ့အနေနဲ့ နာဂဒေသမှာရှိတဲ့ မြို့မိမြို့ဖနဲ့ ရပ်ကျေးက ထောက်ခံမယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ လူဝင်မှုကြီးကြပ်ရေးကထောက်ခံရင် ပင်စင်ထောက်ပံ့ကြေးပေးဖို့ စီစဉ်ထားပါတယ်။ ဒါက ယာယီပါ။ နောက်မှာ အမြဲတမ်းရဖို့အတွက် မှတ်ပုံတင်ရှိဖို့လိုပါတယ်။ သန်းခေါင်စာရင်းနဲ့မှတ်ပုံတင်ထဲက မွေးသက္ကရာဇ်လွဲရင် မှတ်ပုံတင်ထဲကဟာကိုပဲ အတည်ယူပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က ပြောသည်။

ဇွန်လအတွင်းပေးမည့် သုံးလစာ ကျပ် ၃၀၀၀၀ ကို နာဂဒေသတွင် လေရှီးမြို့မှ ဘိုးဘွား လေးဦးသာရမည်ဖြစ်ပြီး နန်းယွန်းမြို့နယ်တွင် လျှောက်ထားသူမရှိကြောင်း သိရသည်။ ယခု ပထမသုံးလစာ ကန့်သတ်ရက် ကျော်သွား၍ ထောက်ပံ့ကြေးမရသော်လည်း အထောက်အထားဖြင့် တင်ပြပြီး အသက်ပြည့်ပါက ဒုတိယသုံးလတွင် ထည့်ပေးပြီး ပထမသုံးလစာကိုပါ ရရှိအောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် လူမှုရေး ပင်စင်ရရှိရန် စာရင်းပေးသူအဘိုးအဘွား ၃၆၉၄ ဦးရှိပြီး အထောက်အထားမပြည့်စုံမှုများကို စိစစ်ရာ ၃၃၀၇ ဦးသာ ပထမအကြိမ် သုံးလစာ ထောက်ပံ့ကြေး စတင်ရရှိမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၃၇ မြို့နယ်တွင် လူမှုရေးပင်စင်အများဆုံး ရရှိမည့်မြို့နယ်သည် စစ်ကိုင်းမြို့နယ်ဖြစ်ပြီး စစ်ကိုင်းမြို့နယ်မှ ၃၂၄ ဦးနှင့် မုံရွာမြို့နယ်မှ ၂၅၉ ဦးရှိပြီး အနည်းဆုံးမှာ တစ်ဦးသာရှိသည့် ခန္တီးမြို့နယ်ဖြစ်သည်။ နိုင်ငံတော်မှ အသက်(၉၀) နှင့်အထက် အဘိုးအဘွားများကို ပထမဆုံးအကြိမ်အဖြစ် လူမှုရေးပင်စင် တစ်လ ကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာကို ဇွန်လအတွင်း စတင်ပေးအပ်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အဘိုးအဘွားများ မှတ်ပုံတင်၊ သန်းခေါင်စာရင်းစသော အထောက်အထားများမရှိ၍ထောက်ပံ့ငွေမရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လူမှုရေးပင်စင်ပေးရာတွင် ဘိုးဘွားများ၏နေအိမ်အရောက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးပိုင်းက သွားရောက်ပေးအပ်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■

# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးခွဲ ယခုနှစ် စက်တင်ဘာလတွင် ချင်းပြည်နယ်၌ ဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၂၅**
ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ချင်းပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးခွဲကို ယခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA) ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဇွန် ၂၃ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော် ဒုတိယသမ္မတ(၁) ဦးဆောင်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ချင်းပြည်နယ်နှင့်ပတ်သက်၍ အခက်အခဲများကို တင်ပြခဲ့ရာတွင် ကုန်သွယ်မှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ကူညီဆောင်ရွက်ပေးနိုင်မည့် စီးပွားကူးသန်းရောင်းဝယ်ဖွံ့ဖြိုးတိုးတက်နိုင်ရန် ကျွမ်းကျင်ပညာရှင်များနှင့် ဖွဲ့စည်းထားသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖွင့်ပေးပါရန် တင်ပြခဲ့ခြင်းအပေါ် ဦးတိုးအောင်မြင့် (အမြဲတမ်းအတွင်းဝန်) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ချင်းပြည်နယ်တွင် စားသုံးသူရေးရာဦးစီးဌာန ဖွင့်လှစ်ထားရှိပြီး ဖြစ်ကြောင်းနှင့် ဦးအောင်နိုင်ဦး (ညွှန်ကြားရေးမှူးချုပ်) DICA ကလည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးခွဲကို ယခုနှစ် စက်တင်ဘာလတွင် ချင်းပြည်နယ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးပြန်လည်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဖွံ့ဖြိုးမှုနောက်ကျနေသည့် ချင်းပြည်နယ်၏ ကြုံတွေ့နေရသည့် အခက်အခဲများကို ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာရွှေဟိန်းက တင်ပြသွားခဲ့ပြီး ချင်းပြည်နယ်တွင် အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများအတွက် ချေးငွေမရရှိဘဲ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ SMIDB Bank သို့ သွားလျှောက်ရသည့်အပြင် လိုအပ်ချက်များလွန်းသဖြင့် ဖြေလျှော့ပေးရန် တင်ပြခဲ့သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောင်ရွက်နေပြီး ဖွံ့ဖြိုးမှုနည်းပါးနေသော ချင်းပြည်နယ်ကို ဦးစားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဦးကျော်ဝင်းက အဆိုပါတွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် စျေးကွက် အနေအထားတို့အပေါ် လက်ရှိ ချင်းပြည်နယ်၏ ကော်ဖီကို ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အများဆုံး စိတ်ဝင်စားမှုရှိနေပြီး မကြာမီ စျေးကွက် ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော် ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေက ချင်းပြည်နယ်တွင် ပုဂ္ဂလိကကဏ္ဍ အားနည်းနေမှုကို အမြန်ဆုံး အကောင်အထည်ဖော်ပေးနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို လမ်းညွှန်ခဲ့ကြောင်း သိရသည်။

**(၀၀၁)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ကြေးမုံ သတင်းအတိုအထွာများ

### ငွေဆောင်မြို့ နတ်ကုန်းကျေးရွာတွင် ကြွက် ၁၀၀၀ ခန့် ဝင်ရောက်

**ငွေဆောင် ဇွန် ၂၅**
ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငကွကျေးရွာအုပ်စု နတ်ကုန်းကျေးရွာရှိ ကွင်းအမှတ်(၆၂၄)တွင် ဇွန် ၂၁ ရက်က ကြွက်ဝမ်းဖြူ ခန့်မှန်းကောင်ရေ တစ်ထောင်ခန့် ရွာဟောင်းကြီးကျေးရွာဘက်မှ ဝင်ရောက်လာသဖြင့် ဦးဂျိနိုနှင့် ငါးဦးပါအဖွဲ့က တုတ်များဖြင့် လိုက်လံရိုက်သတ်ခဲ့ရာ အကောင် ၁၅၀ ခန့် အသေဖမ်းမိခဲ့သဖြင့် မြေမြှုပ်ခဲ့သည်။ ယင်းကြွက်များ ဝင်ရောက်ခြင်းကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ ဝါးပင်များမှ အရွက်နုလေးများကိုစားသုံးကြပြီး ကိုင်းချောင်း ချောင်းရိုးအတိုင်း ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ပုသိမ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ကြွက်များတွေ့ရှိမှုနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့ရာ နတ်ကုန်းကျေးရွာမှ တောင်သူ ၅၀ ခန့် တက်ရောက်ခဲ့သည်။ **မူမူ(ပြန်/ဆက်)**

### စိုက်ထားသည့်သစ်ပင် ဖျက်ဆီးသူများအား စုံစမ်းဖော်ထုတ်

**ရေး ဇွန် ၂၅**
မွန်ပြည်နယ် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တနသ်ာရီလမ်းမကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာရှေ့၌ စိုက်ထားသည့် မြေခွေးမြီး အပင် ၂၀ ခန့်ကို ဇွန် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖျက်ဆီးခဲ့မှုဖြစ်ပွားခဲ့ရာ ဖျက် သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ **ထွဋ်ထွဋ်(ရေး)**

### လယ်ယာကဏ္ဍဘက်စုံအဆင့်မြင့်နည်းပညာပေး

**ဘားအံ ဇွန် ၂၅**
ကရင်ပြည်နယ်အတွင်း တောင်သူများအကျိုးအမြတ်ပိုမိုရရှိစေရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံသီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနှင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်နည်း တောင်သူပညာပေးပွဲကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် စံပြကျေးရွာ(မြိုင်ကလေး) ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ကျင်းပရာ တက်ရောက်လာကြသော တောင်သူများအား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်လင်းက ဓာတ်မြေဩဇာနှင့် သဘာဝမြေဆွေးသုံးစွဲမှုနှင့် အထွက်တိုးစိုက်ပျိုးနည်းစနစ်များအကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများက မိုးစပါးစိုက်ပျိုးရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ နည်းပညာလိုအပ်ချက်များနှင့် ရိတ်သိမ်းချိန်တွင် ဆန်စပါးစျေးကွက်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

### ရပ်ကွက်တွင်း ရေနုတ်မြောင်းများတူးဖော်

**ညောင်လေးပင် ဇွန် ၂၅**
ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၂)ရပ်ကွက် နတ်စင်လမ်းတွင် မိုးများရွာသွန်းပါက ရေများတင်ကျန်မှုများကြောင့် ခရီးသွားလာသူများ အခက်အခဲဖြစ်ပေါ်လျက်ရှိ၍ ရေစီးရေလာကောင်းမွန်စေရန် ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းပြီး အဆိုပါ နတ်စင်လမ်းတစ်လျှောက် ရေနုတ်မြောင်းများ တူးဖော်ခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

### အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

**ထီးချိုင့် ဇွန် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဆင်ဖြူဆိပ်ရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲကို ဇွန်၂၂ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်နှင့်တာဝန်ရှိသူများက မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါတိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသော ဆင်ဖြူဆိပ်ရွာအလယ်တန်းကျောင်းသည် ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် ထီးချိုင့်မြို့နယ်အနေဖြင့် ကျောင်းအဆင့်တိုး ၂၈ ကျောင်း၌ ပါဝင်သောကျောင်းတစ်ကျောင်းဖြစ်သည်။ **ကျော်ခဲ(ထီးချိုင့်)**

### မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

**တိုက်ကြီး ဇွန် ၂၅**
ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာ ဥတို-သနပ်ချောင်း ကားလမ်းဘေး ဝဲ၊ ယာတွင် ယနေ့နံနက်ပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ သနပ်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ၊ နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်တာဝန်ရှိသူများ စုစုပေါင်း အင်အား ၅၀၀ က အော်ရေရှား၊ မဂနီစီယန်၊ ရှား၊ ယူကလစ် စုစုပေါင်း အပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ **ထွန်းလှိုင်(မြိုင်)**

# မောင်တောမြို့နယ်၌ ဒေသခံတိုင်းရင်းသား လေးဦးကို အကြမ်းဖက်သမားများက ဓားဖြင့် ဝိုင်းဝန်းတိုက်ခိုက်ပြီး နှစ်ဦးအား ဖမ်းဆီးသတ်ဖြတ်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၂၅**
မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာအုပ်စု တရိန်းကျေးရွာနေ ဒေသခံတိုင်းရင်းသား လေးဦးကို ယမန်နေ့နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက ဓားဖြင့် ဝိုင်းဝန်းတိုက်ခိုက်ပြီး နှစ်ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

တရိန်းကျေးရွာနေ ဦးစံသာ၊ ဦးကျန်သိန်းအောင်၊ ဦးအောင်ကျော်နှင့် ဦးကိုကိုသိန်းတို့သည် ယမန်နေ့ နံနက် ၁၀ နာရီခန့်က ကျွန်းပေါက်စုကျေးရွာအုပ်စု ကြိမ်ချောင်း-တောင်ပြို ကားလမ်းတောင်ဘက် တောင်ခြေ၌ လိပ်ရှာဖွေနေစဉ် အကြမ်းဖက်သမား ရှစ်ဦးရောက်ရှိလာပြီး ဓားများဖြင့် တိုက်ခိုက်သဖြင့် လုံးထွေးသတ်ပုတ်စဉ် အကြမ်းဖက်သမားများ ထပ်မံရောက်ရှိလာသဖြင့် ဦးအောင်ကျော်ပါ လေးဦးသည် သာယာကုန်းကျေးရွာဘက်သို့ ထွက်ပြေးခဲ့ရကြောင်း၊ ထိုသို့ ထွက်ပြေးစဉ် အကြမ်းဖက်သမား နှစ်ဦးက ဓားဖြင့်လိုက်ခုတ်ရာ ဦးကျန်သိန်းအောင်၌ ပြတ်ရှဒဏ်ရာများရရှိခဲ့ကာ ဦးစံသာနှင့်အတူ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ကျန်နှစ်ဦးအား အကြမ်းဖက်သမားများက ဖမ်းဆီးသွားကြောင်း သိရသည်။

ထွက်ပြေးလွတ်မြောက်လာသူနှစ်ဦး၏ တိုင်တန်းချက်အရ နယ်မြေရဲကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာပတ်ဝန်းကျင်ရှိ တောင်ကုန်း၊ လျှိုမြောင်နှင့် အိမ်စုများကို လိုက်လံရှာဖွေရှင်းလင်းရာ အခင်းဖြစ်ရာနေရာနှင့် ကိုက် ၃၀၀ အကွာရှိ အိမ် ခုနစ်လုံးစုတွင်နေထိုင်သူ ကာလာမျှာ(၅၅)နှစ်အား စုံစမ်းရာ ၎င်းအိမ်စုရှိ အီနုစ်(စိစစ်ဆဲ)၏ နေအိမ်သို့ရောက်ရှိနေသော အောင်စစ်ပြင်ကျေးရွာအုပ်စု ဒုံးပိုက်ကျေးရွာမှ မောင်စိုးနှင့် ဆာရပ်တို့ နှစ်ဦးသည် အခင်းဖြစ်ရာနေရာသို့ တုတ်ဆွဲ၍ဆင်းသွားကြောင်း သိရသဖြင့် ၎င်းတို့နှစ်ဦးအား ကြိမ်ချောင်းရုံး၌ ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများဖမ်းဆီးခေါ်ဆောင်သွားသည့် ဦးအောင်ကျော်နှင့် ဦးကိုကိုသိန်းတို့၏ အလောင်းများအား အခင်းဖြစ်ပွားရာ အနီးတစ်ဝိုက်မှ ယနေ့ နံနက် ၁၁ နာရီခွဲခန့်က ပြန်လည်တွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ် ပဒင်းကျေးရွာအုပ်စု ချောင်းတကာရွာ ရာအိမ်မှူး အသတ်ခံရ

**နေပြည်တော် ဇွန် ၂၅**
မောင်တောမြို့နယ် ပဒင်းကျေးရွာအုပ်စု ချောင်းတကာရွာမှ ရာအိမ်မှူးတစ်ဦးအား ယမန်နေ့ နံနက်ပိုင်းတွင် လူတစ်စုက ဓားဖြင့်ခုတ်သဖြင့် သေဆုံးခဲ့ပြီး မိသားစုဝင် နှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းရရှိသည်။

ပဒင်းကျေးရွာအုပ်စု ချောင်းတကာရွာနေ ရာအိမ်မှူး အဘူဟာရှိမ်း(၅၄)နှစ်သည် ယမန်နေ့နံနက် ၂ နာရီ ၁၅ မိနစ်ခန့်က နေအိမ်၌ရှိစဉ် အနက်ရောင်မျက်နှာဖုံးစွပ် ၁၅ ဦးခန့်က အိမ်ရှေ့တံခါးနှင့်နောက်ဖေးတံခါးများကို ချိုးဖျက်ဝင်ရောက်လာပြီး ဓားဖြင့်ခုတ်ရာ ဘယ်ဘက်လက်မောင်း၊ ဘယ်ဘက်ရင်အုံ၊ ဦးခေါင်းနှင့်နောက်ကျောပြင်တို့၌ ပြတ်ရှဒဏ်ရာများ၊ ဘယ်ဘက်နံရိုးကြား၊ ဘယ်ဘက်နောက်ကျော၊ ဘယ်ဘက်တင်ပါး ထိုးသွင်းဒဏ်ရာများရရှိခဲ့ကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း၊ သားဖြစ်သူ အာဇီမူရာမန် (၂၂)နှစ်မှာ ဖခင်အား ဝင်ရောက်ကူညီသဖြင့် အကြမ်းဖက်သမားများက သံချောင်းအချွန်ဖြင့်ထိုးရာ ဘယ်ဘက်ရင်ညွှန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ သမီးဖြစ်သူ ဇူဟိုက်ဒါ (၅)နှစ်မှာ ဖခင်အား ဖက်တွယ်ထားသဖြင့် ဓားခုတ်ခံရပြီး ဘယ်ဦးခေါင်း၌ နှစ်လက်မခန့် ပြတ်ရှဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူနှင့် ဒဏ်ရာရရှိသူ နှစ်ဦးတို့ကို မောင်တောဆေးရုံသို့ ပို့ဆောင်ပြီး အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နေအိမ်နောက်ဖေး မီးဖိုချောင် ပြိုကျမှုဖြစ်ပွား

**ရန်ကုန် ဇွန် ၂၅**
ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်ရပ်ကွက်၌ ဇွန် ၂၅ ရက်မွန်းလွဲ ၁၂ နာရီခွဲက အိမ်နောက်ဖေးမီးဖိုချောင်ပြိုကျမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ကျိုက်တော်လမ်း အမှတ်(၇) နေအိမ်နှစ်ထပ်တိုက်၏ အပေါ်ထပ် ယာဘက်အခန်း ဦးမိုးသူရ၏ နေအိမ်နောက်ဖေးမီးဖိုချောင်ပြိုကျပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါနေအိမ်ကို လွန်ခဲ့သော နှစ်ငါးဆယ်ခန့်ကဆောက်လုပ်ခဲ့ပြီး ပြန်လည်ဆောက်လုပ်ရန်အတွက် ဖျက်မိန့်စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ **(ကျော်စိုးမိုး)**

**နေပြည်တော် ဇွန် ၂၅**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂၅ စီး၊ သွင်းကုန် ၅၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀ ဒသမ ၆၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၀ သန်းခန့်) စုစုပေါင်း တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁ ဒသမ ၉၈ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။




**ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အမှုန့်များနှင့် "WY" အနီရောင်စိတ်ကြွရူးသွပ်ဆေးပြားများ၊ 88 နှင့် 1 စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ။**

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၃ ရက်တွင် မူဆယ်မှ မန္တလေးဘက်သို့ သွားရောက်မည့် မော်တော်ဆိုင်ကယ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ ဆပ်ပြာခွက် ၁၀၁ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူဟု ယူဆရသော အမှုန့်များ (1.110) Kg နှင့် အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် "WY" အနီရောင် စိတ်ကြွရူးသွပ်ဆေးပြား၊ 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၉၆၉၅ ပြား (အလေးချိန် 1.772 Kg)နှင့် သယ်ဆောင်သည့် မော်တော်ဆိုင်ကယ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၀ ဒသမ ၆၈ သန်းခန့်)အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ❒ မန္တလေးမြို့မှ

မန္တလေးမြို့ကျုံးတောင်ဘက်(၂၆)လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ပြုလုပ်ရာ ဌာနဆိုင်ရာများ၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ အား/ကာသိပ္ပံမှ ကျောင်းသား ကျောင်းသူများ၊ စက်ဘီးအားကစားဝါသနာရှင် ပြည်သူများ စုပေါင်းစက်ဘီးစီးနင်းကြသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဌာနဆိုင်ရာများအပါအဝင် စက်ဘီးစီးကစားသမား ၂၉၀ ကျော်ခန့်သည် စုရပ်နေရာမှ (၂၆)လမ်းအတိုင်း အရှေ့ဘက်(၆၆)လမ်းထိ၊ ထိုမှ သိပ္ပံလမ်းအတိုင်း၊ သိပ္ပံလမ်းနှင့် ရန်ကုန်-မန္တလေး ကားလမ်းဆုံမှ (၇၈)လမ်း၊ မန္တလေးဘူတာလမ်းအတိုင်း စီနင်း၍ (၂၆)လမ်း၊ ထိုမှ ကျုံးတောင်ဘက်(၂၆)လမ်းအတိုင်း တာလွှတ်စုရပ်နေရာသို့ စုပေါင်းစက်ဘီးစီးနင်းကြပြီး ပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်ကြသည်။ စက်ဘီးစီးအားကစား ဝါသနာရှင် ပြည်သူများကို စေတနာရှင်များက Royal-D အားဖြည့် အချိုရည်ဘူးများပေးဝေခဲ့ကြသည်။ အဆိုပါ ပြည်သူလူထု စုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ် လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို ကြိုက်နှစ်သက်ရာ စက်ဘီးနှင့် ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ❂ ယူ၁၅ ပြိုင်ပွဲမှ

လိုအပ်ချိန်တွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို ဇွန် ၂၆ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက်ပိုင်းတွင် အုပ်စု(ခ)ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ညနေပိုင်းတွင်မူ အုပ်စု(ဃ)ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၂၈ ရက်နှင့် ၂၉ ရက် နံနက်ပိုင်းတို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြက်ခင်းတုလေ့ကျင့်ရေးကွင်းများ၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။ **(ရဲရင့်ရှိုင်း)**

## ❍ နိုင်ငံတကာမှ

ပထမဆုံးပြည်တွင်း တွဲဆိုင်းတစ်ဆိုင်းအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဆုတံဆိပ်ရှင်များဖြစ်ကြသည့် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)နှင့် ရဲရင့်သွေး (1886 Mandalay)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ဆလိုင်းချမ်းမြေ့ကိုမှာ ညာခြေဖြတ်ကန်ချက်များကောင်း၍ ရဲရင့်သွေးမှာလည်း ဒူးတိုက်ချက်များကောင်းခဲ့ကြသော်လည်း သရေပွဲဖြစ်ခဲ့သည်။

ပြည်တွင်းဒုတိယတွဲဆိုင်းအနေဖြင့် ဒေါင်းဖြူလေး(Adventure)နှင့် ခွန်လင်းထက်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာတွင် ဘယ်ခြေကန်ချက်၊ ဘယ်ညာဝိုက်လက်သီးများနှင့် အကြိတ်အနယ်ရှိကြသော်လည်း အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။

ဆက်လက်၍ ပြည်ပတွဲဆိုင်း ပထမဆုံးပွဲအနေဖြင့် မွေထိုင်းလက်ဝှေ့အတွေ့အကြုံရှိကြသော ကရင်လေး(မြန်မာ)နှင့် ဘွန်နန်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာတွင် ကရင်လေး၏ လျင်မြန်လှသည့် ဘယ်ညာလက်သီးထိုးချက်တွေကြောင့် ဘွန်နန်းမှာ ပထမအချီမှာပင် အနားတောင်းခဲ့ရပြီး ပြန်အတည်တွင် ကရင်လေးက ဘွန်နန်းအား အလဲထိုးအနိုင်ရခဲ့ကာ ပရိသတ်များလည်း အကြိုက်တွေ့သည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ပြည်ပတွဲဆိုင်း ဒုတိယပွဲအနေဖြင့် မိုးဟိန်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ) နှင့် လိုင်ဖေး(ကမ္ဘောဒီးယား)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် မိုးဟိန်းမှာ ဘယ်ဖြောင့်လက်သီးကောင်းခဲ့သော်လည်း လိုင်ဖေး၏တံတောင်ချက်များကြောင့် တတိယအချီ ၅၈ စက္ကန့်အရောက်တွင် မိုးဟိန်းမှာ နဖူးကွဲသွားပြီး ဆရာဝန်စစ်ဆေးချက်အရ ဆက်လက်ယှဉ်ပြိုင်ခွင့် မရခြင်းကြောင့် လိုင်ဖေး အနိုင်ရခဲ့သည်။ တတိယပွဲ တွဲဆိုင်းအနေဖြင့် ရွှေခါးပတ်ချန်ပီယံ ကြယ်စင်ဖြိုး(ရိုးရာပုဂံ၊ မြန်မာ)နှင့် ဒင်ဘိုဆိုင်း(ထိုင်း)တို့ပွဲသည် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း သရေပွဲဖြင့် အဆုံးသတ်ခဲ့သည်။

စတုတ္ထမြောက် ပြည်ပတွဲဆိုင်းအနေဖြင့် ရွှေခါးပတ်ချန်ပီယံ တစ်ဦးဖြစ်သူ မိုက်ရိုင်းလေး(ရွှေဖူး၊ မြန်မာ)နှင့် တိုလာဘေး(ဥဇဘက်ကစ္စတန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် မိုက်ရိုင်းလေး၏ ကန်ချက်၊ ထိုးချက်များကြောင့် စတုတ္ထအချီ ၁ မိနစ် ၃၂ စက္ကန့် အရောက်တွင် တိုလာဘေးကို စတုတ္ထအချီတွင် အလဲထိုးအနိုင်ယူခဲ့သည်။ ယင်းပွဲသည်လည်း ပရိသတ်များအကြိုက်တွေ့ကြသည်။

နိုင်ငံတကာရိုးရာလက်ဝှေ့ဖိတ်ခေါ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် နောက်ဆုံးတွဲဆိုင်းအဖြစ် စောဂေါ်မူဒို(သတ္တိ၊ မြန်မာ)နှင့် ပရော့စမွေ(ခ)ဝီဂျစ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်သည့် ပွဲစဉ်သည်လည်း အပြန်အလှန် ဘယ်ထောက် လက်သီး၊ ထိုးချက်ကန်ချက်ကောင်းများဖြင့် ထိုးသတ်ခဲ့ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြင့် ကျေနပ်ခဲ့ရသည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်ကြသည့် ပြည်တွင်း၊ ပြည်ပ တွဲဆိုင်းခုနစ်ဆိုင်းတွင် နိုင်ငံတကာအတွေ့အကြုံနှင့် ယှဉ်ပြိုင်မှုစွမ်းရည်၊ ထိုးသတ်သည့်ပွဲပေါင်းများပြားလှသော အားကစားသမားများပါဝင်ယှဉ်ပြိုင်ကြကာ ပြည်တွင်းပွဲနှစ်ပွဲ သရေကျခဲ့ပြီး ပြည်ပတွဲဆိုင်းပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု လက်ဝှေ့သမားများက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တို့ကို ရရှိခဲ့ကြသည်။

**သတင်း-အေးမင်းသူ**

**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင် ကျန်းမာမှု**

# ပေါ်တူဂီနှင့် မက္ကဆီကို အသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီး အိမ်ရှင်ရုရှား ထွက်ခွာခဲ့ရပြီဖြစ်တဲ့ ကွန်ဖက်ဒရေးရှင်းဖလား







တိုက်ကြီးများဖလားရယ်လို့ လူသိများတဲ့ ကွန်ဖက်ဒရေးရှင်းဖလားရဲ့ အုပ်စု(A) နောက်ဆုံးပွဲစဉ်တွေကို ဇွန် ၂၄ ရက်တွင် ယှဉ်ပြိုင်ခဲ့ရာမှာ ပေါ်တူဂီအသင်းနဲ့ မက္ကဆီကိုတို့ဟာ ပြိုင်ဘက်အသင်းတွေကို အနိုင်ယူပြီး အကြိုဗိုလ်လုပွဲဆီကို တက်ရောက်သွားပြီဖြစ်ပါတယ်။ စိန့်ပီတာစဘတ်မြို့၌ ယှဉ်ပြိုင်ခဲ့တဲ့ ပေါ်တူဂီနဲ့ နယူးဇီလန်အသင်းတို့ရဲ့ ပွဲစဉ်မှာတော့ ပေါ်တူဂီအသင်းက လေးဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့တာပါ။

ပေါ်တူဂီအတွက် သွင်းဂိုးတွေကို စီရိုနယ်လ်ဒို၊ အန်ဒရီဆေးလ်ဗား၊ ဘာနာဒိုဆေးလ်ဗားနဲ့ နာနီတို့က သွင်းယူခဲ့ကြတာဖြစ်ပါတယ်။ ပွဲချိန် ၃၃ မိနစ်မှာ ပေါ်တူဂီအသင်းရရှိခဲ့တဲ့ ပင်နယ်တီကို စီရိုနယ်လ်ဒိုက ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီးနောက်မှာတော့ နယူးဇီလန်အသင်း ဖိအားဝင်သွားတာကြောင့် နောက်ထပ်ဂိုးတွေကို ဆက်တိုက်ဆိုသလို ခွင့်ပြုခဲ့ရတာ ဖြစ်ပါတယ်။ ပေါ်တူဂီ နောက်ခံလူ ပီပီကတော့ ယခုပွဲမှာ အဝါကတ် ထပ်မံပြသခံခဲ့ရတာကြောင့် နှစ်ဝါထိထားပြီးဖြစ်တဲ့အတွက် အကြိုဗိုလ်လုပွဲကို လွဲချော်တော့မှာဖြစ်ပါတယ်။

မက္ကဆီကို အသင်းကတော့ အိမ်ရှင် ရုရှားအသင်းကို နှစ်ဂိုး-တစ်ဂိုး နဲ့ ခက်ခက်ခဲခဲအနိုင်ယူပြီး ပေါ်တူဂီအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက် ကြောင့် အုပ်စုဒုတိယအဖြစ်နဲ့ အကြိုဗိုလ်လုပွဲအဆင့်ကို တက်လှမ်းလာတာဖြစ်ပါတယ်။ အိမ်ရှင်ရုရှားဟာ ဒီပွဲအနိုင်ရမှ နောက်တစ်ဆင့် တက်ရောက်နိုင်မှာဖြစ်တာကြောင့် ကြိုးစားကစားခဲ့ပြီး ဦးဆောင်ဂိုးကို စတင်သွင်းယူနိုင်ခဲ့ပေမယ့် တောင်ပံတိုက်စစ်မှူး ဇာကော့ဗ် ထုတ်ပယ်ခံရခြင်းနဲ့အတူ ကိုယ့်ရေကိုယ့်မြေမှာပဲ မက္ကဆီကို အသင်းကို ရှုံးနိမ့်ခဲ့လို့ အုပ်စု အဆင့်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းက လာမယ့် ဇွန် ၂၈ ရက်မှာ အုပ်စု(B) ဒုတိယရတဲ့ အသင်းနဲ့ အကြိုဗိုလ်လုပွဲ ရင်ဆိုင်ရမှာဖြစ်ပြီး မက္ကဆီကိုအသင်းကတော့ အုပ်စု (B) ပထမရတဲ့ အသင်းနဲ့ ဇွန် ၂၉ ရက်မှာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။




## မက်ပီကို စာချုပ်ချုပ်ဆိုရန် အက်ဒီးဒက်စ်နှင့် နိုက်ကီတို့ အပြိုင်ကမ်းလှမ်း

ပြင်သစ်လူငယ်တိုက်စစ်မှူးလေး မက်ပီကို နာမည်ကျော်အားကစားပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီများဖြစ်သည့် အက်ဒီးဒက်စ်နှင့် နိုက်ကီတို့မှ စာချုပ်ချုပ်ဆိုနိုင်ရန် အပြိုင် ကြိုးပမ်းနေကြကြောင်း သိရသည်။ မက်ပီမှာ သူ၏ကစားသမားဘဝအစတွင် နိုက်ကီနှင့် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သော်လည်း ယခုအခါ ယင်းစာချုပ်မှာ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် မူလစာချုပ်ချုပ်ဆိုနိုင်ခဲ့သည့် နိုက်ကီကလည်း စာချုပ်သစ်လက်မှတ်ရေးထိုးခွင့်ရရေး ကြိုးပမ်းနေသလို အက်ဒီးဒက်စ်ကလည်း တစ်နှစ် ပေါင် ၄ ဒသမ ၄ သန်းဖြင့် ကမ်းလှမ်းလာခဲ့ကြောင်း သိရသည်။

မက်ပီမှာ ယခုနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ဥရောပအသင်းကြီးများ၏ အလိုရှိခံရဆုံးနှင့် လူပြောသူပြောအများဆုံး ကစားသမားတစ်ဦးဖြစ်သလို ယခုကဲ့သို့ နာမည်ကျော် ကုမ္ပဏီများကပါ စာချုပ်ချုပ်ဆိုခွင့်ရရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြခြင်းဖြစ်သည်။ ဂျာမန်အားကစားထုတ်လုပ်ရေး အက်ဒီးဒက်စ်သည် မက်ဆီနှင့် ပေါ့ဘာတို့ကို အမြင့်ဆုံးကြေးအဖြစ် တစ်နှစ် ပေါင် ၃ ဒသမ ၁ သန်းဖြင့် ချုပ်ဆိုထားသည့် ကုမ္ပဏီ ဖြစ်သည်။ အကယ်၍ မက်ပီသာ အက်ဒီးဒက်စ်၏ ကမ်းလှမ်းမှုကို လက်ခံမည်ဆိုပါက သူသည် မက်ဆီနှင့် ပေါ့ဘာတို့ထက် အက်ဒီးဒက်စ်၏ စပွန်ဆာကြေးပိုမိုရရှိသော ကစားသမားဖြစ်လာမည်ဖြစ်သည်။

## မက်ပီသာ ရီးယဲလ်ကို ရွေးချယ်သွားပါက မာရှယ်လ်ကို ပေါင်သန်း ၄၀ ဖြင့်ခေါ်ယူရန် ဝင်းဂါး ကြိုးပမ်းမည်

အာဆင်နယ်နည်းပြဝင်းဂါးက လာမည့်ရာသီ တိုက်စစ်ပိုင်းအတွက် အားဖြည့်ရန် အဓိကထားဆောင်ရွက်နေရာ သူ၏ထိပ်တန်းပစ်မှတ် မိုနာကိုတိုက်စစ်မှူး မက်ပီသာ ရီးယဲလ်ကို ရွေးချယ်သွားပါက တိုက်စစ်မှူး မာရှယ်လ်ကိုသာ ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူရန် စိတ်ကူးထားပြီဖြစ်သည်။

မာရှယ်လ်မှာ မန်ယူနည်းပြ မော်ရင်ဟို လက်အောက်တွင် နေရာမရဘဲ ရှိနေရာ ဝင်းဂါးက မာရှယ်လ်ကို ပေါင်သန်း ၄၀ ပေးချေကမ်းလှမ်းရန် စိတ်ကူးနေခြင်းဖြစ်သည်။ နည်းပြ ဗန်ဟားလ်က မာရှယ်လ်ကို ၂၀၁၅ ခုနှစ်တွင် မူလပြောင်းရွှေ့ကြေး ပေါင် ၃၆ သန်း ဘလွန်းဒီအောဆုနှင့် သတ်မှတ်ထားသည့် ဂိုးအရေအတွက် သွင်းယူနိုင်ပါက ပေါင် ၅၈ သန်းပေးချေမည်ဟူသော သဘောတူညီချက်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော် ဗန်ဟားလ်လက်ထက်တွင် ခြေစွမ်းပြသနိုင်ခဲ့သည့် မာရှယ်လ်က နည်းပြမော်ရင်ဟို လက်အောက်တွင် ပွဲထွက်ချိန်နည်းပါးသလို သွင်းဂိုး ရှစ်ဂိုးသာသွင်းယူ နိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်နွေဈေးကွက်အတွက် ထိပ်တန်းတိုက်စစ်မှူးများကို ခေါ်ယူရန် ပြင်ဆင်နေသည့်အတွက် အကယ်၍ မန်ယူသို့ ထိပ်တန်းတိုက်စစ်ကစားသမားများသာ ရောက်ရှိလာပါက မာရှယ်လ်မှာ မန်ယူအသင်းတွင်ပုံမှန်ကစားခွင့်ရရန်ခက်ခဲမည်ဖြစ်သည်။ ဝင်းဂါးက ယင်းသို့သော အခြေအနေများကို အခွင့်အရေးယူပြီး မာရှယ်လ်ရရှိရေး ကြိုးပမ်းမည်ဖြစ်သော်လည်း တစ်ဖက်တွင် မော်ရင်ဟိုက မာရှယ်လ်ကို ပရီမီယာလိဂ်ပြိုက်ဘက် အာဆင်နယ်သို့ ရောင်းချလိုခြင်းရှိမည်မဟုတ်သည်ကို သဘောပေါက်ထားပြီးဖြစ်သည်။


ဝင်းဂါးက မက်ပီကို ဘောလုံးနှင့် ပတ်သက်တဲ့ အစွမ်းအစအားလုံးပိုင်ဆိုင်ထားသူအဖြစ် လူသိရှင်ကြားချီးမွမ်းမှုပြုထားပြီး ပေါင်သန်း ၁၂၀ ကျော်ဖြင့် ကမ်းလှမ်းထားကြောင်း သတင်းများထွက်နေသည်။ မက်ပီမှာ အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းကို ပိုမိုအလေးသာသည့် သဘောထားရှိသည်ဟု ယူဆကြသော်လည်း နောက်ပိုင်းတွင် အာဆင်နယ်ကိုလည်း ပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်း မက်ပီနဲ့ နီးစပ်သူဆွေမျိုးတစ်ဦးက ဖွင့်ချခဲ့ရာ အာဆင်နယ်အတွက် မျှော်လင့်ချက်ပိုမို တောက်ပလာခဲ့သည်။ သို့သော် ရီးယဲလ်နည်းပြဇီဒန်းက မက်ပီကို နေရာ တစ်နေရာ ရရှိရန်အာမခံချက်ပေးနိုင်သည်ဟူသော စကားဖြင့် ဆွဲဆောင်စည်းရုံးခဲ့ရာ အကယ်၍ မက်ပီသာ ရီးယဲလ်ကို ရွေးချယ်သွားပါက မာရှယ်လ်ကို ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူရန် ဝင်းဂါးက ကြိုတင်စိတ်ကူးထားခြင်းဖြစ်သည်။

အာဆင်နယ်တိုက်စစ်မှူး ဂျရူးက လိုင်ယွန်လေဆိပ်သို့ ရောက်ရှိနေသည့်ပုံကို ဆယ်လ်ဖီရိုက်ပြီး အင်စတာဂရမ် စာမျက်နှာထက် တင်ခဲ့သည့်အတွက် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီ အာဆင်နယ်သို့ ရောက်ရှိရန် တစ်ဝက်သေချာ နေပြီဟု မီဒီယာများက ဖောင်းပေးဖော်ပြနေသည်။

**မေလွဲသင်း-စုစည်းသည်**

## ရွန်းနီနှင့် ကော်စတာ တရုတ်စူပါလိဂ်ကို ပြောင်းရွှေ့ရန် စဉ်းစားသင့်ကြောင်း အဲရစ်ဆင်တိုက်တွန်း

အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်က တိုက်စစ်မှူးရွန်းနီနှင့် ကော်စတာတို့




နှစ်ဦးအနေဖြင့် တရုတ်စူပါလိဂ်ကို ပြောင်းရွှေ့ရန် စဉ်းစားသင့်ကြောင်း တိုက်တွန်းစကားဆိုခဲ့သည်။ အဲရစ်ဆင်မှာ စူပါလိဂ်ကလပ် ရှန်ဟိုင်းအက်စ်အိုင်ပီဂျီ၊ ဂွမ်ဇူးအသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးသလို ဒုတိယတန်းကလပ် ရှန်ဇန်းအသင်းကို ကိုင်တွယ်ခဲ့ပြီး ယခုအခါ အာရှ ကလပ်အသင်းနည်းပြဘဝ အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။

ရွန်းနီမှာ မန်ယူတွင် ဆက်နေရန်ဆန္ဒရှိသော်လည်း နည်းပြမော်ရင်ဟိုက ရွန်းနီကို မန်ယူမှ ထုတ်ရောင်းရန် ဆန္ဒရှိနေသလို ကော်စတာကိုလည်း နည်းပြကွန်တီက ချယ်လ်ဆီး၏ အနာဂတ်အစီအစဉ်တွင် မပါဝင်တော့ဟု အကြောင်းကြားထားပြီးဖြစ်သည်။ အဲရစ်ဆင်က ကော်စတာရော ရွန်းနီရော အသင်းပြောင်းရမည်ဆိုပါက တရုတ်စူပါလိဂ်မှာ ကစားသမားများအတွက် လမ်းဆုံးစေသည့်နေရာ မဟုတ်သဖြင့် စူပါလိဂ်ကိုလည်း ပြောင်းရွှေ့သင့်သည့်နေရာ တစ်ခုအဖြစ် စဉ်းစားစေလိုကြောင်း အကြံပြုခဲ့ခြင်းဖြစ်သည်။

အဲရစ်ဆင်က ဒေးလီးမေးနှင့် ပြုလုပ်ခဲ့သည့် China Talks အစီအစဉ်တွင် "ရွန်းနီနဲ့ ကျွန်တော်စကားမပြောဖြစ်တာ အတော်ကြာနေပြီဆိုတော့ သူဘယ်လို စိတ်ကူးထားသလဲဆိုတာတော့ ကျွန်တော်မသိဘူးပေါ့ဗျာ။ တကယ်လို့ တရုတ်ကို လာမယ်ဆိုရင် အဲဒီမှာက International School တွေလည်း အများကြီးရှိတော့ သားသမီးပညာရေးအတွက်လည်း စိတ်ချရပါတယ်။ တစ်ခုပဲ ဘာသာစကားအခက်အခဲပေါ့။ ဒါကလည်း ရှန်ဟိုင်း၊ ပေကျင်းတို့လို မြို့ကြီးတွေမှာဆို နိုင်ငံတကာ စီးပွားရေး လုပ်ငန်းစုကြီးတွေလည်းအများကြီးရှိတော့ အဆီးအတားတော့ ဖြစ်မှာ မဟုတ်ဘူးဗျ။ ကျွန်တော်ဆို တရုတ်မှာဆိုပေမယ့်လည်း ဆွီဒင်လူမျိုးတွေလည်း အများကြီးရောက်နေတော့ ဆွီဒင်စကား ပြောပြီး နေလို့ရပါတယ်" ဟု ပြောကြားခဲ့သည်။

ဆွီဒင်လူမျိုး အဲရစ်ဆင်သည် အင်္ဂလန်အသင်းကို ကိုင်တွယ်စဉ်ကယူရို-၂၀၀၄ ပြိုင်ပွဲတွင် ဆယ်ကျော်သက်တိုက်စစ်မှူး ရွန်းနီကို ပထမပွဲထွက်စာရင်းတွင် ရဲရဲဝံ့ဝံ့နေရာပေးခဲ့သူဖြစ်သည်။ အဲရစ်ဆင်က စူပါလိဂ်သို့ ရွန်းနီ ရောက်လာပါက ပြိုင်ပွဲအဆင့်ကို ပိုမိုမြှင့်တင်ပေးရာ ရောက်စေသလို စူပါလိဂ်မှာလည်း မေဂျာလိဂ်ထက် ပိုမိုကောင်းမွန်သည့် လိဂ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



## ကျောက်မီးသွေးများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ကလေးဝမြို့ အမှတ်(၃)ရပ်ကွက် မြစ်သာမြစ်အတွင်း ရွှေမုဋ္ဌောတောဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော "အောင်ပြည့်ပြည့်စုံ"ရေယာဉ်အား စစ်ဆေးရှာဖွေရာ အမှတ်(၃)ရပ်ကွက်နေ မြင့်ဇော်ထွန်း(၄၅)နှစ်နှင့် ကျော်သက်(၂၅) နှစ်တို့မှ ရေယာဉ်ပေါ်တွင် ကျောက်မီးသွေးများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ကျွန်းခွဲသားဆိုဒ်စုံ ၉၇၈ ချောင်း(၁၂ ဒသမ ၆၇၆၈ တန်)၊ အင်ခွဲသားဆိုဒ်စုံ ၂၀၈ ချောင်း (၁၂ ဒသမ ၂၂၀၂ တန်)တို့အား တရားမဝင် သယ်ဆောင်လာသည်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြင့်ဇော်ထွန်းနှင့်ကျော်သက်အား ကလေးဝမြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

## အရှိန်မထိန်းနိုင်သည့်ယာဉ် တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အားတိုက်မိ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ကျေးရွာအနီး မုံရွာ-စစ်ကိုင်းကားလမ်း မိုင်တိုင်အမှတ်(၂၅/၁-၂) ကြားတွင် ဇွန် ၂၄ ရက် နံနက် ၄ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မုံရွာမှ စစ်ကိုင်းသို့ ဖိုးသန်း(ခ)သန့်ဇင်(၄၂)နှစ် မောင်းနှင်လာသည့် ဒိုင်နာအဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မောင်မင်းမင်းသန့်(၂၈)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် မောင်မင်းမင်းသန့်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဖိုးသန်း(ခ)သန့်ဇင်အား စစ်ကိုင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

## တရားမဝင်သယ်ဆောင်လာသော နွားများ သိမ်းဆည်းရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သတင်းအရ ဇွန် ၂၃ ရက် ည ၁၁ နာရီခွဲက ကနီမြို့နယ် ချောင်းမကျေးရွာ မုံရွာ-ယာကြီး-ကလေးဝကားလမ်း၌ စောင့်ဆိုင်းနေစဉ် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နေ ဝင်းအောင်(၄၂)နှစ်နှင့် မြဝတီရပ်ကွက်နေ အောင်မျိုး(၂၈)နှစ်တို့ လိုက်ပါလာသည့် သုံးဘီးယာဉ်ပေါ်မှ နွားမနှစ်ကောင်၊ နွားထီး တစ်ကောင်နှင့် မြဝတီရပ်ကွက်နေ မျိုးကို(၂၂)နှစ်နှင့် သောင်းကျော်(၁၉)နှစ်တို့လိုက်ပါလာသည့် အနီရောင်သုံးဘီးယာဉ်ပေါ်မှ နွားထီးနှစ်ကောင်အား တွေ့ရှိရသဖြင့် စစ်မေးရာ ခွင့်ပြုမိန့်တစ်စုံတစ်ရာ မပါရှိဘဲ တရားမဝင် သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

## တောင်တွင်းကြီး-မကွေးကားလမ်း၌ ယာဉ်နှစ်စီး ပွတ်တိုက်မိ၍ တိမ်းမှောက်

ဇွန် ၂၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်တွင်းကြီး-မကွေးကားလမ်းအတိုင်း တောင်တွင်းကြီးမှ မကွေးသို့ သန်းထိုက်(၅၁)နှစ် မောင်းနှင်လာသည့် "ဇာနည်အောင်" မော်တော်ယာဉ်အား လားရာတူမှ အုန်းတော(၂)ရပ်ကွက်နေ သူရှိန်ထွေး(၃၄)နှစ် မောင်းနှင်လာသော "အောင်ကမ္ဘာ" အံ့ဇာတုံး အဖြူရောင်ယာဉ်မှ လက်ပံကျေးရွာလမ်းခွဲအနီးအရောက် နောက်မှ ကျော်တက်စဉ် ယာဉ်နောက်ပိုင်းဖြင့် "ဇာနည်အောင်"ယာဉ်၏ ဝဲဘက်ခြမ်းအား ပွတ်တိုက်မိရာ "ဇာနည်အောင်"ယာဉ်မှာ လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်များအနက် အုန်းတော(၂)ရပ်ကွက်နေ ဒေါ်အမာ (၆၀)နှစ်တွင် ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားသဖြင့် သူရှိန်ထွေးအား တောင်တွင်းကြီးမြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် လိုက်ထရပ်ယာဉ်တိမ်းမှောက် တစ်ဦးသေ၊ ၅ ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၂၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၁၁/၃-၄) အကြား နေပြည်တော်မှ မန္တလေးသို့ယာဉ်မောင်း နန်းတင် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှာ ယနေ့ညနေ ၄ နာရီခွဲက ရှေ့ယာဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ် တုံးကိုတိုက်ကာ တစ်ပတ်လည် တိမ်းမှောက်ခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ခြောက်ဦးအနက် အမျိုးသမီးတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား သီးကုန်းအမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ သို့ပါ၍ ယာဉ်ကို မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်သူ ယာဉ်မောင်း နန်းတင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**




**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

## လယ်သမားများအားတင်ဆောင်လာသော လေးလုံးထိုးယာဉ် ချောက်ထဲထိုးကျတိမ်းမှောက်

**အမ်း ဇွန် ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ဇွန် ၂၄ ရက် ညနေ ၆ နာရီခွဲက လုံးကောက်ကျေးရွာအုပ်စု ထန်ချောင်းကျေးရွာအနီး အမ်း-မအီလမ်း မိုင်တိုင် အမှတ် ( ၇/ ၁ )မိုင် နေရာတွင် လေးလုံးထိုးအပြာရောင်ယာဉ်တစ်စီး ဘရိတ်ပေါက်၍ လမ်း၏ယာဘက် ပေ ၁၀၀ ခန့်အနက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အမ်းမြို့နယ် မွှားကျေးရွာအုပ်စု ခြောက်ခြုံကျေးရွာရှိ တောင်သူ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၃၀ သည် စိုက်ဘဏ် ချေးငွေထုတ်ယူရန် အမ်းမြို့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့လာရောက်၍ ချေးငွေထုတ်ယူပြီးအပြန်တွင် ယာဉ်မှာဘရိတ်ပေါက်တိမ်းမှောက်ခဲ့ပြီး ပွန်းပဲ့ဒဏ်ရာများ၊ ဦးခေါင်းကွဲ၊ မျက်နှာစုတ်ပြဲ၊ နဖူးပေါက်ပြဲဒဏ်ရာများရရှိခဲ့ကြပြီး အမ်းမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။

အခင်းဖြစ်နေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ အမ်းမြို့မရဲစခန်းမှတာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ အထက(၂)၊ ကမာရွတ်ကျောင်း ၂၀၁၇-၂၀၁၈ပညာသင်နှစ် ဒုတိယတန်း(D)မှ မောင်ဘုန်းမြတ်ဟိန်းအား မောင်ဘုန်းပြည့်မင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဝန်ထမ်းအလိုရှိသည်**

(၁) အလုပ်သင် Guide / ကျွမ်းကျင် Guide (ကျား/မ)
(၂) ချက်ပြုတ်၊ လျှော်ဖွပ်၊ သန့်ရှင်း (မ)
(၃) လုံခြုံရေး + သန့်ရှင်းရေး (ကျား)

အမှတ်စဉ်အားလုံးအတွက် နေ/စား (ငြိမ်း)အဆောင်နေနိုင်သူဖြစ်ရမည်။
(ဥဿုဖြင်၊ ဗိုဒ်ိကိုသိဒိုင်အထက်တန်းကျောင်း)
အမှတ်(၃၈/၄၀)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၉၆၅၀၀၀၉၆၁၊ ၀၉-၄၄၅၃၄၀၀၇၇၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၁ ၈၅၆ ၂၈၃၀

**အမည်မှန်**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ညောင်လွန့်(အနောက်)ရွာနေ အဖ ဦးတင်မောင်၏သမီး ဒေါ်ဒေစီညွှန့်(ခ) ဒေါ်ပိုပို[၉/တကန(နိုင်)၀၈၇၀၈၁]၏အမည်မှန်မှာ ဒေါ်ပိုပို ဖြစ်ပါကြောင်း။

**ဒေါ်ပိုပို**
**[၉/တကန(နိုင်)၀၈၇၀၈၁]**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၇-ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၄**

| | | |
|---|---|---|
| ၁။ ဦးသိန်းလွင်(ကိုယ်တိုင်နှင့် ၂-တရားလို၏ အခွင့်ရကိုယ်စားလှယ်စာရသူ) ၂။ ဦးသိန်းတန် | နှင့် | ၁။ ဦးမြင့်မောင် ၂။ ဒေါ်ဥမ္မာသန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်လင်းယုန်လမ်း၊ အမှတ်-၉၃၈နေ (၁)တရားပြိုင် ဦးမြင့်မောင်(ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ်-၆၄နေ(၂)တရားပြိုင် ဒေါ်ဥမ္မာသန်း (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုတို့က "(၁)(၂)တရားပြိုင်တို့ချုပ်ဆိုထားသည့် ၁၉-၂-၂၀၁၂ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်သည် တရားလိုတို့အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်းနှင့် ယင်းကတိစာချုပ်ပါတိုက်ခန်းမှာ (၁)တရားလိုတစ်ဦးတည်းပိုင်ဆိုင်သည့် တိုက်ခန်းများသာဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုမှုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ရက် (၁၃၇၉ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဇွန်လ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**




**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၇-ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁**

| | | |
|---|---|---|
| ၁။ ဦးသိန်းလွင်(ကိုယ်တိုင်နှင့် ၂-တရားလို၏ အခွင့်ရကိုယ်စားလှယ်စာရသူ) ၂။ ဦးသိန်းတန် | နှင့် | ၁။ ဒေါ်မိုးပြည့်စုံခင် ၂။ ဒေါ်ဥမ္မာသန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ်-၆၄နေ(၂)တရားပြိုင် ဒေါ်ဥမ္မာသန်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုတို့က "(၁)(၂)တရားပြိုင်တို့ချုပ်ဆိုထားသည့် ၁၁-၁၁-၂၀၁၁ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်သည် တရားလိုတို့အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်းနှင့် ယင်းကတိစာချုပ်ပါတိုက်ခန်းမှာ (၁)တရားလိုတစ်ဦးတည်းပိုင်ဆိုင်သည့် တိုက်ခန်းများသာဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုမှုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ရက် (၁၃၇၉ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဇွန်လ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်

**(ဌေးအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**လိပ်ခေါင်း၊ ဂရင်ဂျီနာ**
09-73121554
မခွဲမစိပ်၊ မနာမကျင် အမြစ်ပြတ်ကုသပေးသည်။
(ဗိဝက ဆေးခန်း) ၃၄၈၊ ဓမြည်၊ ရွှေဘုံသာအထက်လမ်း၊ အေးဖေဆေးခန်းဘေး၊
ရန်ကုန်မြို့ 09-73038158, 09-43088215



## ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကျောက်စီတမံအား ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဇွန် ၂၅**
တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်နေသည့် စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု တောင်ကင်းရပ်နှင့် အောင်မြေရပ် ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံဆောင်ရွက်မှုလုပ်ငန်းအား ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတိုးအောင်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဝင်း၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ စည်ပင်အမှုဆောင်အရာရှိ ဦးစိုးအောင်၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေဇင်ဝင်းနိုင်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ယင်းကျောက်စီတမံလုပ်ငန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်နေခြင်းဖြစ်ပြီး ကျောက်စီတမံမှာ အလျားပေ ၁၅၀၀၊ အနံ ၃၉ ပေ ကျယ်ဝန်းသည်။ အဆိုပါကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို အသေးစိတ်စစ်ဆေး၍ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာ အမြန်ပြီးစီးရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝင်းဝင်းသန်း (မြို့နယ်ပြန်/ဆက်)**

## NSSA အသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများဖြစ်စေရန် ပြုစုပျိုးထောင်

**မကွေး ဇွန် ၂၅**
စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အခြေခံကျသော ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သား Skilled Labour များ လိုအပ်လာမည်ဖြစ်ပြီး ယင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး) မှ လုပ်ငန်းစဉ်များချမှတ်၍ ပြုစုပျိုးထောင်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

"ရှစ်တန်းအောင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်မတက်နိုင်တဲ့၊ လေလွင့်သွားနိုင်တဲ့ Drop Out လူငယ်တွေအတွက် နှစ်နှစ်သင်တန်းတွေရှိပါတယ်။ ရှစ်တန်းမအောင်တဲ့သူတွေအတွက်လည်း ဘက်စုံသက်မွေးပညာဌာနဖွင့်ပြီး ကာလတိုနှစ်လသင်တန်းတွေ လုပ်ပေးနေပါတယ်။ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA (National Skills Standards Authority)အသိအမှတ်ပြု ကျွမ်းကျင်ပညာရှင်တွေ၊ ကျွမ်းကျင်လုပ်သားတွေဖြစ်စေဖို့ ကျောင်းက ပြုစုပျိုးထောင်ပေးနေပါတယ်" ဟု GTHS အစိုးရ နည်းပညာအထက်တန်းကျောင်း(မကွေး) ကျောင်းအုပ်ဆရာကြီး ဦးသက်နိုင်က ပြောသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာရပ်နယ်ပယ်စုံဆိုင်ရာ နည်းပညာနှင့် သက်မွေးပညာ ကျွမ်းကျင်သူများကို ဒေသ၏လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်နှင့်ကိုက်ညီစွာ သင်ကြားမွေးထုတ်သွားမည်ဟု ၎င်းက ဆိုသည်။

နိုင်ငံတစ်ဝှမ်းရှိ GTHS ကျောင်း ၃၄ ကျောင်းတွင် အပါအဝင်ဖြစ်သည့် မကွေး GTHS ကို ၂၀၀၉ ခုနှစ် မေ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ခုနှစ်နှစ်တာကာလအတွင်း သင်တန်းအောင်မြင်သူ ၅၉၉ ဦးရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် Polytechnic ကာလတိုသင်တန်း (၁၀) ကြိမ်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၁၈ ဦး မွေးထုတ်နိုင်ခဲ့ကြောင်း GTHS ကျောင်းမှတ်တမ်းများအရ သိရသည်။

၂၀၁၇-၂၀၁၈ နှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ကျွမ်းကျင်လုပ်သား ၅၀၀၀ ဦးကို NSSA၏ စစ်ဆေးအကဲဖြတ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိပြီး မကွေး GTHS အနေဖြင့် ဦးစီးဌာန လမ်းညွှန်မှုကိုခံယူကာ ပြည်တွင်းပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**



## ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း တည်ဆောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားသော မြေယာသီးနှံပင်များအတွက် လျော်ကြေးငွေပေးအပ်

**ငဖဲ ဇွန် ၂၅**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း တည်ဆောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားသော မြေယာသီးနှံပင်များအတွက် သက်ဆိုင်ရာဒေသခံ ခြံပိုင်ရှင်၊ တောင်သူများသို့ လျော်ကြေးငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက ငဖဲမြို့နယ်အတွင်း ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း တည်ဆောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားသော မြေယာသီးနှံ လျော်ကြေးပေးအပ်မှု အခြေအနေနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်က မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကား အသီးသီးပြောကြားပြီး ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း စီမံကိန်းမန်နေဂျာ ဦးကျော်ဇေယျက မြေယာသီးနှံပင်များ လျော်ကြေးပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ငဖဲမြို့နယ် တောင်ပေါ်ဒေသ ကျေးရွာရှစ်ရွာမှ တောင်သူ ၁၂၂ ဦးအား လျော်ကြေးငွေများ ပေးအပ်ခဲ့သည်။

လျော်ကြေးငွေနှင့် ပတ်သက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန စီမံကိန်းမန်နေဂျာ ရုံး(၁) ရွှေစာရံမှ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွင်း သီးနှံစိုက်ပျိုးပင်နှင့် နှစ်ရှည်ပင်များအား မလွှဲမရှောင်သာ ဖြတ်သန်းတည်ဆောက်ခဲ့ရသည့်အတွက် ထိခိုက်ပျက်စီးသွားသည့် သီးနှံပင်နှင့် နှစ်ရှည်ပင်များအတွက် ခြံပိုင်ရှင် တောင်သူ ၁၂၂ ဦးထံသို့ လျော်ကြေးငွေစုစုပေါင်း ကျပ် ၁၃၉၉၉၃၀၀၀ ကို တောင်သူတစ်ဦးချင်း ဆုံးရှုံးနစ်နာမှုအလိုက် လျော်ကြေးငွေအဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**ကျောက်ဆည် ဇွန် ၂၅**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသောသတင်းစကားလက်ကမ်းစာစောင်များကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်နှင့်ဝန်ထမ်းများသည် ဇွန် ၂၅ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့ မြို့မဈေးကြီးတွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု ချုပ်ငြိမ်းပပျောက်ရေးဆိုသည့် မဟာဗျူဟာ (၂) ရပ်ကို နည်းဗျူဟာ (၃) ရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့်တားဆီးနှိမ်နင်းရေးလုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံတည်း ဖြေရှင်း၍မရဘဲ အားလုံးပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

အဆိုပါလက်ကမ်းစာစောင်တွင် ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည့် အချက်များ၊ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ဆေးသုံးစွဲရာမှစွဲစေတတ်သည့်ဆေးဝါးများ၊ စိတ်ကြွဆေးအမျိုးအမည်များ၊ လူသား အားလုံး၏အန္တရာယ်ဝိုင်းဝန်းကာကွယ်ရေးဆိုင်ရာများ ပါရှိသည်။ **ခင်မောင်လွင်**

## နိုင်ငံခြားတက္ကသိုလ်များ ပါဝင်ပြသပြီး စကောလားရှစ်ပေးသည့် နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်ပြပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၅**
ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ၊ ပညာရေးလမ်းကြောင်းများနှင့်ပညာရေးဝန်ဆောင်မှုများ၊ ပညာရေးအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်ပြပွဲကို မန္တလေးမြို့တော်ခန်းမ၌ ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ရာ လူငယ်များ လာရောက်လေ့လာမှုများပြားပြီး နိုင်ငံခြားတက္ကသိုလ်များမှ ထူးချွန်မြန်မာကျောင်းသားများအား စကောလားရှစ်ပညာသင်ဆုများပေးအပ်ကြသည်။

ပြပွဲတွင်ပြည်တွင်း ပြည်ပတက္ကသိုလ်နှင့် ကောလိပ်များ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများ၊ အင်ဂျင်နီယာနှင့် ဆေးဘက်ဆိုင်ရာသင်တန်းကျောင်းများ၊ လေယာဉ်မောင်းသင်တန်းကျောင်းများ၊ ITသင်တန်းကျောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာအလုပ်ရှာဖွေရေးပြခန်းများအပါအဝင် ပြခန်း ၄၀ ကျော်ပြသခဲ့သည်။ မွန်းလွဲပိုင်းတွင် ABE(UK)မှ Mr.Surendra Verma က UK Education in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လေ့ကျင့်ရေးသင်တန်းကျောင်းမှ ဦးသိန်းမြင့်ဝေက Education & Career ခေါင်းစဉ်ဖြင့် ဟောပြောသည်။

**သီဟကိုကို(မန္တလေး)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပညာပေးပြဇာတ်ဖျော်ဖြေပွဲကျင်းပ

**ချမ်းအေးသာစံ ဇွန် ၂၅**
မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)က ကြီးမှူး၍အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပညာပေးပြဇာတ်ဖျော်ဖြေခြင်းကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ရဲမှူးကြီးလှမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး) က စီစဉ်ပြီး မန္တလေးတရားဥပဒေစိုးမိုးရေးစင်တာမှ လေ့ကျင့်သင်ကြားပေးသော သင်တန်းဆင်း ရှေ့နေများ၊ အရပ်ဘက်လူငယ်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော Life Drama အဖွဲ့က "တစ်ချက်မှားရင်ရတက်ပွားရမယ်" အမည်ရှိ တစ်ခန်းရပ်ပြဇာတ်အား တင်ဆက်သည်။

ပညာပေးဖျော်ဖြေအပြီးတွင် ပြဇာတ်နှင့် ပတ်သက်သည့် အသိပညာများကို ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုစေပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ဆက်လက်၍ ကျောင်းစာကြည့်တိုက်သို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)မှ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးစာစောင်များနှင့် ဂျာနယ်များပေးအပ်လှူဒါန်းကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မိုးမောက်မြို့နယ်အတွင်းရှိ တောင်သူများထံ စွန့်လွှတ်လယ်ယာမြေများပေးအပ်

**မြစ်ကြီးနား ဇွန် ၂၅**

ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မိုးမောက်မြို့နယ်အတွင်းရှိ တောင်သူများထံ စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ပြီး အိမ်တွင်းမှု သင်တန်းကျောင်းများသို့ ဇွန် ၂၂ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဗန်းမော်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်း၌ သင်တန်းသူများအား စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုနှင့် သင်တန်းကျောင်းအတွင်း အိပ်ခန်းဆောင်၊ စားသောက်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အသစ်ဆောက်လုပ်ပြီးစီးသည့် မိုးမောက်မြို့နယ်မီးသတ်ဦးစီးဌာန ရုံးအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆေးဝါးကုသခံလူနာများအား အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။



ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် မိုးမောက်အခြေခံ ပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ လူထုတွေ့ဆုံပွဲနှင့် စွန့်လွှတ်မြေမများ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အတွင်း ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က စွန့်လွှတ်မြေများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စွန့်လွှတ်လယ်ယာမြေ (၅၀ ဒသမ ၄၁)ဧကကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တောင်သူများထံ ပေးအပ်ကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ စစ်ရှောင်မိသားစုများ၏ သားသမီးများအတွက် ထောက်ပံ့လှူဒါန်းသည့် ကျောင်းသုံးဗလာ စာအုပ်များကို ပြည်နယ်လူမှုရေးဝန်ကြီးတို့က ထောက်ပံ့ပေးအပ်ကြရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ဒေသခံများက ဒေသလိုအပ်ချက်များကို တင်ပြမေးမြန်းကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထိုမှတစ်ဆင့် ဒေါ့ဖုန်းယန်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး မြို့အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော်တရားသူကြီးချုပ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူးတို့က ကျောင်းသား ကျောင်းသူ ၁၉၀ ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် နားလုံအခြေခံပညာအထက်တန်းကျောင်း၌ ဧပြီလအတွင်း တိုက်ခတ်ခဲ့သော လေပြင်းမုန်တိုင်းကြောင့် အမိုးလန်ပျက်စီးနေမှုအခြေအနေနှင့် ပညာသင်ကြားနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လွှတ်တော်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ပြည်နယ်ပညာရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွမ်းမံခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာအတွင်း ရေပိုက်လိုင်း သွယ်တန်းမှု (၃၀)ရာခိုင်နှုန်း ပြီးစီး

**ချီဖွေ ဇွန် ၂၅**

ကချင်ပြည်နယ် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မွမ်းမံပြင်ဆင်ထိန်းသိမ်းစရိတ် ခွင့်ပြုရန်ပုံငွေ ၉ ဒသမ ၆၅ သန်း အကုန်အကျခံ၍ ကျေးရွာတွင်နေ ပြည်သူများ ရေကောင်း ရေသန့်ရရှိရေး၊ ရေသွယ်ပိုက်လိုင်း လဲလှယ်ခြင်းလုပ်ငန်းကို ဘန်လီကျေးရွာ၌ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလတ် ထွယ်အောင်ထံမှ သိရသည်။

အဆိုပါ ရေသွယ်ပိုက်လိုင်းမှာ အရှည်ပေ ၈၅၀၀ရှိပြီး နှစ်လက်မ PVC ရေပိုက်လိုင်းများဖြင့် ပြင်ဆင်မွမ်းမံ လဲလှယ် တပ်ဆင်လျက်ရှိရာ ရေသွယ်ပိုက်လိုင်း မြှုပ်နှံရန် ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သည်။

ရေသွယ်ပိုက်လိုင်းသွယ်တန်းမှု အလုံးစုံပြီးစီးပါက ကျေးရွာတွင်းနေ အိမ်ခြေ ၅၀ မှ ဒေသခံပြည်သူ ၂၅၃ ဦးအတွက် ၂၄ နာရီပတ်လုံးသောက်သုံးရေသန့် သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း ဦးစီးမှူး ဦးလတ်ထွယ်အောင်ထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



# မုံရွာမြို့ကန်သာယာကန်သန့်ရှင်းလှပရေး တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်

**မုံရွာ ဇွန် ၂၅**

မုံရွာမြို့ သာယာလှပရေးအတွက်အဓိကအရေးပါသော မုံရွာကန်သာယာကို မြို့လူထုနှင့် လက်တွဲကာ ဇွန် ၂၃ ရက်မှစတင်၍ကန်အတွင်းမှ ဖြုန်းစုပ်စက်ဖြင့် ရေအောက်ကန်ကြမ်းပြင်မှကျောက်သဲရွံ့နှင့်အနည်ထိုင်နေသည်များကို စုပ်ထုတ်နေသည်ကိုတွေ့ရသည်။

ကန်သာယာအတွင်းမှ ဘုရားကျွန်း၊ ရွှေလိမ္မော်ကျွန်း၊ ကုက္ကိုကျွန်းနှင့် ကျောက်တိုင်ကျွန်း လေးကျွန်းကိုချန်၍ ကျန်သောအမှိုက်သရိုက်အပါအဝင်ဗေဒါနှင့် ကန်အတွင်း အသုံးမပြုသည့်လမ်းပေါင်များကို ဖြိုဖျက်ရှင်းလင်းကာဧရိယာကျယ်ပြီးသန့်ရှင်းသောကန်ကြီးဖြစ်အောင် ပထမအဆင့်အနေဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ချထားပေးသော ဘတ်ဂျက်ဖြင့်စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ စတင်လုပ်ဆောင်နေခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်လာရောက် ကြည့်ရှုကာလိုအပ်သည်များကို မြို့မိမြို့ဖများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မနေ့ကနေစပြီးရေအောက်ကန္စိအနယ်တွေကို စက်နဲ့စမ်းပြီး စုပ်ထုတ်ကြည့်တာ အပါနည်းတယ်။ ဇွန် ၂၅ ရက်ဆိုရင်စမ်းသပ်စုပ်ထုတ်တာ အဖြေရပြီ။ အခုကစမ်းစုပ်ကြည့်တာန္စိအပါနည်းတာပေ့ါ။ နော်ဇယ်မပါတဲ့အတွက် န္စိအပါနည်းနေတာပေ့ါ။ မနက်ဖြန်ကျရင် နော်ဇယ်နဲ့ထိုးပြီးစုပ်တင်မယ်"ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့် မုံရွာမြို့သာယာလှပရေးအတွက်လုပ်ငန်းကြီး ၁၀ ရပ်ကို ဇွန် ၁၀ ရက်က မုံရွာမြို့မိမြို့ဖများ၏ အကြံဉာဏ်အား လုပ်အားနှင့်ငွေအားကိုရယူ၍ ဆုံးဖြတ်ချက်ချ ဆောင်ရွက်လျက်ရှိရာ ကန်သာယာလှပရေး ညောင်ကိုင်းအင်းသာယာလှပရေး အိုးဘိုတောင်သုသာန်ဖျက်သိမ်းရေးများကို စတင်လုပ်ဆောင်နေပြီဖြစ်ရာ သက်ဆိုင်ရာကဏ္ဍအလိုက်ကော်မတီအဖွဲ့ခွဲများကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်ကပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**လင်းခေး ဇွန် ၂၅**

၂၀၁၇ ခုနှစ်ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်ကျန်းမာရေးနှင့် အားကစား ကာယပညာကော်မတီမှ ကြီးမှူး၍ ဇွန် ၂၄ ရက် နံနက် ၅ နာရီက လင်းခေးမြို့မဟာမြတ်မုနိဘုရားကျောင်းတော်ရှေ့၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၃၄၀ တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနက ၂၀၁၇ ခုနှစ် ဆေးလိပ်ကင်းစင်ရှမ်းပြည်တစ်ခွင်အထိမ်းအမှတ်စွပ်ကျယ်များအား ပြိုင်ပွဲဝင်အားကစားသမားများထံပေးအပ်ခဲ့ပါသည်။ ယင်းနောက်အဆိုပါ ကျောင်းတော်ရှေ့မုခ် ဦးနေရာတွင် လင်းခေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေးက ခရာမှုတ်၍ ပြိုင်ပွဲကိုစတင်တာလွှတ်ပေးခဲ့သည်။

ပြိုင်ပွဲအား အမျိုးသား၊ အမျိုးသမီး အလိုက်သတ်မှတ်ရွေးချယ်ထားရှိကာ အမျိုးသားပြိုင်ပွဲတွင် မောင်သီဟအောင် (ပထမ)၊ စိုင်းနွံလောဝ်(ဒုတိယဆု)နှင့် မောင်ပိုင်ဇေယျာဖြိုးတို့က တတိယဆုအသီးသီး ဆွတ်ခူးရရှိခဲ့ပြီး အမျိုးသမီးတန်း၌ ပထမဆု မဖူးပွင့်လှိုင်၊ ဒုတိယဆုမဇွဲရတနာမောင်နှင့် မဇင်မာမြင့်ကတတိယဆုတို့ကိုအသီးသီး ဆွတ်ခူးသွားကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



# ဧရာဝတီမြစ်ရေတိုးမှုအား ကျေးရွာများသို့လိုက်လံအသိပေး

**ကသာ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ဧရာဝတီမြစ်ရေသည် ကသာမြို့၏ စိုးရိမ်ရေအမှတ် ၁၀၄၀ စင်တီမီတာရှိပြီး ဇွန် ၂၄ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၈၇၉ စင်တီမီတာသို့ ရောက်ရှိနေကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရေယာဉ်ကြီးကြပ်မှုကော်မတီ ပူးပေါင်းအဖွဲ့တို့သည် ကသာမြို့နယ်အတွင်း မြစ်ရေတိုးမှုကြောင့် ပစ္စည်းများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ တိရစ္ဆာန်များ အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ဒုံးအော့ကျေးရွာ(ရွာသစ်)၊ ဒုံးအော့ကျေးရွာ(ရွာဟောင်း)၊ ရှမ်းကျွန်းကျေးရွာ၊ ပုလွေရွှေကျေးရွာများသို့ သွားရောက်ကာ ဧရာဝတီမြစ်ရေ ယခုထက် ပိုမိုတိုးလာပါက ပစ္စည်းများပြောင်းရွှေ့နိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီး ပြောင်းရွှေ့ထားနိုင်သောပစ္စည်းများအား ပြောင်းရွှေ့ထားရန်နှင့် ရွာသူရွာသားများ သတိပြုနေထိုင်ကြရန်အတွက် ဇွန် ၂၄ ရက်က လိုက်လံအသိပေးနှိုးဆော်ကာ ရေဘေးအန္တရာယ်ပညာပေး လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။



ထို့ပြင် ရေဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ဆက်သွယ်နိုင်သော တယ်လီဖုန်းနံပါတ်များကိုလည်း ကျေးရွာများသို့ အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး တိုးချဲ့လေးထပ်လူနာဆောင်သစ်ဖွင့်

**ဘားအံ ဇွန် ၂၅**
ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး တိုးချဲ့လေးထပ်လူနာဆောင်သစ်ဖွင့်ပွဲကို ဇွန် ၂၄ ရက် နံနက် ၈ နာရီက အဆိုပါတိုးချဲ့လူနာဆောင်သစ်၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်၊ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာဌေးအောင်၊ ဆေးရုံအုပ်ကြီးဒေါက်တာကျော်မြင့်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က တိုးချဲ့လေးထပ်လူနာဆောင် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြကာ လူနာဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသည် ၁၉၅၄ ခုနှစ်မတိုင်မီက သထုံခရိုင် ဆေးပေးခန်းအဖြစ် စတင်တည်ထောင်ခဲ့ရာမှ ၁၉၅၉ ခုနှစ်တွင် ခုတင်(၁၀၀)၊ ၂၀၁၂ ခုနှစ်တွင် ခုတင်(၂၀၀)သို့ အဆင့်တိုးမြှင့်ခဲ့ရာမှ လက်ရှိအခြေအနေတွင် ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းမွန်ခြင်း၊ နိုင်ငံတော်အစိုးရမှ ဆေးဝါးများအခမဲ့ထုတ်ပေးခြင်းနှင့် ပြည်သူလူထု၏ အားကိုးယုံကြည်မှုရှိခြင်းတို့ကြောင့် နေ့စဉ်ပျှမ်းမျှအတွင်းလူနာဦးရေမှာ ၃၅၀ ခန့်ရှိပြီး ဝန်ဆောင်မှုပေးနိုင်သည့် ခုတင်(၂၀၀)ထက်ပိုမိုနေကြောင်း၊ လူနာများထားရှိရန် အဆောက်အအုံနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများ ပြည့်ပြည့်စုံစုံခန့်ထားပေးနိုင်ရန် လိုအပ်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခန့်ထားပေးနိုင်ခြင်းမရှိသေးကြောင်း၊ လိုအပ်ချက်အရ ခုတင် (၅၀၀)ဆံ့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ပေးနိုင်ရန် တင်ပြထားကြောင်း ပြည်နယ်ကုသရေး ဦးစီးဌာနမှူးဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က ပြောသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး၊ ကျန်းမာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး(ကုသရေး)တို့က လမ်းညွှန်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးက တိုးချဲ့လေးထပ်ဆောင်နှင့်ပတ်သက်သည့် အချက်အလက်များအားရှင်းလင်းပြောကြားကာ MKT ဆောက်လုပ်ရေးကုမ္ပဏီအမှုဆောင်အရာရှိချုပ်က ဆေးရုံအုပ်ကြီးထံ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ပြီး ဘားအံဆေးရုံကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

အဆိုပါ တိုးချဲ့လေးထပ်လူနာဆောင်သစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀၀ ဖြင့် MKT ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ အောက်ဆုံးထပ်တွင် ICU နှင့် ခွဲစိတ်ခွဲဌာန၊ ပထမထပ်တွင် ခွဲစိတ်ခန်း၊ ဒုတိယထပ်နှင့် တတိယထပ်တို့ကို ခွဲစိတ်လူနာဆောင်အဖြစ် ထားရှိသွားမည်ဖြစ်ကြောင်းနှင့် တိုးချဲ့လေးထပ်လူနာဆောင်သစ်သို့ တက်ရောက်



ကုသကြမည့်လူနာများအနေဖြင့် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ဆေးဝါးများ၊ ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသမှုဆိုင်ရာစက်ပစ္စည်းကိရိယာများကို စွမ်း ဆောင်မှုပြည့်ဝစွာအသုံးချ၍ စိတ်ချမ်းမြေ့သာယာစွာ ကုသမှုခံယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# မြန်မာ့ဂီတရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြို့နယ်အသီးသီး၌ မြန်မာသံစဉ် ဂီတဖျော်ဖြေပွဲ များ ကျင်းပသွားမည်

**ရန်ကုန် ဇွန် ၂၅**
မြန်မာ့ဂီတ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လူငယ်ထုအကြား မြန်မာသံစဉ်များအား စိတ်ဝင်တစားရှိစေရန်အတွက် မြို့နယ်အလိုက်အောက်ခြေရပ်ကွက်များအထိ မြန်မာသံစဉ်ဂီတဖျော်ဖြေပွဲများကိုကျင်းပသွားရန်လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၌ ဇွန် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသော"မြန်မာ့ဂီတနေ့ "အခမ်းအနားမှ သိရသည်။

မရမ်းကုန်းမြို့နယ် ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးကိုကိုလှိုင်(ဂီတစာဆိုကိုကိုလှိုင် /သမိုင်း)က "မြန်မာ့ဂီတမှာပါဝင်တဲ့ စောင်း တူရိယာ၊ ပတ္တလား၊ ဒုံမင်း၊ နှဲစတဲ့ မြန်မာသံစဉ် စစ်စစ်တွေရဲ့ တူရိယာ ဂီတတွေဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လုနီးပါးဖြစ်နေပါပြီ။ ခေတ်လူငယ် လေးတွေကလည်း အနောက်တိုင်းဟစ်ပ်ဟော့ သီချင်းတွေ ဂီတတွေပဲ စိတ်ဝင်စားလာကြတယ်လေ။ ခုဆို မြန်မာ့ဂီတ ဖျော်ဖြေပွဲဆိုရင် ရုံဝင်ကြေး လက်မှတ်က တန်ဖိုးနည်းပြီး လူအဝင်နည်းနေပါတယ်။ ပြီးတော့စိတ်ဝင်စားမှုလည်းအားနည်း တယ်လေ။ အနောက်တိုင်း ဂီတဖျော်ဖြေပွဲဆိုရင်တော့ ရုံဝင်ကြေးက တစ်ဦးကို ငွေကျပ်သိန်းနဲ့ချီပြီး ပေးဝင်ကြရတဲ့ ပွဲတွေရှိနေပြီး လူအများစိတ်ဝင်တစားကြည့်ရှုအားပေးကြပါတယ်။

ဒါက ကျွန်တော်တို့ မြန်မာ့ရိုးရာ ဂီတအတွက် လျော့နည်းပပျောက်နိုင်တဲ့လက္ခဏာပါ။ ဒါကိုတစ်နိုင်ငံလုံးမှာဖွဲ့စည်းပြီးဖြစ်တဲ့မြို့နယ် ဂီတအစည်းအရုံးတွေက အောက်ခြေရပ်ကွက်အဆင့်ထိ မြန်မာသံစဉ် ဂီတဖျော်ဖြေပွဲတွေကို ကျင်းပသွားဖို့လိုအပ်ပါတယ်။ ပြီးတော့ဆုများကို ထိုက်တန်စွာ ပေးအပ်ချီးမြှင့်ပေးဖို့လည်းလိုပါတယ်။ ဒါကို စဉ်ဆက်မပြတ် လုပ်သွားစေလိုပါတယ်။ ခုဆို နိုင်ငံတော်အဆင့်အနေနဲ့လည်း ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပပေးနေတာဆိုတော့ လူကြီးတွေရော လူငယ်တွေပါစိတ်ဝင်စားလာပြီး မြန်မာသံစဉ် ဂီတက ရေရှည်မှာ အောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

အဆိုပါ မြန်မာ့ဂီတနေ့ အခမ်းအနား၌ ကျောင်းသား ကျောင်းသူလေးများ၏ မြနန္ဒာယိမ်းအကနှင့် "မြန်မာ့ဂီတ" သီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပေးပို့သောသဝဏ်လွှာကို မရမ်းကုန်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားကာ အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။ ထို့ပြင်ယခုအခါတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ လမ်းညွှန်မှုဖြင့် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် မြန်မာ့ဂီတနေ့ အခမ်းအနားများကို နိုင်ငံတစ်ဝှမ်း ဂီတအစည်းအရုံးများ ဖွဲ့စည်းပြီး မြို့နယ်များ၌ ဇွန်လနောက်ဆုံးပတ်မှစတင်ကာ ဇွန် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) မှ သိရသည်။

**စိုးဝင်း(MLA)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအသိပညာပေးဆွေးနွေး

**ပဲခူး ဇွန် ၂၅**
ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက် နံနက် ၉ နာရီက သွေးလွန်တုပ်ကွေးနှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ရှေ့အလားအလာနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ နေပြည်တော်ဗဟိုငှက်ဖျားတိုက်ဖျက်ရေး ဒုတိယညွှန်ကြားရေးမှူး(သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်)ဒေါက်တာဇော်လင်းက ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီး ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးသိုက်က သွေးလွန်တုပ်ကွေးရောဂါကုသခြင်းအကြောင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော ဗဟိုနှင့်တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများ၊ ပဲခူးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ မြို့နယ်အသီးသီးရှိပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးရောဂါထူးကဲစွာဖြစ်ပွားမှု အနေဖြင့် ၂၀၀၅၊ ၂၀၀၉၊ ၂၀၁၃၊ ၂၀၁၅ ခုနှစ်တို့တွင်ဖြစ်ပွားခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ဇွန် ၁၇ ရက်အထိ ၆၄၈ ဦးရှိကြောင်း၊ တစ်နှစ်လုံးအနေဖြင့် ၃၂၂၇ ဦးရှိပြီး ၁၃ ဦး သေဆုံးခဲ့ကြောင်း၊ ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁၇ ရက် အထိဖြစ်ပွားသူ ၅၅၂ ဦးရှိပြီး လေးဦး သေဆုံးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းနှင့် အနောက်ခြမ်းနှိုင်းယှဉ်လျှင် အရှေ့ခြမ်းမှာ ဖြစ်ပွားမှုများပြားနေကြောင်း၊ ပဲခူးတိုင်းဒေသကြီး(ရပကန)လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင့်ဖြိုးသန်းကပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကိုက်ခြင်းမှတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်သည့် ဗိုင်းရပ်(စ်)ကြောင့်ဖြစ်သောရောဂါဖြစ်ပြီး ကပ်ရောဂါအသွင်ကူးစက်ဖြစ်ပွားတတ်ကြောင်း၊ အသက်အရွယ်မရွေးဖြစ်ပွားပြီး ကလေးသူငယ်များတွင် အဓိကဖြစ်ပွားကြောင်း၊ ယခင်ကမိုးရာသီမှာသာဖြစ်ပွားလေ့ရှိပြီး ယခုအခါတစ်နှစ်ပတ်လုံးဖြစ်ပွားကာ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့တွင် အများဆုံးဖြစ်ပွားကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီးသည် ယခင်ကအဆင့် (၈)သာရှိပြီး ယခုအခါအဆင့်(၆)ထိ ဖြစ်သွားပြီ ဖြစ်ကြောင်း၊ ယခင်က အသက်(၁၆)နှစ်အောက် ကလေးများသာဖြစ်ပွားသော်လည်း ယခုအသက်(၄၀)အောက်လူကြီးများအထိ ရောဂါဖြစ်ပွားနေကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါအတွက် ကာကွယ်ဆေး၊ ကုသဆေးတိတိကျကျမရှိသေးကြောင်း၊ ထို့ကြောင့် ရောဂါကြိုတင်ကာကွယ်ရေးသည် အလွန်အရေးကြီးကြောင်း ဒေါက်တာဇော်လင်းက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ရောဂါပိုးသယ်ဆောင်လာသော ခြင်မပေါက်ပွားအောင် ပိုးလောက်လန်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းလုပ်ငန်းအား ပြည်သူလူထုအားလုံး ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ရန် ရပ်ကွက်၊ ကျေးရွာနှင့် ကျောင်းများတွင် ပညာပေးဟောပြောပွဲများ ပြုလုပ်စေခြင်း၊ အပတ်စဉ်လူထုလှုပ်ရှားအသွင် ခြင်လောက်လန်းနှိမ်နင်းခြင်းလုပ်ငန်းအရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း၊ စေတနာ့ဝန်ထမ်းများ၊ တက်ကြွသောလူငယ်များအား ပိုးလောက်လန်းနှိမ်နင်းရေးလုပ်ငန်းများအတွက် သီးသန့်တာဝန်ပေးခြင်း၊ ပိုးလောက်လန်းသတ်ဆေး၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားမှုနှင့် လုပ်ဆောင်ချက်များကို အချိန်နှင့် တစ်ပြေးညီ သတင်းပို့အစီရင်ခံခြင်းများ ပြုလုပ်ကြရန်လိုအပ်ကြောင်းသိရသည်။

ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးဦးတိုးဝင်းနှင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးညွှန့်ရွှေနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းစေတနာ့ဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာဆရာမများတက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကျင်းပ

**ဒဂုံမြို့သစ်(မြောက်ပိုင်း) ဇွန် ၂၅**
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၄၈ ရပ်ကွက် အထက (၄) ကျောင်း၌ ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီ)ရဲမှူးမျိုးခိုင်ဦးက သက်ငယ်မုဒိမ်းမှုပပျောက်ရေးအကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်မှ တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း ပညာပေး ဟောပြောခဲ့သည်။

အခမ်းအနားသို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူး မျိုးခိုင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီ၊ မြို့နယ်တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်လွင်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၁၁၈)**

# လူ့ဘောင်လောကသာယာလှပဖို့ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)



မူးယစ်ဆေးဝါးအန္တရာယ်ကို မူလတန်းကျောင်းသားဘဝကတည်းက ကြားဖူးခဲ့ပါသည်။ ထိုစဉ်က ကျောင်းအုပ်ဆရာမကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ကျေးဇူးကြောင့် ဖြစ်ပါသည်။ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများသည် စာရေးသူတို့အလယ်တန်းကျောင်းလေးသို့ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ လာရောက်ဟောပြောခဲ့ကြသည်။ ထိုစဉ်က ဆရာကြီးတစ်ဦး၏ဟောပြောမှုကို ယနေ့အချိန်အထိ သတိရနေဆဲပင်ဖြစ်သည်။

ဆရာကြီးက "လူငယ်တို့သဘာဝ စူးစမ်းလိုသည်မှာ ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝပင်ဖြစ်ကြောင်း၊ အခြားအရာများစွာကို စူးစမ်းလို့ရကောင်းရနိုင်သော်လည်း မူးယစ်ဆေးဝါးကိုမူ လုံးဝမစမ်းသပ်မိဖို့လိုကြောင်း၊ လူတစ်ဦးသည် မူးယစ်ဆေးဝါးကို တစ်ခါစမ်းသပ်သုံးစွဲလိုက်ပြီဆိုရုံမျှဖြင့် မူးယစ်ကျေးကျွန်ဖြစ်သွားပြီ" ဟု ပြောကြားသွားပါသည်။ ထိုဆရာကြီး၏ စကားသည် စာရေးသူတို့ရင်ထဲတွင် စွဲကျန်နေခဲ့သည်။ ထိုအချိန်မှစ၍ မူးယစ်ဆေးဝါးကို လူသားတို့၏ ကြီးမားသောအန္တရာယ်ဟု သဘောထားခဲ့သည်။ သို့သော် "အသိခေါက်ခက် အဝင်နက်သူများ" သည် အတွေ့ကြုံရှိသည့် လူကြီးမိဘ၊ ဆရာသမားများ၏ ပြောဆိုဆုံးမမှုကို နားမဝင်ကြပေ။ အပေါင်းသင်းမှားခြင်း၊ စိတ်အလိုလိုက်ခြင်းတို့ကြောင့် မူးယစ်ကျေးကျွန်များဖြစ်နေကြရသည်။ တချို့သောလူငယ်များသည် အနာဂတ်ပင်ပျောက်ဆုံးနေကြသည်။ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

## တွေးချင့်ရန်လို

နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွက် ဆောင်ပုဒ်သည် "ဦးစွာနားထောင်ပါ" Listen First - Listening to children and youth is the first step to help them grow healthy and safe. ဖြစ်သည်။ ထိုစာစုလေးသည် စာရေးသူတို့လိုမိဘများအတွက် အတွေးများစွာကို ဖြစ်ပေါ်စေပါသည်။ မိဘများသည် အရာရာတိုင်းတွင် ကိုယ်သိကိုယ်တတ်လုပ်နေတတ်ကြသည်။ သားသမီးများ၏ ရင်ဖွင့်သံကို အလေးတယူနားထောင်လေ့မရှိကြချေ။ အကျိုးဆက်အနေဖြင့် ထိုမိဘများ၏ သားသမီးများသည် လမ်းမှားရောက်ဖို့ရာခိုင်နှုန်းများနေပါသည်။ အထူးသဖြင့် မိတ်ဆွေအပေါင်းသင်းမှားတတ်ပါသည်။ မိမိ၏သားသမီးကို ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်သည့် ကလေးတစ်ဦးအဖြစ် ကြီးပြင်းစေလိုလျှင် ထိုကလေး၏ရင်ဖွင့်သံကို အချိန်ပေးနားထောင်သင့်ပါသည်။

## သမိုင်းကြောင်း

ကုလသမဂ္ဂအထွေထွေညီလာခံသည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၄၂/၁၁၂ ချမှတ်ခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်မှစတင်၍ နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားများ ကျင်းပခဲ့ကြပါသည်။ ထိုအခမ်းအနားကျင်းပရခြင်းသည် ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးအလွဲသုံးမှုပပျောက်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းက ပူးပေါင်းဆောင်ရွက်သွားဟု ဆုံးဖြတ်ထားကြောင်းကို ဖော်ညွှန်းနေခြင်းပင်ဖြစ်သည်။

## ဘုံရန်သူ

မျက်မှောက်ခေတ်လူသားတို့သည် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်၊ ရန်လိုသောနိုင်ငံများ၏ နျူကလီးယားလက်နက်များ၊ အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများနှင့် ကုသရန်ဆေးဝါးရှာမတွေ့သည့်ရောဂါအသစ်အဆန်းများ စသည့် အန္တရာယ်ပေါင်းစုံနှင့် တွေ့ကြုံရင်ဆိုင်ရလျက်ရှိကြသည်။ ထိုအန္တရာယ်များထက် အဆိုးရွားဆုံးအရာသည်လူသားတစ်ရပ်လုံးကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ပင်ဖြစ်သည်။ ကမ္ဘာပေါ်၌ မူးယစ်ဆေးဝါးကို အာရပ်နိုင်ငံများတွင် စတင်သုံးစွဲခဲ့ကြသည်ဟု မှတ်သားဖူးပါသည်။ အင်္ဂလိပ်နှင့် ဒတ်(ချ်)တို့ကလည်း ၁၆ ရာစုနှစ်လယ်ခန့်တွင် မြန်မာနိုင်ငံသို့ ဘိန်းစတင်တင်ပို့ခဲ့ကြသည်ဟုဆိုပါသည်။ ဘိန်းကို မူလက တိုင်းရင်းဆေးဝါးအဖြစ် သုံးစွဲခဲ့ကြသော်လည်း ခေတ်ကာလရွေ့လျားလာသည်နှင့်အမျှ မူးယစ်ဆေးဝါးအဖြစ် ထုတ်လုပ်သုံးစွဲလာကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် လူ့ဘောင်လောကကို ခြိမ်းခြောက်လျက်ရှိသည့် ဘုံရန်သူပင်ဖြစ်သည်။

တစ်ချိန်က လူမှုရေးနှင့်ရာဇဝတ်မှုပြဿနာများအဖြစ် ရှုမြင်ခဲ့သော မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းသည် လူသားအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးတို့ကို သိသိသာသာခြိမ်းခြောက်စိန်ခေါ်လာလျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ရာဇဝတ်မှုကျူးလွန်ရုံသာမက ကျန်းမာရေးပြဿနာတစ်ရပ်လည်းဖြစ်သည်။ အဓိက ရာဇဝတ်မှုကျူးလွန်သူများသည် မူးယစ်ဆေး တရားမဝင်ရောင်းဝယ်ဖောက်ကားသူများဖြစ်ကြသည်။ မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက်ကို လျှော့ချနိုင်မှသာလျှင် ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ဝယ်လိုအားကို အဓိကထား၍ လျှော့ချသွားမည်ဆိုလျှင် ထုတ်လုပ်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် အစပြုဓာတုဆေးဝါးများ၏အန္တရာယ်ကိုလည်း တိုက်ဖျက်သွားရန် အထူးလိုအပ်နေပါသည်။

## ပူးပေါင်းဆောင်ရွက်မှုများလိုအပ်

ထိုသို့လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် လူထုအတွင်း မူးယစ်အန္တရာယ်ကို ပိုမိုသိရှိရှောင်ရှားနိုင်ရန်အတွက် အစိုးရများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများ လိုအပ်ပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားများအား အမျိုးသားရေးအသွင်ဖြင့် ကျင်းပနေကြသလို မြန်မာနိုင်ငံတွင်လည်း ကျင်းပလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အစိုးရအဆက်ဆက်သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသောကြောင့် ကမ္ဘာ့နိုင်ငံများကပင် ထောက်ခံပံ့ပိုးကူညီမှုများရှိနေပါသည်။ အောင်မြင်မှုများလည်း သိသာထင်ရှားစွာရရှိလျက်ရှိပါသည်။

## ကိုလိုနီဆိုးမွေ

မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ မြတ်စွာဘုရားဟောကြားထားသည့် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်" တရားဒေသနာတော်များအတိုင်း လိုက်နာကျင့်ကြံနေထိုင်သည့် အလေ့အထကောင်းများ ရှိကြသည်။ ထို့ကြောင့် ရှေးယခင်က မြန်မာ့လူ့အဖွဲ့အစည်းတွင် မူးယစ်ဆေးဝါးသုံးစွဲသူ မရှိသလောက်ပင်နည်းပါးခဲ့သည်။ သို့သော် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဘိန်းစိုက်ပျိုးထုတ်လုပ်သုံးစွဲမှုသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေအဖြစ် အမြစ်တွယ်ကျန်နေခဲ့သည်။ ထိုအကျိုးဆက်အဖြစ် မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ထိစပ်နေသော သုံးနိုင်ငံနယ်စပ် "ရွှေတြိဂံဒေသ" သည် တစ်ချိန်က ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုတို့ကြောင့် နာမည်ဆိုးဖြင့်ကျော်ကြားခဲ့ရသည်။ သို့သော် ခေတ်အဆက်ဆက် အစိုးရအသီးသီး၏ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု ကင်းစင်ပပျောက်ရေး မဟာဗျူဟာစီမံကိန်းများကြောင့် ထိုမကောင်းသတင်းကို ချေဖျက်နိုင်ခဲ့ပြီးဖြစ်သည်။

## နှစ်ရှည်စီမံကိန်းများ

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေနှင့် ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ထို့အပြင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော် ဘိန်းစိုက်ပျိုးမှုများ၊ အစားထိုးဓာတုပစ္စည်းများ၊ အသစ်ထွက်ပေါ်လာသည့် မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏အန္တရာယ်များမှာ လျော့နည်းသွားခြင်းမရှိ၍ မူးယစ်ဆေးဝါးပပျောက်ရေး ၅ နှစ်စီမံကိန်းကို ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ထပ်မံ သက်တမ်းတိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများကိုလည်း နှစ်စဉ် မီးရှို့ဖျက်ဆီးလျက်ရှိသည်။ အထူးသဖြင့် လူသူအရောက်အပေါက်နည်းပါးသော ဝေးလံခေါင်းပါးသည့်နေရာများတွင် စိုက်ပျိုးထားသော ဘိန်းခင်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖျက်ဆီးလျက်ရှိသည်။ နယ်စပ်ဒေသများရှိ တိုင်းရင်းသားများအတွက် ဘိန်းအစားထိုးမျိုးစေ့များ ထုတ်ပေးခြင်းနှင့် အခြားအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိပါသည်။ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုကျူးလွန်သူများအား ထိရောက်သည့် အရေးယူပြစ်ဒဏ်ပေးမှုများကိုပါ ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် သိသာသော အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

## လူငယ်များလမ်းမှားမရောက်စေရန်

မျက်မှောက်ခေတ်တွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ လူငယ်ထုအတွင်း၌ မူးယစ်ဆေးဝါးသုံးစွဲနေမှုကို အသွင်အမျိုးမျိုးဖြင့် တွေ့ရှိလာရသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် စီးပွားရေးနှင့် လူမှုရေး ထိခိုက်စေရုံသာမက ဂုဏ်သိက္ခာကိုပါ ညှိုးနွမ်းစေနိုင်ပါသည်။ ထို့ကြောင့် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး အထူးအလေးထားဆောင်ရွက်သွားရန် လိုအပ်သည်။ လူငယ်သဘာဝ လက်တည့်စမ်းလိုသည့်သဘောရှိကြသဖြင့် မိဘများသည် မိမိ၏သားသမီးများကို လူပေါင်းမမှားမိစေရန်အတွက် ဂရုစိုက်ကြပ်မတ်ထားသင့်ပေသည်။ မိဘများသည် သားသမီးများ၊ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်လူငယ်များ၏ စကားကို အလေးထားနားထောင်ပြီး တတ်နိုင်သမျှ ညှိနှိုင်းဖြည့်ဆည့်ပေးသင့်သည်။

တချို့သောလူငယ်များသည် မိဘများ၏ တင်းကျပ်သောစည်းကမ်းနှင့် ရှေးရိုးဆန်သောထိန်းချုပ်မှုများအပေါ် ကဏ္ဍကောစပြုလုပ်ရာမှ မမျှော်လင့်ဘဲ လမ်းမှားသို့ရောက်သွားတတ်ကြသည်။ တချို့သောလူငယ်များသည် အပေါင်းသင်းမှားပြီး မူးယစ်ဆေးဝါးသုံးစွဲတတ်သွားကြသည်။ အညွန့်တလူလူတက်နေသောလူငယ်များအတွက် များစွာနစ်နာရပါသည်။ မူးယစ်ဆေးဝါးသည် တစ်ခါသုံးစွဲရုံမျှဖြင့် စွဲလမ်းစေသဖြင့် မသုံးမိစေရန် အထူးရှောင်ရှားသင့်ပေသည်။ မိဘများသည် ရင်သွေးငယ်များ၏ ပြောဆိုပြုမူမှုပုံစံ ပုံမှန်မဟုတ်ဘဲ ခြေလှမ်းပျက်နေပါက ဆရာဝန်နှင့်ချက်ချင်းဆွေးနွေးတိုင်ပင်သင့်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများတရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းသည် ငွေကြေးလွယ်ကူစွာရရှိသည့် လုပ်ငန်းဖြစ်နေသောကြောင့် ကမ္ဘာတစ်ဝန်းတွင် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုများ ဖြစ်ပွားနေဆဲပင်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်သည်လူသားအားလုံးကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။ ထိုမူးယစ်ဆေးဝါးအန္တရာယ်ကို တစ်နိုင်ငံတည်းစွမ်းအားဖြင့် ဖြေရှင်းမရနိုင်သဖြင့် ကမ္ဘာ့နိုင်ငံများအကြား အချင်းချင်း သတင်းဖလှယ်ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ သို့မှသာလျှင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများကို အချိန်မီဖော်ထုတ်တားဆီး အရေးယူနိုင်မည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် မူးယစ်ဆေးဝါးသည် လူသားအားလုံးကို ခြိမ်းခြောက်နေသည့် ဘုံရန်သူပင်ဖြစ်သည်။ ထိုမူးယစ်ဆေးဝါးကို အမြစ်ပြတ်တိုက်ဖျက်ချေမှုန်းရန်အတွက် ကမ္ဘာ့နိုင်ငံများသည် နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနေ့ ကျင်းပလျက်ရှိကြသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ကို အမျိုးသားရေးအသွင်ဖြင့် စည်းရုံးကျင်းပလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဥပဒေများပြဋ္ဌာန်းကာ မဟာဗျူဟာစီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပါ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မိဘများသည် စိတ်ဓာတ်နူးညံ့သော ကလေးငယ်များ၏ရင်ဖွင့်သံစကားများကို အချိန်ပေးနားထောင်ပေးသင့်ပါသည်။ သို့မှသာလျှင် လူငယ်များကျန်းမာကြံ့ခိုင်စွာဖြင့် ပညာသင်ယူနိုင်ရေးတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အားပါဝင်ထမ်းဆောင်ရွက်လျက် လူ့ဘောင်လောကကြီးကို သာယာလှပအောင် တည်ဆောက်သွားနိုင်ကြပါစေ။



# တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထွက်တဲ့နေ့က ဘဝမှာအပျော်ဆုံးနဲ့ အမှတ်တရအဖြစ်ဆုံး အချိန်ဖြစ်တယ်

# အေးချမ်းမိုး နှင့် တွေ့ဆုံခြင်း

### အေးချမ်းမိုးရဲ့ လတ်တလောအနုပညာလှုပ်ရှားမှု

လတ်တလောအနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ အခမ်းအနားတွေမှာ အစီအစဉ်တင်ဆက်သူလုပ်ဖြစ်တာများပါတယ်။ ပြီးခဲ့တဲ့လက YBS ပညာပေးကြော်ငြာကို ရန်ကုန်နဲ့ တရုတ်နိုင်ငံမှာ သွားရိုက် ထားတာရှိပါတယ်။ ရုပ်ရှင်နဲ့ဗီဒီယိုတွေမှာသရုပ်ဆောင်ဖို့ကတော့ အခုထိတော့ ကမ်းလှမ်းထားတာလည်းမရှိသလို လက်ခံထားတာလည်းမရှိသေးပါဘူး။ အလုပ်သင်ဆရာဝန်လည်း လုပ်နေရတာဆိုတော့ အချိန်မရတာလည်းရှိတယ်။ ဒီလကုန်ရင် အလုပ်သင်ဆရာဝန် အလုပ်လည်းပြီးတော့မယ်။ အဲဒီနောက်ပိုင်းကမ်းလှမ်းလာတာတွေရှိရင် စဉ်းစားပြီးလက်ခံသွားမှာပါ။

### အလုပ်သင်ဆရာဝန်ဘဝ အတွေ့အကြုံကရော

အလုပ်သင်ဆရာဝန်က တစ်နှစ်ပေါ့နော်။ တစ်နှစ်အတွင်းမှာတွေ့ကြုံတာတွေက အများကြီးပါပဲ။ လူနာတွေရဲ့ ခံစားချက်တွေ၊ ဆရာဝန်တွေဘက်က ကုသပေးရတာတွေအများကြီး ရှိတာပေါ့။ အလုပ်သင်ဆရာဝန်ဘဝ တစ်နှစ်အတွင်းမှာ အလုပ်စဆင်းတဲ့ ပြီးခဲ့တဲ့ဇူလိုင်လကစပြီး လစဉ်ရတဲ့ လစာငွေကိုဆေးရုံမှာ ပြန်ပြီးလှူပါတယ်။ အဲဒါကတော့ အလုပ်သင်ဆရာဝန်ဘဝ အမှတ်တရပါပဲ။

### ရှေ့ဆက်ပြီး ဘဝရပ်တည်မှုအတွက် ဘယ်လိုရွေးချယ်ဖြစ်မလဲ

အဲဒါတော့ ကျွန်မဘွဲ့ယူပြီးမှစဉ်းစားမယ်လို့ ဆုံးဖြတ်ထားတယ်။ အနုပညာဘက်ကို ဆက်လုပ်ဖြစ်မလား၊ ဆရာဝန်အလုပ်ကို ဆက်လုပ်ဖြစ်မလားဆိုတာတော့ မိဘတွေနဲ့တိုင်ပင်ပြီးမှ ဆုံးဖြတ်မယ်လို့စဉ်းစားထားပါတယ်။

### အခုကမိုးရာသီကာလဆိုတော့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဘယ်လိုအသိပညာတွေပေးလိုပါလဲ

အဓိကကတော့ မိုးတွင်းမှာဆိုရင် ဖျားနာတာတွေ လူကြီးတွေလည်းဖြစ်တယ်၊ ကလေးတွေလည်းဖြစ်တယ်။ အများအားဖြင့် မိုးတွင်းမှာပေါ့။ မနှစ်က အလုပ်သင်ဆရာဝန်အဖြစ် ဇူလိုင်လမှာ ကလေးဆေးရုံမှာ စဆင်းရတယ်။ ကလေးဆေးရုံမှာဆိုတော့ သွေးလွန်တုပ်ကွေးဖြစ်တဲ့ကလေးတွေ အတော်များတာတွေ့ရတယ်။ ကလေးတွေကို ဘယ်အချိန်မှာ ခြင်ကိုက်သွားတယ်ဆိုတာ လူကြီးတွေက မသိကြဘူး။ သွေးလွန်တုပ်ကွေးဖြစ်တဲ့ ကလေးတွေကို အချိန်ပြည့်စောင့်ကြည့်ရတယ်။ အဲဒါကြောင့် ဒီလိုမိုးရာသီအချိန် အိမ်မှာကလေးရှိတဲ့ မိဘတွေဆိုရင် မိမိကလေးတွေကို ခြင်ကိုက်မခံရအောင် သတိပြုရပါမယ်။ တခြား ဝမ်းပျက်ဝမ်းလျှောရောဂါလည်း ဒီအချိန်မှာ ဖြစ်တတ်တဲ့အတွက်ကြောင့် အစားအသောက်စားတဲ့အခါ သေချာကရုစိုက်စေချင်တယ်။ အိမ်ကချက်တဲ့အစားအစာတွေကို အဓိကစားပါ။ အပြင်ကချက်တာတွေ စားမယ်ဆိုရင်လည်း ယင်မနားတဲ့အစားအစာတွေ သေချာရွေးချယ်စားသုံးမယ်ဆိုရင် ကိုယ့်ရဲ့ကျန်းမာရေးအတွက် ပိုပြီးကောင်းပါတယ်လို့ ပြောချင်ပါတယ်။

### မိုးရာသီနဲ့ပတ်သက်တဲ့ အမှတ်တရကရော

မိုးရာသီနဲ့ပတ်သက်တဲ့ အမှတ်တရကတော့ ရှိပါတယ်။ အဲဒါကကျွန်မမွေးနေ့ပါ။ ဇူလိုင်လ ၂၈ ရက်နေ့က မွေးနေ့ပါ။ ဒီနှစ်မှာ ၂၄ နှစ်ပြည့်မှာ။ မှတ်မှတ်ရရဆိုရင် လွန်ခဲ့တဲ့ နှစ်နှစ် Final Year Part 2 စာသင်ရင်း စာမေးပွဲရှိလို့ စာကျက်နေတာ။ မွေးနေ့ပြီးနောက်နေ့က စာမေးပွဲ ဖြေရမှာဆိုတော့ အဲဒီမွေးနေ့ညမှာ စာတွေကျက်နေရတာ။ အဲဒီအချိန်မှာ သူငယ်ချင်းတွေ အုပ်စုလိုက်လာပြီး အောက်ကိုဆင်းခဲ့ဆိုတော့ စာကျက်နေရင်း အိမ်ကနေ အောက်ကိုဆင်းသွားတယ်။ Happy Birthday ဆိုပြီး ကိတ်မုန့်တွေနဲ့ လုပ်ပေးကြတယ်။ ပျော်စရာကြီးပေါ့၊ အဲဒီအချိန်မှာ မိုးတွေရွာချတယ်။ မိုးရေတွေစိုပြီး မွေးနေ့လုပ်ကြတာ။ အဲဒီအချိန်ကတော့ မိုးရာသီမှာ အမှတ်တရ ဖြစ်ခဲ့ရတဲ့အချိန်ဖြစ်ပါတယ်။

### မကြာခင်က တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်း ထွက်ထားတာဆိုတော့ အောင်မြင်တဲ့သူတွေ၊ မအောင်မြင်တဲ့ သူတွေကို ဘယ်လိုပြောချင်လဲ

ပထမဆုံးအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်တဲ့သူတွေအားလုံးကို ဝမ်းမြောက်ဂုဏ်ယူပါတယ်လို့ ပြောချင်ပါတယ်။ ဘဝတစ်ဆစ်ချိုးဖြစ်တဲ့အတွက် ဒီစာမေးပွဲဟာ အလွန်အရေးကြီးတယ်လို့ ခံယူထားပါတယ်။ ယခုနှစ်မှာအောင်မြင်သူတွေအတွက်လည်း ပျော်ရွှင်စရာပါ။ ကိုယ်တက်လှမ်းချင်တဲ့ ကိုယ်သွားချင်တဲ့ နေရာကို ရည်မှန်းချက်အတိုင်း ရောက်အောင်သွားပါ။ ကိုယ့်လျှောက်မယ့်လမ်းအတွက် သေသေချာချာရွေးချယ်ပြီး အောင်မြင်မှုတွေရကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။ စာမေးပွဲမအောင်တဲ့ သူတွေအတွက်လည်း ဒီတစ်ခါကျတဲ့နဲ့ ကိုယ့်ဘဝတစ်ခုလုံး ကျရှုံးသွားတာမဟုတ်တဲ့အတွက် ထပ်ပြီးကြိုးစားစေချင်တယ်။ ကြိုးစားလေအောင်မြင်လေဖြစ်တဲ့အတွက် ဘဝကိုမဆုတ်မနစ်တဲ့ ဇွဲ၊ လုံ့လနဲ့ ကြိုးစားရင် နောက်တစ်ကြိမ်မှာ အောင်မြင်မှာပါလို့ပြောချင်ပါတယ်။

### ကိုယ်တိုင်ရော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထွက်တဲ့နေ့ကို ဘယ်လိုဖြတ်သန်းခဲ့လဲ

ကျွန်မရဲ့ဘဝအတွေ့အကြုံပေါ့၊ ၂၀၀၉ ခုနှစ် ဇွန်လ အောင်စာရင်းထွက်တဲ့နေ့က ည ၁၂ နာရီမထိုးခင် သန်းခေါင်လောက်မှာ အမေနဲ့ ကျွန်မနှစ်ယောက် အိမ်နဲ့ကျောင်းကနီးတော့ ကျောင်းကို လမ်းလျှောက်သွားတယ်။ အဲဒီအချိန် စိတ်ပူတာက ကိုယ်တက်ချင်တဲ့ ဆေးကျောင်းကို မတက်ရမှာ။ လမ်းလျှောက်ရင်း အမေ့ကိုပြောဖြစ်တယ်။ အမှတ်မကောင်းလို့ အမေတို့ဖြစ်စေချင်တဲ့၊ သမီးရောဖြစ်ချင်တဲ့ ဆေးကျောင်းကိုမတက်ရရင် ဘယ်လိုလုပ်မလဲပေါ့။ အမေကတော့ ဘယ်တတ်နိုင်မလဲလို့ပြောပါတယ်။ အဲဒါနဲ့ ခေါင်းငိုက်စိုက်၊ ငိုက်စိုက်နဲ့ ကျောင်းကို လမ်းလျှောက်ပြီး ရောက်သွားတယ်။ အောင်စာရင်းလည်းကြည့်တော့ မျက်လုံးပြူးသွားတယ်။ "တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်" ဂုဏ်ထူးခြောက်ခု။ အမေ သေချာပြန်ကြည့်ပါဦးဆိုပြီး "မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ" ခြောက်ဘာသာလုံး ထွက်တယ်ဆိုပြီး အဲဒီအချိန်မှာ တော်တော်ပျော်သွားတယ်။ ဘဝမှာအပျော်ဆုံးအချိန်ဆိုရင် အဲ့ဒီအချိန်လို့ပြောလို့ရပါတယ်။ မျှော်လင့်ထားတဲ့ အရာတစ်ခုဖြစ်လာတဲ့အတွက် ဘဝမှာအပျော်ဆုံးနဲ့ အမှတ်တရ အဖြစ်ဆုံးအချိန်လို့ ပြောလို့ရပါတယ်။

### အနုပညာနဲ့ပတ်သက်ပြီး ဘယ်လိုဆက်ပြီး လုပ်ဆောင်သွားမလဲ

အခုကျွန်မအလုပ်သင်ဆရာဝန်အလုပ်လည်း ပြီးတော့မယ်ဆိုတော့ အင်တာဗျူးလုပ်တဲ့သူအများစုမေးကြတာက အနုပညာဆက်လုပ်မှာလား ဆရာဝန်လုပ်မှာလားဆိုပြီး အမြဲမေးကြတယ်။ အဲ့ဒီမေးခွန်းဟာ ကျွန်မအတွက်ဖြေရအခက်ဆုံး မေးခွန်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်ဆိုတာကလည်း ငယ်ငယ်ကတည်းကဖြစ်ချင်တဲ့ ရည်မှန်းချက်တစ်ခုပါ။ ဖြစ်အောင်လည်း ကြိုးစားခဲ့တယ်။ အနုပညာဆိုတာကလည်း နှစ်သက်တယ်၊ မြတ်နိုးတယ်။ ပညာရေးနဲ့အတူ အနုပညာအလုပ်ကိုလည်း ဆက်တိုက်လုပ်လာတဲ့ အတွက်ကြောင့် မစွန့်လွှတ်နိုင်တဲ့ အပိုင်းမှာလည်းပါတယ်။ အများစုက ကျွန်မကိုဆရာဝန်ပဲဆက်လုပ်၊ တချို့ကတော့ အနုပညာအလုပ်ပဲလုပ်ပေါ့။ အမျိုးမျိုးပဲအကြံပေးကြပါတယ်။ ကျွန်မကတော့ စဉ်းစားနေတုန်းပါ။ ဘယ်ဘက်ကိုအလေးသာမလဲဆိုတာမသိသေးဘူး။ ပရိသတ်တွေအနေနဲ့လည်း ကျွန်မဆုံးဖြတ်လိုက်ရင် ဆုံးဖြတ်တဲ့အပေါ်မှာ အားလုံးပဲနားလည်ပေးစေချင်ပါတယ်။ အနုပညာကို ရွေးချယ်ဖြစ်မယ်ဆိုရင်လည်း အနုပညာဘက်မှာအားပေးကြပါလို့၊ တတ်စွမ်းသရွေ့အနုပညာကိုလည်း ကြိုးစားသွားမှာပါ။

### ပရိသတ်တွေကို ဖြည့်စွက်ပြောလိုတာကရော

ဒီတစ်နှစ်အတွင်းမှာ ပရိသတ်တွေနဲ့နည်းနည်းလေးတော့ အလှမ်းဝေးကွာနေပါတယ်။ အလုပ်သင်ဆရာဝန် အလုပ်နဲ့ဆိုတော့ တစ်ခါတစ်ရံ ပရိသတ်တွေကို အချိန်မပေးနိုင်တာလေးတွေရှိတယ်။ ဒီအလုပ်ပြီးသွားရင်တော့ အနုပညာအလုပ်တွေ ပိုပြီးလုပ်ဆောင်သွားမှာပါ။ လိုအပ်ချက်တွေရှိရင်လည်း ထောက်ပြပေးပါ။ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားပါ့မယ်လို့ ပြောချင်ပါတယ်။

**မင်းလှသား၊**
**ဓာတ်ပုံ - NZA**

---

# မောင်မိုးသူ (၈၀) ပြည့် အမှတ်တရ ကာလာများဖြင့် ကခုန်ခြင်း ပန်းချီပြပွဲပြသ

**ရန်ကုန် ဇွန် ၂၅**

စာရေးဆရာကြီး မောင်မိုးသူ၏ အသက် (၈၀) ပြည့် အမှတ်တရအဖြစ် ပန်းချီကားပေါင်း ၃၅ ကားပါဝင်သည့် ကာလာများဖြင့် ကခုန်ခြင်း (Dancing with Colours Solo Art Exhibition) ပန်းချီပြပွဲကို ဇွန် ၂၄ ရက်မှစတင်၍ ဇွန်၂၆ ရက်ထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် (၁၃၁) ရှိ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၌ ပြသသွားမည်ဖြစ်သည်။

စွယ်စုံရအနုပညာရှင် ဆရာကြီး မောင်မိုးသူကို အဖ သခင်ဗတုတ်၊ အမိ ဒေါ်မြမေတို့က ၁၉၃၇ ခုနှစ်တွင် မန္တလေးမြို့၌ မွေးဖွားခဲ့ရာ ယခု အသက် ၈၀ ပြည့်ပြီဖြစ်၍ အမှတ်တရပန်းချီပြပွဲကို "မောင်မိုးသူ (၈၀) ပြည့် အမှတ်တရ" ခေါင်းစဉ်ဖြင့် ပြသခြင်းဖြစ်ကြောင်း သိရသည်။

စွယ်စုံရအနုပညာရှင်ဆရာကြီးမောင်မိုးသူသည် ဝတ္ထုများ၊ ဘာသာပြန်ဝတ္ထုများနှင့်ဆောင်းပါး၊ ကဗျာများစွာတို့ကို ရေးသားခဲ့သည့်အပြင် ရုပ်ရှင်၊ ဇာတ်ညွှန်းများနှင့်ဒါရိုက်တာအဖြစ်ပါရိုက်ကူးရေးသားခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် ပန်းချီဆွဲဖြစ်ရာမှ တစ်ကိုယ်တော်ပန်းချီပြပွဲ သုံးပွဲပြသခဲ့ပြီးဖြစ်သည်။

**သတင်း၊ဓာတ်ပုံ -ဇော်မင်းလတ်**



---

# Face Of Beauty Queen 2017 နောက်ဆုံးပြိုင်ပွဲ ဇွန်၂၇ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၅**

Lady Boy များ ယှဉ်ပြိုင်ရမည့် Face Of Beauty Queen 2017 နောက်ဆုံးပြိုင်ပွဲကြီးကို ဇွန် ၂၇ ရက်တွင် ရန်ကုန်မြို့ရှိ Excel Hotel ၌ ပြုလုပ်သွားမည်ဟု သိရသည်။

အဆိုပါပြိုင်ပွဲသည် Face Of Beauty Queen အဖွဲ့အစည်းမှ ပထမဦးဆုံးအကြိမ် ပြုလုပ်သည့်ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဝင်ရန် လာရောက်လျှောက်ထားသည့် အလှမယ်များထဲမှ နောက်ဆုံးဆန်ခါတင် ၂၂ ဦးကို ရွေးချယ်ထားပြီးဖြစ်သည်။ Face Of Beauty Queen 2017 နောက်ဆုံးပြိုင်ပွဲဝင်မည့် အလှမယ်များသည် ရေကူးဝတ်စုံ၊ မြန်မာရိုးရာဝတ်စုံနှင့် ညနေခင်းဝတ်စုံတို့ဖြင့် ယှဉ်ပြိုင်ကြရမည်ဟု သိရသည်။

"အလှမယ်ပြိုင်ပွဲတွေမှာ ပါဝင်ဖြစ်တာကတော့ ဒီတစ်ကြိမ်က ဒုတိယအကြိမ် ပြိုင်ဖြစ်တာပါ။ International ပွဲတစ်ခုဖြစ်နေတာနဲ့ပြိုင်ဖြစ်တာပါ။ အမှန်ပြောရရင်တော့ သရဖူဆောင်းပြီး နိုင်ငံတကာပွဲထိထပ်ပြိုင်ချင်တာ။ ဒါပေမဲ့ အားလုံးကလှကြတယ်၊တော်ကြတယ်ဆိုတော့ အကောင်းဆုံးတော့ ကြိုးစားနေပါတယ်"ဟု ပြိုင်ပွဲဝင်တစ်ဦးဖြစ်သည့် အလှမယ် နန်းခင်မွှေးက ပြောသည်။

"Face of Beauty Queen 2017 ဖိုင်နယ်ပြိုင်ပွဲကြီးတွင် ပေးအပ်မည့် ဆုများမှာ Face of Beauty Queen 2017 Winner၊ Face of Beauty Queen 2017( Dr Face) Winner ၊ First Runner up၊ Second Runner up၊ Mini Challenge Winner award အပြင် Title ဆု ခုနစ်ဆုအဖြစ် Best Confident Model award၊ Best Complexion award၊ Best Catwalk award၊ Best Body Shape Award၊ Photogenic Award၊ Best Talent Award၊ Best Costume Award တို့ကို ပေးအပ်သွားမည်ဟု သိရသည်။

**(မေနှင်းဆီ)**







## အမည်မှန်

အဖဦးမျိုးလွင်၏သား အထက (၂)ဗဟန်း ပဉ္စမတန်း(ခရေ)မှ မောင်ဟိကျာ်းထွဋ်မျိုးလွင်၏ အမည်မှန်မှာ မောင်ဟိန်းထွဋ်မျိုးလွင်ဖြစ်ပါကြောင်း။ **မောင်ဟိန်းထွဋ်မျိုးလွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ အထက(၅)၊ ရှမ်းတဲ၊ စတုတ္ထတန်းနေ မအေးနန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသက်မင်း(ခ) ဦးဗိုလ်သက်မင်း [၇/ဝမန(နိုင်)ဝ၉၆၂၁၅] တစ်ဦးတည်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အနောက်၊ မြေကွက်အမှတ်(၇၀၃/က)၊ မြေကွက်တည်နေရာအမှတ်(၇၀၃/က)၊ ဝေဇယန္တာ(၁၆)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်ယုံ[၁၂/သကတ(နိုင်) ဝ၉၂၃၂၁] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ယုံ(မိခင်)နှင့် ဦးနီတွတ်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်တင်မာလွင် [၁၂/သကတ(နိုင်)ဝ၁၇၁၄၈]မှ တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ (၁၅-၃-၂၀၁၇)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်စဉ် (၃/၇၉၈/၂၀၁၇)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံ ချက်၊ ဂရန်ပျောက်ဆုံးကြောင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ (၆-၂-၂၀၁၇)ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်စဉ် (၂၀၉၂/၂၀၁၇)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင်တစ်ထပ်၊ ပျဉ်ထောင်(၂)လုံးရှိပြီးလျှောက်ထားသူ ဒေါ်တင်မာလွင်နှင့်သားဖြစ်သူ ဦးကိုကိုနိုင် နေထိုင်ခြင်းအတွက် လျှောက်ထားသူမှ ဝန်ခံကတိတင်ပြပြီးဖြစ်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၆)၊ မြေကွက်အမှတ်(၁၇၃၃+၁၇၈၀+၁၇၈၁)၊ ဧရိယာ(၀.၁၃၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လင်းလင်းနိုင်(၁၃/လရန(နိုင်)၀၉၃၁၁၇)မှ ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီထားပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စရပ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာလာဆွေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)**
**LL.B,H.G.P,D.B.L,D.M.L,D.I.L,D.A.Psy,WIPO(Switzerland),**
**အမှတ်-၁၁၊ ဦးဘဟန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၁၂၇၈၂၈**

## အထူးကိုယ်စားလှယ်လွှဲစာများရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်လှိုင်[၁၂/သဃက(နိုင်)ဝ၉ဝ၆၄၃] ကိုင်ဆောင်သူမှ ကန်ထရိုက်တာဦးမြင့်အောင်[၁၂/တမန(နိုင်)ဝဝ၆၇၆၈] ကိုင်ဆောင်သူအား ၁၅-၁၂-၂၀၁၃ နှင့် ၆-၅-၂၀၁၅ရက်တို့တွင် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူလုပ်ငန်းအပ်နှံခြင်း ကတိစာချုပ်များအား ချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ချုပ်ဆိုပြီးနောက် ကန်ထရိုက်တာ ဦးမြင့်အောင်အား အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်နိုင်ရန် မြေရှင်ဖြစ်သူ ဒေါ်တင်တင်လှိုင်မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၅၄၀၉/၂၀၁၅)ကို ၇-၅-၂၀၁၅ရက်တွင်လည်းကောင်း၊ ၁၉-၁-၂၀၁၆ရက်တွင် ၆၅၅/၂၀၁၆ဖြင့်လည်းကောင်း အထူးကိုယ်စားလှယ်လွှဲစာ (၂)စောင်အား လွှဲအပ်ပေးခဲ့ပါသည်။

ကန်ထရိုက်တာဦးမြင့်အောင်သည် မြေရှင်နှင့် ချုပ်ဆိုသော စာချုပ်ပါ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ မြေရှင်ဖြစ်သူအား စာချုပ်ပါ သတ်မှတ်ရက်အတွင်း အဆောက်အအုံအား လက်ရောက်အပ်နှံခြင်း မရှိပါသောကြောင့် အထက်ဖော်ပြပါမြေရှင်မှ လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာ(၂)စောင်အား မြေရှင်ဖြစ်သူဒေါ်တင်တင်လှိုင်မှ ဤကြော်ငြာပါသည့် ယနေ့မှစ၍ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်းနှင့်ကန်ထရိုက်တာဦးမြင့်အောင်ထံမှ ဝယ်ယူထားသည့်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ကန်ထရိုက်တာနှင့်သာ ဖြေရှင်းကြရန် မြေရှင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်တင်တင်လှိုင်မှ လွှဲအပ်ထားသည့်အထူးကိုယ်စားလှယ်လွှဲစာကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း ကန်ထရိုက်တာဦးမြင့်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တဉ္စာဦး အထက်တန်းရှေ့နေ (စဉ်-၂၆၁၄၉)**
**အမှတ်-၀၀၅၊ တိုက်(က-၁)၊ ဇာလီတောင်အိမ်ရာ၊ သုမင်္ဂလာလမ်း၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**




# YAN PAE Corn Starch ရန်ပယ် ပြောင်းဖူးကော်မှုန့်

ပြောင်းစိုက်တောင်သူများ၏ အနာဂါတ် နိုင်ခံ့ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

လုပ်ငန်းသုံးပြောင်းကော်မှုန့် စားသောက်ကုန် ကုန်ကြမ်းများ ဝယ်ယူရရှိနိုင်ပါသည်။

၁၀၀% ပြောင်းကော်မှုန့်စစ်စစ်ဖြစ်ကြောင်း အာမခံပါသည်။



Made in Myanmar

'ပြည်တွင်းဖြစ်ကိုအားပေးပါ'

## ပြောင်းဖူးကော်မှုန့်အသုံးဝင်ပုံ

- ပြောင်းဖူးကော်မှုန့်ကို ဟင်းလျာများချက်ပြုတ်ရာတွင် အရသာအထူးကောင်းမွန်ရန် သင့်လျော်သည့် အချိုးအစားထည့်၍ အသုံးပြုနိုင်ပါသည်။
- အသား၊ ငါး၊ ပုစွန် နှင့် အခြားဟင်းသီးဟင်းရွက်များကြော်ရာတွင် အနှစ်ကပ်ကြော်၍ စားသုံးနိုင်ပါသည်။
- ဘီစကစ်၊ ကိတ်မုန့်နှင့် အခြား မုန့်အမျိုးမျိုး ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။
- ပြောင်းဖူးခေါက်ဆွဲ၊ ပြောင်းဖူးကြာဇံ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။
- ပြောင်းဖူး ကျောက်ကျောအဖြစ် ကော်မှုန့်၊ သကြား၊ ရေနှင့် အခြားတန်ဆာပလာများထည့်၍ ကျိုချက်စားသုံးနိုင်ပါသည်။
- ပဲတို့ဟူးပြုလုပ်ရာတွင် ပိုမိုအရသာရှိစေရန် ပြောင်းဖူးကော်မှုန့်ရောနှော၍ အသုံးပြုနိုင်ပါသည်။
- အဆင့်မြင့် ဇီစကီ ချက်လုပ်ခြင်းများတွင် အသုံးပြုနိုင်ပါသည်။
- ဆေးဝါးစက်ရုံများတွင် ဆေးပြား၊ ဆေးတောင့်ပြုလုပ်ရာတွင် B.P Grade Corn Starch အသုံးပြုနိုင်ပါသည်။

**ဘေးထွက်ပြောင်းစပတ်များ တိရစ္ဆာန်အစာချက်ရန် ရောင်းချပေးပါသည်။**

**Product & Marketed By** - SuperOne Holdings Co., Ltd.
အမှတ် (၆၆)၊ ၁၂၄ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 01-290702, 09-5413291

**Manufacturing By** - ပြောင်းဖူးကုန်ကြမ်းကုန်ချောထုတ်လုပ်စက်ရုံ (ရန်ပယ်)၊ ပရပ်ကြယ်ကျေးရွာ၊ တောင်တွင်းကြီးမြို့၊ ဖုန်း - 01-202256, 09-421040243

## မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

## ★STAR★

ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330

## ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-500 5916
09-730 97123

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်(၆၆၁/ခ)၊ မြေကွက်တည်နေရာ-အမှတ်(၆၆၁/ခ)၊ မေခါဝီလမ်း၊ (ဆ)ရပ်ကွက်၊ ဦးအေးဟန်(၁၂/ဥကမ(နိုင်)၀၁၀၇၉၀)အမည်ပေါက်-နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးအေးဟန်ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃/၂၀၁၅)(၁၉-၈-၂၀၁၅)ဖြင့်ရရှိသူဦးအောင်မျိုးလွင် (၁၂/ဥကမ(နိုင်)၀၁၄၂၂၈)မှ ပုဇွန်တောင်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ်(၅၇၆၈)(၂၅-၄-၂၀၁၇)ဖြင့်ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာနှင့်ဦးအေးဟန်အမည်ပေါက်ဂရန်မူရင်းပျောက်ဆုံးခြင်းနှင့်မြေပြင်တွင်(၂)ဆပ်တိုက်(၁)လုံးရှိ၍လျှောက်ထားသူကိုယ်တိုင်နေထိုင်ကြောင်းတွေ့ရှိရသဖြင့်အရောင်းမြေပုံကူးလျှောက်ထားမှုအပေါ်တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မီး သတိပြု






အရွှေတောင်အာရှမှာ အကြီးဆုံးနဲ့
ဝန်ဆောင်မှုအကောင်းဆုံးပေးမည့်

NEW SAMSUNG ICONIC CUSTOMER SERVICE PLAZA

ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ဇွန်လ ၂၂ရက်မှ ၃၀ရက်အတွင်း Software နှင့်ဆိုင်သော ပြဿနာများအတွက် အခမဲ့ဝန်ဆောင်မှု ပေးနေပါပြီ။

တနင်္လာ မှ သောကြာ : နံနက် ၉:၀၀ နာရီမှ ညနေ ၆:၀၀ နာရီထိ
စနေ : နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီထိ

Call Center
01 2399 888
(Mon-Sun)
7AM to 11PM

အမှတ်-၂၇ (အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၃၉၉ ၈၈၈

samsungmobilemyanmar
samsungmyanmar
mySamsung.com/mm
samsung.com/mm

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကိုရီးယား ဂျင်ဆင်းအားဆေး . . . Feel the Difference with

REVITAL

Daily Health Supplement

စိတ်ဖိစီးမှုများခြင်း အားအင်ကုန်ခမ်းခြင်း ပင်ပန်းနွမ်းနယ်ခြင်း

REVITAL GINSENG PLUS

1 capsule a day

GINSENG MINERALS Vitamins

SUN PHARMA

ရီဗိုက်တယ် ဖြင့် ဘဝကို ကောင်းမွန်စွာဖြတ်သန်းလိုက်ပါ . . .



ပညာချွန်

ပြည်နယ် နှင့် တိုင်းဒေသကြီးများတွင်စစ်ဆေးခဲ့သော
၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ မေးခွန်း ၅၁ စုံ

သင်ရိုးအတိုင်း အမှတ်ပေးစည်းမျဉ်းနှင့်အညီ အခန်းလိုက်မေးခွန်းနံပါတ်စဉ်အတိုင်း စုစည်းပြုစုထားသည်။ အမြို့မြို့အနယ်နယ်မှစာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

စနစ်သစ် GRADE 8

အငြမတန်း မေးခွန်းဟောင်းနှင့် စံပြုအဖြေများ

ပညာဗိမာန်(ပညာချွန်) စာအုပ်တိုက်

အမှတ်(၂၂၈)၊ အနော်ရထာလမ်း နှင့် ၃၉လမ်း(အထက်) ထောင့်ချိုး

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁- ၂၅၃ ၁၄၃၊ ၀၁- ၉၁၉၀၄၀၂၊ ၀၉- ၅၁၃၆၇၄၆၊ ၀၉- ၄၅၅၁၆၀၁၅၀



ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်း အဲကွန်း
ရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဇညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၄၄

၁၃၀၀၀ ကျပ်
၂၀၀၀၀ ကျပ်



စီးပွားပန်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း

Basic Mobile Software Training

မိုဘိုင်းဖုန်းဆော့ဖ်ဝဲသင်တန်း

ပုံမှန်သင်တန်းကြေး(၁၅၀,၈၀၀/-) ယခု(၁၀၀,၀၀၀/-)

တန်းခွဲသစ်များ(3.7.2017)စမည်။ လစဉ်တန်းခွဲသစ်ရှိသည်။

မြို့ထဲ ။ (၁၀၃)(ဒုလွှာ)၊ ၄၂ -လမ်းထိပ်၊မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
လှည်းတန်း ။ တိုက် (၂၃)၊ အခန်း(A- 4) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

09- 5118647,09- 73009869,09- 73013432



ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821



တရုတ်
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall
စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636
09 420230133



ZAMBUYADANA CO., LTD. WOOD BASE INDUSTRY

PYINKADO CONVERSIONS
TEAK LAM PARQUET
TEAK TONGUE & GROOVE (T&G)
PYINKADO CONVERSIONS
Board
PADAUK TONGUE & GROOVE (T&G)

ပေါင်းပြီး လျှာထိုး ပါကေး တံခါးကျည်းဘောင်များရရှိနိုင်ပါသည်။ သင်လိုသလို ခွဲစိပ်ပေးသည်။

Our Major Products :
Scantling & Moulding (S4S),
Board,Boat Decking, Anti Slip,
Finger Jointed,Lam Parquet,
Rubber Jointed Tongue &
Groove (T&G) Flooring
Tongue & Groove (T&G) Flooring

TEAK SUPER DECKING
TEAK DECKING

521, Mogoke Street, Industrial Zone (1), Dagon Myothit (South)
Hp : (95-9) 510 7832, (95-9) 550 5855, Tel : (95-1) 591336, (95-1) 2348241,
Email : zbuyadana@gmail.com


## ဒေါ်အယ်လ်နန်ဘောက်၊ ဒေါ်အယ်လ်နန်ကိုင်၊ ဒေါ်အယ်လ်ထူးရော်နှင့် ၎င်းတို့၏ကိုယ်စားလှယ် ဦးလဖိုင်ခွန်ဆာတို့အား အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III)ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၅၄)၊ မြေယာအမှတ်(၁၇၂)၊ မြေဧရိယာ(၂. ၃၇)ဧကဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်များကို တရားရုံးအဆင့်ဆင့်၏ စီရင်ချက်အမိန့်နှင့် ဒီကရီများအရ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ရိပ်သာလမ်း၊ အမှတ်(၁၅၅)နေ ဒေါ်ဘေဘီမိနန်(ခ)ဒေါက်တာမီနန်ဆိုင်းရော်[၁၂/ကတတ(နိုင်)၀၁၁၂၈၁]ပိုင်ဆိုင်ကြောင်း အမိန့်ချမှတ်ထားခဲ့ပြီး အဆိုပါမြေကွက်နှင့်စပ်လျဉ်းသည့် မြို့မြေဂရန်မူနံပါတ်[၈၂/၁၉၆၇-၁၉၆၈]အရ ဗိုလ်မှူးကြီး အယ်လ်ခွန်နောင်ပါ (၆)ဦး အမည်ပေါက်လျက်ရှိသည့် မြေဂရန်မူရင်းကို ပြင်ဦးလွင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၃၀/၂၀၁၁)အမှုမှ တရားပြိုင် ဒေါ်အယ်လ်နန်ဘောက်၊ ဒေါ်အယ်လ်နန်ဒွဲနှင့် ဒေါ်အယ်လ်ထူးရော်တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာမွန်အိမ်ရာ၊ အမှတ်(၅၁)နေ ဦးလဖိုင်ခွန်ဆာ[၁/မကန(နိုင်)၀၁၁၂၃၈]က ထုတ်ယူသွားခဲ့ပါသည်။ အထက်ပါမြေဂရန်မူရင်းကို ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ပိုင်ဆိုင်ခွင့်ရရှိထားသူ ဒေါ်ဘေဘီမိနန်(ခ)ဒေါက်တာမီနန်ဆိုင်းရော်ထံသို့ မပျက်မကွက် လာရောက်ပေးအပ်ခြင်းပြုပါရန်နှင့် လိုက်နာခြင်းမရှိ ပျက်ကွက်ခဲ့ပါက အမြန်ဆုံးအရေးယူဆောင်ရွက်ရန် အထက်မှ ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၄၀)**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

## လူပျောက်ကြော်ငြာ



ဦးအောင်သောင်း၏သား မောင်ထွန်းထွန်းအောင်(ခ)တက်ပုသည် ၁၁-၆-၂၀၁၇ ရက် ည ၈း၃၀ နာရီကားဖြင့် ရန်ကုန်မှ မော်လမြိုင်သို့အသွား ဘီးလင်းတိုးဂိတ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၅၇၂၀၁၀၊ ၀၉-၅၀၀၇၉၆၃၊ ၀၉-၄၂၀၂၂၁၅၁၈**

## ကန့်ကွက်နိုင်ပါသည်

လှိုင်သာယာမြို့နယ်၊ အတွင်းပဒံရပ်ကွက်၊ ရွှေမကျည်းပင်လမ်း၊ အကွက်အမှတ်-၂၉၇၊ မြေဧရိယာပေ(၂၀× ၆၀) မြေကွက်ကို ဦးသာဒေး အမည်ပေါက်စလစ်မူရင်း နှင့် စပ်ဆက်စာချုပ်များအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစန်းဌေး(ဘ)ဦးထွန်းရီ(၁၂/လသယ(နိုင်)၀၀၃၇၀၁) ဝယ်ယူပိုင်ဆိုင်ရရှိခဲ့ပါသည်။ အဆိုပါ အိမ်ခြံမြေပိုင်ဆိုင်မှု စာရွက် စာတမ်းမူရင်းများအား မိဘများထံအပ်နှံထားရာ မိဘများ ဆုံးပါး သွားချိန်တွင် ပျောက်ဆုံးပျက်စီးသွားပါ၍ သက်ဆိုင်ရာသို့ စလစ်/ပါမစ် မိတ္တူမှန် ပြန်လည်လျှောက်ထားရန်ရှိပါသဖြင့် ကန့်ကွက်လိုသူများ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ဦးဝင်းမင်းဇော်(LL.B) (စဉ်-၄၅၅၆၇)
အထက်တန်းရှေ့နေ
အမှတ်(၂၄၇)၊ရတနာရွှေကျောင်းလမ်း၊
အတွင်းပဒံကျေးရွာ၊ လှိုင်သာယာမြို့နယ်။


မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်



လူကြီးမင်း
CELL PHONE VILLA

နာမည်အကြီးဆုံး Brand တွေရဲ့ တန်ဖိုးအကြီးဆုံး
Handset များကို အပတ်စဉ် ကံထူးနိုင်မည့် အခွင့်အရေး

July 1 → August 31
(၂) လဆက်တိုက်

HOTLINE NUMBER : 09 4533 44800

# တစ်လပြည့်ကုသိုလ်ပြု လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

## ဘုရား၊ ရဟန်း၊ ပိဋကတ်သုံးပုံ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ အလှူဒါယကာကြီး

## ကွယ်လွန်သူ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)

## သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

## အသက်(၉၀)၊ မြစ်သားမြို့

ကျေးဇူးရှင် ဖခင်ကြီး ဦးမျိုးညွန့်သည် ၂၆-၅-၂၀၁၇ရက် (သောကြာနေ့) ည ၉း၂၅နာရီတွင် သတ္တဝါတို့ မလွန်ဆန်နိုင်သော ဖြစ်ပျက်နှစ်တန်လောကဓံအရ အေးချမ်းစွာ ကွယ်လွန်ခဲ့ပါသည်။

ဖခင်ကြီးသည် သာသနာရေးဝန်ကြီး တာဝန်ထမ်းဆောင်ချိန်၌ နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ဗုဒ္ဓမြတ်စွာ သာသနာတော် တည်တံ့ထွန်းကားပြန့်ပွားရေးဆောင်ရွက်ခြင်း၊ ၁၉၉၅ ခုနှစ်တွင် ဗုဒ္ဓဘုရားရှင် ဖွားမြင်ရာ နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်၌ ပြည်သူများ၏ ကုသိုလ်အဖြစ် တည်ထားသော “လောကမဏိစူဠာစေတီတော်”အား အကြီးအကဲများနှင့်အတူ ရွှေထီးတော်တင်လှူခြင်း၊ တရုတ်နိုင်ငံ ပီကင်းမြို့မှ “ဗုဒ္ဓမြတ်စွယ်တော်”အား ပြည်သူများ ဖူးမြော်နိုင်ရန် ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တစ်ကြိမ် ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်း စသော ထူးခြားသည့် ပြည်တွင်းပြည်ပ သာသနာပြုကုသိုလ်များပြုခဲ့ခြင်း၊ ဖခင်ကြီး ကွယ်လွန်သည့် ၂၆-၅-၂၀၁၇ ရက်မှစ၍ မိသားစုမှ ပြုခဲ့သော ရည်စူးကုသိုလ်များ၊ တစ်လပြည့် ၂၆-၆-၂၀၁၇ ရက်တွင် ဖခင်ကြီးအား ရည်စူး၍ နေအိမ်၌ ဗုဒ္ဓဘုရားရှင်အား ဆွမ်းခဲဖွယ်များ ကပ်လှူခြင်း၊ သံဃာတော်မြတ်(၁၀)ပါးအား ဆွမ်း၊ သင်္ကန်း၊ ဆေး၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်အမျှပေးဝေခြင်း၊ ရဲဘော်ရဲဘက်၊ မိတ်ဆွေသင်္ဂဟများအား ဧည့်ဝတ်ပြုလှူဒါန်းခြင်း။

ထိုသို့ ဖခင်ကြီး ကိုယ်တိုင်ပြုခဲ့သော သာသနာပြုကုသိုလ်များ၊ ကျန်ရစ်သူမိသားစုမှ ရည်စူး၍ ပြုပေးသော “ဒါန၊ သီလ၊ ဘာဝနာ” ကုသိုလ်အစုစုတို့ကို ဖခင်ကြီးအား ကုသိုလ်အမျှ(၃)ကြိမ် ပေးဝေပါသည်။ ဖခင်ကြီး ရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ ကြားသိ၍ သာဓု(၃)ကြိမ်တိုင် ခေါ်ဆိုနိုင်ပြီး အသခ်တဓာတ်မြတ်သော နိဗ္ဗာန်သို့ သံသရာခရီးတိုတိုဖြင့် ရောက်ရှိဝင်စံနိုင်ပါစေ။

ဖခင်ကြီး ဦးမျိုးညွန့်နှင့်တကွ သံသရာခရီးသည်များအား (ကုသိုလ် အမျှ၊ အမျှ၊ အမျှ)ပေးဝေပါသည်။

(သာဓု၊ သာဓု၊ သာဓု)ခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူဇနီး ဒေါ်ခင်လှတင်နှင့် သားသမီး၊ မြေး-မြစ်(မိသားစု)**

# (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဦးမောင်မောင်ချစ်(U Charlie)

## ကုန်သွယ်ရေး(ငြိမ်း)

(ဦးဘိုးဆိုင်-ဒေါ်မြင့်)တို့၏သား ဦးမောင်မောင်ချစ်(U Charlie) ကွယ်လွန်သည်မှာ ၂၆-၆-၂၀၁၇ ရက်တွင် (၁၀)နှစ်ပြည့်သော်လည်း နေ့စဉ်အမှတ်ရ တမ်းတဆဲပါ၊ မောင်ချစ်အား ရည်စူးပြီး နေ့စဉ်လစဉ် (၁၀)နှစ်ပြည့် ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ချစ်ဇနီး** - Genevieve (Daw Jenny)
မီးရထားအငြိမ်းစား

**သား၊သမီးများ** - Glanville,Alfred
Thelma,(Vincent)
Perth.W.Australia

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမျိုးမြင့်

## ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်

## ဒုတိယဝန်ကြီး(ငြိမ်း)

## (နိုင်ငံခြားရေး၊ ပညာရေး)

## အသက်(၆၄)နှစ်

အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ၊ ဒေါက်တာမျိုးမြင့် (ဒုတိယဝန်ကြီး၊ ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်္ဂလိပ်စာဌာနမိသားစု**
**မော်လမြိုင်တက္ကသိုလ်**

# မီးဘေးရှောင် မလောင်ခင်တား

## မြေညီထပ်ငှားမည်

လသာမြို့နယ်၊ လသာလမ်း(အထက်လမ်း)၊ မြန်မာနိုင်ငံစာစစ်ရုံး မျက်စောင်းထိုး ပေ(၁၂½×၆၀)၊ မြေညီထပ်၊ ၂၂သိန်း။

**ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မတူးတူးမာ (ခ) ခင်ဝါဝါငွေ ၁၂/ကတတ(နိုင်) ၀၂၅၆၄၈ ကိုင်ဆောင်သူ၏ Passport No. MA 490170 စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph : 09785014072

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကျေးရွာ၊ ကျောင်းလမ်းနေ ဦးကျော်လွင်-ဒေါ်ငွေစန်းတို့၏သမီး မသူဇာသင်းအား ယနေ့မှစ၍ မသူဇာဝင်းဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံး

ကျွန်တော်၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် (ရန်-၈၇၇၁/၁၄)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၃၉၅၁၁**

## ဖခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် (အထက) မြောင်းတကာ၊ မှော်ဘီမြို့နယ်၊ ဒသမတန်း(C)တွင် ပညာသင်ကြားသော မောင်ဇော်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ဖြစ်ပါသည်။

**ဦးကျော်ကျော်နိုင်[၁၂/မဘန(နိုင်)၁၁၀၀၁၉]**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးသောင်းစိန် (ခ) တင့်ကျော် ၁၂/ကတတ(နိုင်)၀၃၂၂၇၇ ကိုင်ဆောင်သူ၏ Passport No. MA 490147 စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph : 09250641132

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

## ဒါယိကာမကြီး

## ဒေါ်နန်းခမ်းစိန် (ခ) ဒေါ်အီဆောင်

## အသက်(၇၃)နှစ်

ဦးကျော်ထွန်းနိုင် - ဒေါ်ရီရီ၊ ဦးစိုင်းဝင်းလှိုင် - ဒေါ်ကေသီတို့၏ မိခင်ကြီး ဒေါ်နန်းခမ်းစိန် (ခ) ဒေါ်အီဆောင် အသက်(၇၃)နှစ်သည် (၂၄.၆.၂၀၁၇)ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြင့်မြတ်ထွဋ်ခေါင်အင်တာနေရှင်နယ်ကုမ္ပဏီမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ကန်တော့ခံသက်ကြီး ဂီတပညာရှင်**
### ဂန္ထဝင်တေးသံရှင် အဆိုတော်ကြီး ဦးအံ့ကြီး
**အသက် (၉၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ခြံအမှတ် (၁၃၀) နေ ဒေါ်မေညွန့်၏ခင်ပွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးရေအေး (ဦးဘသိန်း Studio)၏ ဘကြီးဖြစ်သူ ဂန္ထဝင်တေးသံရှင် အဆိုတော်ကြီး ဦးအံ့ကြီးသည် ၂၃-၆-၂၀၁၇ (သောကြာနေ့) ည ၉း၂၅နာရီတွင် ပါရမီအထူးကုဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်နန်းခမ်းစိန်(ခ)ဒေါ်အီဆောင်
**အသက် (၇၃) နှစ်**

ဒေါ်နန်းဖောင်ခမ်း၊ ဦးစိုင်းဝင်းလှိုင်-ဒေါ်ကေသီ၊ ဦးမြင့်သူ-ဒေါ်နန်းအွမ်ခမ်း၊ ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီတို့၏ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီးသည် ၂၄-၆-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြင့်မြတ်ထွဋ်ခေါင်ဆောက်လုပ်ရေးကုမ္ပဏီမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာမျိုးမြင့် Ph.D, Scotland, Edinburgh (UK)**
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း)၊ (နိုင်ငံခြားရေး၊ ပညာရေး)**
**အသက် (၆၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘွဲ့နှင်းသဘင်လမ်း၊ အမှတ် (၁)နေ ဒေါက်တာမျိုးမြင့်[အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ဒုတိယဝန်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေး၊ ပညာရေး၊ ဝန်ကြီးဌာန]သည် ၂၀-၆-၂၀၁၇ (အင်္ဂါ နေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်္ဂလိပ်စာဌာန၊ ပဲခူးတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာမျိုးမြင့် Ph.D, Scotland, Edinburgh (UK)**
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း)၊ (နိုင်ငံခြားရေး၊ ပညာရေး)**
**အသက် (၆၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘွဲ့နှင်းသဘင်လမ်း၊ အမှတ် (၁)နေ ဒေါက်တာမျိုးမြင့်[အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ဒုတိယဝန်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေး၊ ပညာရေး၊ ဝန်ကြီးဌာန]သည် ၂၀-၆-၂၀၁၇ (အင်္ဂါ နေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတက္ကသိုလ်မိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
### ဦးအောင်ကျော်သန်း(ခ)ပါကြီး (၆၃) နှစ်

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရတနာသိခ်လမ်း၊ အမှတ်(၁၆)နေ ဗိုလ်ကြီးအုန်းကျော် [တပ်မတော်-လေ(ငြိမ်း)-ဒေါ်ပု(အမေပုဆန်ဆိုင်၊ မင်္ဂလာဒုံဈေး)]တို့၏သား၊ [ဦးတင်ရွှေ (ဆေးအရာခံဗိုလ်-ငြိမ်း)]-ဒေါ်တင်ရီ တို့၏ သားသမက်၊ ဒေါ်နီလာရွှေ၏ခင်ပွန်း၊ဦးမျိုးဇော်ဦး(ကထိက၊အင်္ဂလိပ်စာဌာန၊ မအူပင်တက္ကသိုလ်)-ဒေါ်အိရွှေစင်သိန်း(ကထိက၊ အင်္ဂလိပ်စာ ဌာန၊ အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်)၊ ဦးမျိုးမင်းဦး (အိမ်ခြံမြေရောင်းဝယ်ရေး)၊ ဦးသီဟကို-ဒေါ်နှင်းအိခိုင်(ခ)မီးမီးတို့၏ ဦးလေး၊ မောင်ထွဋ်မြတ်ဦး (T.T.C)၊ မယွန်းစန္ဒီဦး(ILBC)၊ မောင်ချမ်းမင်းထွဋ်(ILBC)၊ မောင်အဂ္ဂမင်းသန့်တို့၏ ဘိုးလေးသည် ၂၃-၆-၂၀၁၇ (သောကြာနေ့) ည၁၀း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်ချို (၅၅)နှစ်

သာယာဝတီမြို့နေ ဦးအောင်သိန်း-ဒေါ်သန်းမြင့်တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးကြီးရွှေ-ဒေါ်ခင်ကြည်တို့၏သမီးချွေးမ၊ ဦးတင်မောင်ရွှေ၏ဇနီး၊ ဗိုလ်ကြီးဟိန်းသက်ဇော်အောင်-မဖြူသက်နှင်းတို့၏မိခင် ဒေါ်ချိုသည်၂၄-၆-၂၀၁၇ရက် ၀၀း၀၅နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ ရက် ညနေ ၃ နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၇ (သောကြာနေ့)တွင် အမှတ်(၃၃၁)၊ ပိတောက်လမ်းသွယ်၊ အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးတင်မောင်ရွှေ၏နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်**
**ကျောင်းဒါယိကာမကြီး**
**ဒေါ်နန်းခမ်းစိန် (ခ) ဒေါ်အီဆောင်**
**အသက်(၇၃)နှစ်**

ဦးစိုင်းဝင်းလှိုင် - ဒေါ်ကေသီ၊ ဦးကျော်ထွန်းနိုင် - ဒေါ်ရီရီတို့၏ မိခင်ကြီး ဒေါ်နန်းခမ်းစိန် (ခ) ဒေါ်အီဆောင် အသက်(၇၃)နှစ်သည် (၂၄-၆-၂၀၁၇)ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

EVER YOUNG GROUP မိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်နန်းခမ်းစိန်(ခ)ဒေါ်အီဆောင်
**အသက် (၇၃) နှစ်**

ဒေါ်နန်းဖောင်ခမ်း၊ ဦးစိုင်းဝင်းလှိုင်-ဒေါ်ကေသီ၊ ဦးမြင့်သူ-ဒေါ်နန်းအွမ်ခမ်း၊ ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီးသည် ၂၄-၆-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Michelia Trading Co., Ltd**
**Hong Yang Fuel Dispenser,Tominaga Fuel Dispenser**
**Michelia Group of Co., Ltd**

---

**အလ္လာဟ်သျှပ်မြတ်အမိန့်တော်ခံယူခြင်း**
### ALHAJJA SHARIFAH (ခ)
### ဟာဂျီမဒေါ်ခင်မျိုးညွန့် (ခ) ဒေါ်ဘေဘီ (၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၄၈/A7) နေ ဟာဂျီဦးဖေမြင့်၏ဇနီး၊ ဦးညွန့်ဝင်းမြင့် (U.S.A)-ဒေါ်စန္ဒာမျိုးသူဝင်း (U.S.A)၊ ဦးညွန့်မင်းမြင့်(U.S.A)တို့၏ မွေးသမိခင် ဟာဂျီမဒေါ်ခင်မျိုးညွန့်(ခ) ဒေါ်ဘေဘီသည် ၂၃-၆-၂၀၁၇ရက် ညနေ ၆း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၄-၆-၂၀၁၇ရက်တွင် ပိန္နဲကုန်းဂျာမေဗလီကြီး၌ ဗဟိုနာမွာဇ်ရွတ်ဖတ်ပြီး ရေဝေးကာဘရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
### ဦးအောင်ကျော်သန်း(ခ) ပါကြီး (၆၃)နှစ်

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရတနာသိခ်လမ်း၊ အမှတ်(၁၆) နေ [ဗိုလ်ကြီးအုန်းကျော် (တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ပု(အမေပုဆန်ဆိုင်၊ မင်္ဂလာဒုံဈေး)]တို့၏သား၊ [ဦးတင်ရွှေ (ဆေးအရာခံဗိုလ်-ငြိမ်း)]-ဒေါ်တင်ရီတို့၏သားသမက်၊ ဦးလှမြင့် (တရားရုံးချုပ်၊ ညွှန်မှူး-ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)-ဒေါ်ညွန့်ညွန့်၊ ဦးတင်ဦးတို့၏ ညီ/မောင်၊ ဦးသိန်းဇော်-ဒေါ်အေးအေးထူး(ဒု-ဦးစီး၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဒေါ်သန်းသန်းမော် (အမေပုဆန်ဆိုင်-မင်္ဂလာဒုံဈေး)၊ ဒေါ်ဝင်းဝင်းမော်(အထက-၅၊ မင်္ဂလာဒုံ)၊ ဒေါ်အေးအေးမော်၊ ဦးအောင်ကျော်သူ(ခေတ္တ-UK)-ဒေါ်နီလာလွင် (ခေတ္တ-UK)၊ (ဦးသော်တာအောင်)တို့၏အစ်ကို၊ ကိုမြတ်သူအောင်-မဝင့်ဝါရွှေ (Zeta အလှပြင်ဆိုင်)၊ ကိုချမ်းမြေ့အောင်-မမေမိုးဟန်၊ ကိုသန်းဟန်စိုး-မအိခွာညို (မြတ်ခွာညိုအထည်ဆိုင်)တို့၏ ချစ်လှစွာသောဖခင်၊ မသက်မှူးသဲထွဋ်(ခ)လုံးလုံး၊ မရွှေစကားတို့၏ အဘိုး၊ ဒေါ်နီလာရွှေ၏ခင်ပွန်းသည် ၂၃-၆-၂၀၁၇ (သောကြာနေ့) ည ၁၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တ ဝီရိယ မဟာထေရ်
### သိက္ခာတော် (၅၈)ဝါ၊ သက်တော် (၇၈)နှစ်
**လက်ပံပင်ကျောင်းတိုက်၊ စလင်းမြို့နယ်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ လက်ပံပင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝီရိယ မဟာထေရ်အရှင်သူမြတ်သည် (၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်) ၂၁-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ရက်) ၃၀-၆-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တ သီဟဗလ
### သိက္ခာတော် (၂၅)ဝါ၊ သက်တော် (၇၂)နှစ်
**(ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ တောင်ညိုကျေးရွာ)**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ မင်းပိုင်းရပ်ကွက်၊ ရတနာဇေယျာပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူသော ဘဒ္ဒန္တ သီဟဗလသည် (၁၃၇၉ ခုနှစ်၊ နယုန်လကွယ်) (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်) (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ သီတင်းသုံးဖော်များ၊ ဆွေတော် မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ကျန်ရစ်သူမိသားစု

---

### ဒေါ်လှစိန် (၉၃)နှစ်
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၃) ပုဇွန်တောင်**
**အထက်တန်းပြ(ငြိမ်း)၊ အထက(၁) ကမာရွတ်၊ အထက(၁) ပုဇွန်တောင်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်ပူလမ်း၊ အမှတ်(၂၀)၊ မြေညီထပ်နေ (ဦးဘရွှေ-ဒေါ်မမကြီး)တို့၏ ဒုတိယသမီး၊ (ဦးတင်ညို)၏ ဇနီး၊ ဒေါက်တာအောင်မင်း-ဒေါက်တာအေးအေးလှ၊ (ဦးသိန်းဆွေ-ဒေါ်ခင်ညိုလေး)၊ ဦးအောင်ဘော်၊ ဦးအောင်သန်း-ဒေါ်စန်းလေး၊ ဦးခင်မောင်မောင်-မအေးအေးသန့်၊ ဒေါ်ခင်မမညို၊ ဦးစိုးလွင်ဦး-ဒေါ်အေးအေးသန့်၊ ဒေါ်အေးထွေးညိုတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်လှစိန်သည် ၂၄-၆-၂၀၁၇ ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူသား/သမီးတစ်စု

---

### ဒေါ်လှစိန် (၉၃)နှစ်
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၃) ပုဇွန်တောင်**
**အထက်တန်းပြ(ငြိမ်း)၊ အထက(၁) ကမာရွတ်၊ အထက(၁) ပုဇွန်တောင်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်ပူလမ်း၊ အမှတ်(၂၀)၊ မြေညီထပ်နေ (ဦးဘရွှေ-ဒေါ်မမကြီး)တို့၏သမီး၊ သား/သမီး ရှစ်ယောက်တို့၏မိခင်၊ ကိုမင်းကျော်သူဟိန်း၊ မလွင်မိုးအောင်၊ ကိုဝင်းနိုင်၊ ကိုဇော်ဝင်းပိုင်၊ မနှင်းထွေးလှိုင်၊ ကို Andrew ဘော်၊ ကိုထွန်းလင်းဘို၊ မတင်တင်အေး၊ ကိုညီညီလင်း၊ ကိုအောင်ပြည့်စုံ၊ ကိုဖြိုးလှိုင်မောင်၊ ကိုရဲရင့်မောင်မောင်၊ ကိုစိုးလှမင်း၊ ကိုအောင်ဖြိုးသူ၊ ကိုစွမ်းဆက်အောင်၊ ကိုငြိမ်းချမ်းအောင်၊ မယမင်းသန့်၊ မသက်ထားလွင်၊ မဆုဝေဖြိုး၊ မဖြူဖြူကျော်၊ မထွေးဝတ်ရည်၊ မခင်ရတနာကျော်တို့၏အဘွား ဒေါ်လှစိန်သည် ၂၄-၆-၂၀၁၇ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမြေးတစ်စု

---

# "အထူးဝမ်းနည်းကြေကွဲခြင်း"
## ဒေါ်နန်းခမ်းစိန်(ခ)ဒေါ်နန်းအီဆောင်
## အသက်(၇၃)နှစ်

ဦးအိုက်ရီ(ခ)ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်နန်းခမ်းစိန်(ခ)ဒေါ်နန်းအီဆောင် အသက်(၇၃)နှစ်သည် ၂၄-၆-၂၀၁၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေလင်းအောင်-ဒေါ်စန္ဒာထွန်း မိသားစု**

---

# "အထူးဝမ်းနည်းကြေကွဲခြင်း"
## ဒေါ်နန်းခမ်းစိန်(ခ)ဒေါ်နန်းအီဆောင်
## အသက်(၇၃)နှစ်

ဦးအိုက်ရီ(ခ)ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်နန်းခမ်းစိန်(ခ)ဒေါ်နန်းအီဆောင် အသက်(၇၃)နှစ်သည် ၂၄-၆-၂၀၁၇ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ငြိမ်းနှင့်မိသားစု**
**ရွှေစင်လမင်း ကုမ္ပဏီ**

ကြေးမုံ

# ပင်လယ်ရေလှိုင်းရိုက်ခတ်ခံရသည့် လူနေအိမ်များ ယာယီရွှေ့ပြောင်းနေထိုင်ရေး စီစဉ်

**ဟိုင်းကြီးကျွန်း ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ရှိ ကပ္ပလီ(ဒေသအခေါ်) နယ်မြေတွင် ဇွန် ၂၅ ရက် နံနက် ၁၁ နာရီက ပင်လယ်ကမ်းခြေအနီး လူနေအိမ်များအောက်သို့ ပင်လယ်ရေလှိုင်းများ ဝင်ရောက်ရိုက်ခတ်နေကြောင်း သိရသည်။ **(ယာပုံ)**



ကပ္ပလီနယ်မြေတွင် ပင်လယ်ရေလှိုင်း ဝင်ရောက်ရိုက်ခတ်မှုဒဏ်ခံနေရသော လူနေအိမ် ၁၉ လုံးရှိပြီး လက်ရှိအချိန်တွင် ပြိုကျပျက်စီးမှုများမရှိသေးသော်လည်း ဆက်လက်နေထိုင်ရန် မသင့်သည့်အခြေအနေတွင် ရှိသောကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများက ဒေသခံများနှင့် တွေ့ဆုံညှိနှိုင်း၍ ဒေသခံ ဦးမြင့်တင်၏မြေ၌ သုံးလခန့်

**စာမျက်နှာ ၉ ကော်လံ ၂ သို့** ❖

# ယူ-၁၅ ပြိုင်ပွဲ ကွာတားဖိုင်နယ် တက်ရောက်ခွင့် အသင်းများထွက်ပေါ်

**ရန်ကုန် ဇွန် ၂၅**

MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်မည့်အသင်းအများစု ပေါ်ထွက်ခဲ့သည်။

ယနေ့နံနက်ပိုင်းက ကျင်းပသောပွဲများတွင် ကယားပြည်နယ်အသင်းက နေပြည်တော်အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(က) ပွဲစဉ်များအပြီးတွင် ကယားပြည်နယ်အသင်းက သုံးပွဲကစား သုံးပွဲနိုင်၊ ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက သုံးပွဲကစားနှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ညနေပိုင်းကျင်းပသောပွဲများတွင် အုပ်စု(ဂ)၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စု (ဂ) ပွဲစဉ်များအပြီးတွင် မွန်ပြည်နယ်အသင်းက ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။ ထို့ပြင် အုပ်စု (ခ)မှ မန္တလေးတိုင်းဒေသကြီးအသင်း၊ အုပ်စု(ဃ)မှ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့သည် အုပ်စုပွဲစဉ်များပြီးဆုံး

# မန္တလေးမြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ၂၉၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဇွန် ၂၅**

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန် စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ကြီးမှူး၍ (၁၃)ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ **(အောက်ပုံ)** ကို ယနေ့နံနက် ၅ နာရီခွဲက

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❒



# နိုင်ငံတကာရိုးရာ လက်ဝှေ့ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပ မြန်မာနိုင်ငံကိုယ်စားပြု လက်ဝှေ့ကစားသမားများ ရလဒ်ကောင်းများရရှိ

**ရန်ကုန် ဇွန် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှုကြီးမှူး၍ Modern Myanmar Synergy Group & H & S Group မှ စီစဉ်ကျင်းပသော မြန်မာ၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ကမ္ဘောဒီးယားလေးနိုင်ငံပါဝင်သော LETHWEI NATION FIGHT နိုင်ငံတကာရိုးရာလက်ဝှေ့ဖိတ်ခေါ်ပြိုင်ပွဲကြီးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကြီးတွင် ပြည်တွင်းတွဲဆိုင်းနှစ်ဆိုင်းနှင့် ပြည်ပတွဲဆိုင်းငါးဆိုင်း စုစုပေါင်း တွဲဆိုင်းခုနစ်ဆိုင်းဖြင့် ငါးချီယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ○




**စောဂေါ်မူဒို(သတ္တိ) မြန်မာနှင့် ပရော့စမွေ(ခ) ဝီဂျစ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။** ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



